တံခွန်တိုင်
စာ အုပ် တိုက်

# ရာဇဝင်ကို

## ကျွန်တော်နှင့် နှစ်ဆယ့်တစ်ရာစု မိန်းမပျိုများ



မျက်နှာဖုံးဒီဇိုင်း
ဖေသစ်တည်
ထုတ်ဝေသူ
ဦးပြည့်လင်း (၀၄၄၀၃)
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း။
...လာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဒေါ်ရီ-၀၂၀၁၂
မိုးစန္ဒာ ပုံနှိပ်တိုက်၊
အမှတ် ၁၁၉၊ ၃၂-လမ်း
...ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း၊
...လာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
တန်ဖိုး
၄၀၀
အုပ်ရေ
၅၀၀
ထုတ်ဝေသည့်လ
စက်တင်ဘာလ၊ ၂၀၁၃ - ပထမအကြိမ်

**ဒို့တာဝန် အရေးသုံးပါး**

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် [၄] ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး။
- ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ထွန်းလာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် [၄] ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီးခေတ်မီ စက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

**လူမှုရေးဦးတည်ချက် [၄] ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ဖေသစ်တည်
ကျွန်တော်နှင့်နှစ်ဆယ်တစ်ရာစုမိန်းမပျိုများ ၈၉၅.၈၃
ဖေသစ်တည်၊ ရန်ကုန်
တံခွန်တိုင်စာပေ ၂၀၁၃
၂၀၉ စာ၊ ၁၂.၀၀ × ၁၈.၈ စင်တီ
(၁) ကျွန်တော်နှင့်နှစ်ဆယ်တစ်ရာစုမိန်းမပျိုများ



ပြည့်လင်း
ဗီဇဉ်ထူးစေသည် ...



**တံခွန်တိုင်** စာအုပ်တိုက်
အမှတ် ၅၈၊ ၉၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၉၄၆၅၀ / ၀၉ ၇၃၀၆၉၈၂၂/ ၀၉၄၂၀၀၃၉၆၇၈




# ရာဇဝင်ကို



## ကျွန်တော်နှင့် .........

## နှစ်ဆယ့်တစ်ရာစု မိန်းမပျိုများ







သုံးယောက်စလုံးကို ကျွန်တော်ချစ်တယ်

သုံးယောက်စလုံးကလည်း ကျွန်တော့်ကိုချစ်တယ်





သုံးယောက်စလုံးကို ယူလို့မရဘူးလားလောကကြီးရယ်





# အပိုင်း(၁)



ကျွန်တော်

နှင့်

နှစ်ဆယ့်တစ်ရာစုရှားပါးမျိုးစိတ်





## ကျွန်တော်နှင့် နှစ်ဆယ့်တစ်ဂါ၀ံမင်းမပျိုများ

တကယ်ဆိုရင် သူမနဲ့ကျွန်တော့်ရဲ့ တွေ့ဆုံမှုက ရုံးပိတ်ရက် တနင်္ဂနွေတစ်ရက်မှာ စတင်ခဲ့တာပါ။ နောက်ပြီး မေမေရေးတဲ့ ဖူးစာလို့ ပြောရင်လည်းရပါတယ်။

အဲဒီနေ့က မေမေ့ရဲ့ အသက်ငါးဆယ်ပြည့်မွေးနေ့ဖြစ်တဲ့အတွက် ကျွန်တော်တို့မိသားစုသုံးယောက် မဟာသန္တိသုခကျောင်းတိုက်ကို ဆွမ်းပို့သွားကြတယ်။

ဆွမ်းကပ်သီလယူပြီးတော့ မေမေနဲ့ဖေဖေတို့က တရားထိုင်ဦးမယ်ပြောတာနဲ့ ကျွန်တော်က ကျောင်းထဲက အရိပ်ကောင်းတဲ့ သစ်ပင်တစ်ပင်အောက်က ခုံလေးပေါ်မှာထိုင်ရင်း တွေးချင်ရာတွေး ငေးချင်ရာငေးနေခဲ့တာပါ။ အဲဒီအချိန်မှာပဲ နှစ်ဆယ့်တစ်ရာစုမှာ ရှားပါးမျိုးစိတ်ဝင်သွားပြီဖြစ်တဲ့ ကျွန်တော့်ရဲ့ မဟာဆန်သူလေးက ပရာဒိုတစ်စီးနဲ့ ရောက်လာခဲ့တာပါ။

# ရာဇဝင်ဓာဂို

အစတော့ ကျွန်တော်က ကိုယ်နဲ့ မလှမ်းမကမ်းမှာရပ်လာတဲ့ ကားတစ်စီးပေါ်က ဆင်းလာတဲ့သူမကို ဘာရယ်မဟုတ်ကြည့်နေမိတာပါ။ အညိုရောင်ဖျော့ဖျော့ရင်ဖုံးအင်္ကျီတစ်ထည်ကို အညိုရင့်ရောင်လုံချည်တစ်ထည်နဲ့တွဲဝတ်ထားပြီး ပခုံးပေါ်မှာ ယောဂီတဘက်တစ်ထည်ကို တင်ထားတဲ့ သူမကိုတွေ့လိုက်ရတော့ ဩော်. . . ဒီဘက်ခေတ်မှာ ဒီလိုပုံစံလေးလည်း ရှိသေးပါလားဆိုပြီး တွေးလိုက်မိတာကိုတော့ ရိုးသားစွာ ဝန်ခံပါတယ်။ နောက်ပြီးတော့ သူမက ဟိုဘက်လှည့်ရက်အနေအထားနဲ့ ကားပေါ်က ဆင်းလာတာဖြစ်တဲ့အတွက် သူမမျက်နှာကိုလည်း ကျွန်တော်မမြင်ရသေးပါဘူး။ ဖြစ်ချင်တော့ အဲဒီအချိန်မှာပဲ သူမပခုံးပေါ်မှာ တင်ထားတဲ့ တဘက်လေးက လေတစ်ချက်အဝေ့မှာ ကျွန်တော်ရှိရာကို တန်းတန်းမတ်မတ် လွင့်ဝဲလာခဲ့တာပါ။

ပြောရရင်တော့ ဇာတ်လမ်းက အဲဒီမှာစတာပါပဲ။

ကျွန်တော်က ပဝါလေးပဝါလေးကိုကောက်ကာ အနားကိုရောက်လာပြီဖြစ်တဲ့ သူမကို ကမ်းပေးလိုက်ဖို့ မော့ကြည့်လိုက်မိတယ်။ ဒါပေမယ့် ကျွန်တော်မြင်လိုက်ရတာက လတစ်စင်းကိုပါ။ သိပ်ကိုအေးမြတဲ့ အလှတရားတွေနဲ့ လင်းလက်နေတဲ့ လကလေးတစ်စင်းကိုပါ။ ရင်ထဲကိုတောင် သူမရဲ့အေးမြမှုတွေက ချက်ချင်းဆိုသလို ကူးစက်လာခဲ့ပါတယ်။

ကျွန်တော်က တဘက်လေးကိုကမ်းပေးလိုက်တော့ သူမက





အားနာသလိုပုံစံနဲ့ တစ်ချက်ပြုံးပြလာတဲ့အခါမှာ ကျွန်တော်ဘုရားမတမိဖို့ အတော်ထိန်းလိုက်ရပြန်တယ်။

“ကျေးဇူးတင်ပါတယ်”

သူမရဲ့စကားက ဒီလောက်ပါပဲ။ ဒါပေမယ့် ကျွန်တော့်ရင်ထဲမှာတော့ အက်ကိုးသံများစွာနဲ့ ထပ်ခါတလဲလဲ ပဲ့တင်ထပ်သွားတယ်။ ကျွန်တော်သူမကို တစ်ခုခုပြောလိုက်မိသလား၊ ခေါင်းပဲညိတ်ပြလိုက်မိသလားဆိုတာတောင် ကိုယ့်ဘာသာမသိလိုက်ဘူး။ ကျွန်တော့်ကိုယ်ကျွန်တော် သတိထားလိုက်မိတော့ သူမက ကျောင်းဆောင်တစ်ခုထဲကို ဝင်ရောက်ပျောက်ကွယ်သွားခဲ့ပြီ။ ပြီးတော့ ကိုယ့်ဖီးလ်နဲ့ကိုယ်မျောနေတာဆိုတော့ အနားကို ဖေဖေတို့ မေမေတို့ရောက်နေတာတောင် သတိမထားမိလောက်အောင်ပါပဲ။

“ဟဲ့. . . သား၊ မတ်တပ်ကြီးရပ်ပြီး. . . ဘာတွေများငေးနေတာတုန်း”

ရုတ်တရက်ဆိုတော့ ပါးစပ်က လွှတ်ခနဲထွက်သွားတယ်။

“လှလို့ပါ”

“ဟင်!. . . ဘာကလှတာလဲ”

ဒီတော့မှ ကိုယ့်ကိုကိုယ်ပြန်ထိန်းရင်း ကျောင်းဆောင်ကြီးတစ်ခုကိုလက်ညှိုးထိုးပြလိုက်ကာ. . .

“ကျောင်း. . . ကျောင်းဆောင်ကြီးလေ”

“ဩော်. . . အင်း၊ ဟုတ်တယ်၊ လက်ရာကောင်းတယ်နော်၊

မေမေလည်း အဲလိုကျောင်းဆောင်တစ်ခုလောက် လှူရင်ကောင်းမလားလို့ စဉ်းစားနေတာ”

“ဟား. . . လှူပစ်လိုက်၊ စဉ်းစားမနေနဲ့မေမေ၊ သေရင်ဒါမျိုးကမှ ကိုယ့်နောက်ပါမှာ”

ကျွန်တော်လည်း ကျွန်တော့်အရှက်လုံအောင် ကြားဖူးတာတွေ လျှောက်ရွီးလိုက်တယ်။

“အံမယ်. . . မေမေ့သားက ဘယ်ဆိုးလို့လဲ၊ ဒါမျိုးတွေ တောင်သိနေပြီပဲ၊ သာဓု. . . သာဓု. . . နောက်တစ်ခွန်းကိုတော့ ချန်ထားဦးမယ်”

သုံးယောက်သား ရယ်လိုက်မိကြတယ်။

“ကဲကဲ. . . သွားရအောင်၊ နေ့လည်ကျရင်လည်း မိဘမဲ့ဂေဟာမှာ ကုသိုလ်သွားလုပ်ရဦးမှာလေ၊ ပြန်ပြီးပြင်စရာရှိတာ ပြင်ရအောင်”

ဖေဖေနဲ့မေမေက နောက်ခန်းထဲကိုတက်တော့ ကျွန်တော်က ကားမောင်းသူနေရာမှာ ဝင်ထိုင်လိုက်တယ်။ ဒါပေမယ့် မထိုင်ခင်မှာ ကျောင်းဆောင်ကြီးဘက် တစ်ချက်လှမ်းကြည့်မိလိုက်ပါသေးတယ်။ နှစ်ဆယ်တစ်ရာစုရဲ့ ရှားပါးမျိုးစိတ်လေးကိုများ ထပ်တွေ့ရဦးမလားလို့။

## ကျွန်တော်နှင့် နှစ်ဆယ့်တစ်ရာစုမိန်းမပျိုများ

နှစ်ဆယ့်တစ်ရာစုရဲ့ ရှားပါးမျိုးစိတ်တစ်ခုကို ရှာဖွေတွေ့ရှိသွားခဲ့တဲ့ကျွန်တော်ဟာ အစကတော့ အဲဒီမျိုးစိတ်ကို တွေ့ရမြင်ရခဲတဲ့ပုံစံမျိုးလေးမို့ စိတ်ဝင်စားသွားခဲ့ရတာ ဖြစ်ပေမယ့်လို့ နောက်နှစ်ရက်အကြာမှာပဲ သူမနဲ့ထပ်မံဆုံတွေ့လိုက်ရတဲ့ အခါမှာတော့ ဒါဟာ ဖူးစာကြောင့်ဖန်လာတာပဲလို့ ဆိုင်ဆိုင်မဆိုင်ဆိုင်ကိုယ့်ဘာသာကိုယ် တစ်ဖက်သတ် သတ်မှတ်ပစ်လိုက်ပါတော့တယ်။

“သားရေ. . . ရွှေတိဂုံဘုရားကိုသွားပြီး မေမေ့အတွက် ဒီစံပယ်ပန်းကုံးလေးတွေ အင်္ဂါနံထောင့်မှာ သွားလှူပေးစမ်းပါ၊ ဗေဒင်ဆရာက ဟောထားတယ်၊ သားအဖေ စမောဆွဲကိန်းမြင်တယ်တဲ့၊ အဲဒါကြောင့် ယတြာချေရမှာ၊ အားလုံးကိုးကုံးနော်၊ ကျကျန်နေဦးမယ်”

အဲဒီနေ့က ဗေဒင်ဝါသနာအိုး မေမေ့ကြောင့် ရွှေတိဂုံဘုရားကို မသွားချင်သွားချင်နဲ့ ထွက်လာဖြစ်ခဲ့တယ်လေ။ တောင်

# ရှာရဝဒီကို

ဘက်မှန်ကနေ စံပယ်ကိုးကုံးကိုင်ပြီး တက်လာခဲ့တဲ့ ကျွန်တော့် အနားကို သူမက ဆိုက်ဆိုက်မြိုက်မြိုက်ကိုပဲ ရောက်လာခဲ့တာပါ။

"ဒီမှာရှင့်. . . ဒီမှာ"

သူမကို မြင်လိုက်ရတော့ ရင်ထဲမှာ ဒိန်းခနဲဆောင့်ခုန်သွားလိုက်တာများ လှေကားထစ်တွေပေါ်ကနေတောင် နောက်ဘက်ကို ပက်လက်လန်ပြန်ကျသွားမှာ စိုးရတယ်။ ချားရဟတ်စီးသလို ရင်ထဲမှာလည်း အေးခနဲ။

တစ်ပြိုင်တည်းလိုလိုပဲ စိတ်ကလည်း မြူးသွားတဲ့အခါ သူမကို စနောက်ချင်သွားတာနဲ့. . .

"ဟင်. . . ဘယ်. . . ဘယ်မှာလဲဟင်. . . ရှဥ့်က"

"ရှင်!"

ကျွန်တော့်စကားကြောင့် သူမကြောင်သွားပုံရတယ်။

"ဘုရားပေါ်လာပြီး ရှဥ့်ဖမ်းနေတာလားဗျာ."

"မဟုတ်. . . မဟုတ်ဘူးလေ၊ ရှဥ့်ကိုပြောတာမဟုတ်ဘူး၊ ရှင့်ကိုပြောတာ"

"အင်းလေဗျာ. . . ရှဥ့်ဖမ်းနေတာလားလို့"

"မဟုတ်ပါဘူးဆိုရှင်၊ ကျွန်မပြောတာက ဟိုလိုရှဥ့်ကိုပြောတာမဟုတ်ဘူး၊ ဟိုလိုရှင့်ကိုပြောတာ"

"ဘယ်လိုရှဥ့်လဲဗျာ၊ ရှဥ့်က အမျိုးအစားဘယ်နှစ်မျိုးတောင်ရှိလို့လဲ"



သူမက ရှင်းရခက်သွားဟန်နဲ့ မျက်မှောင်ကြုတ်ကာ ခေါင်းကိုကုတ်တယ်။ ကျွန်တော်လည်း ရယ်ချင်စိတ်ကိုမတည်နိုင်တော့ဘူး။ ဒီတော့ တဟားဟားအော်ရယ်မိတော့တယ်။

"ရှင်က ဘာရယ်တာလဲ"

"မင်းဖြစ်သွားပုံကို ရယ်ချင်လို့ပါကွာ၊ ကိုယ်ကစတာပါ"

ကျွန်တော်က မသိမသာလေးနဲ့ ကျွန်တော်လို့သုံးနေရာကနေ ကိုယ်ဆိုပြီး ပြောင်းသုံးလိုက်တယ်။ သူမကတော့ ဒါကိုသတိထားမိပုံ မပေါ်ပါဘူး။

"ကဲ. . . ပြော၊ ကိုယ်ဘာကူညီပေးရလဲ"

ဒီတော့မှ သူမက စိတ်သက်သာသွားသလို သက်ပြင်းချလိုက်ရင်းနဲ့ တစ်ဆက်တည်းဆိုသလို တစ်ချက်ပြုံးလိုက်ရင်း. . .

"ဟိုဟာပါ၊ ရှင့်လက်ထဲက စံပယ်ပန်းကုံးလေးတွေထဲကလေ၊ ဖြစ်နိုင်မယ်ဆိုရင် ကျွန်မကို သုံးကုံးလောက်ပြန်မျှပါလားလို့၊ ပန်းဆိုင်တွေနဲ့နေပြီ၊ စံပယ်ပန်းမရှိတော့လို့ပါ၊ ဟို. . . ပြောသင့်လားမသိပေမယ့် ကျွန်မပိုက်ဆံပေးပါ့မယ်"

သူမက ကျွန်တော့်ကို လုံးဝကဲ့ပဲ မှတ်မိပုံမရပါ။ အင်း. . . အံ့ဩစရာတော့လည်း မဟုတ်ပါဘူးလေ။ သူမနဲ့က ခဏလေးပဲဆုံလိုက်ရတာမဟုတ်လား။

"မဟုတ်တာဗျာ၊ ပိုက်ဆံပေးစရာမလိုပါဘူး၊ အလကားယူ

ပါ၊ ကုသိုလ်ရေးပဲဟာ၊ ကိုယ်လည်းကုသိုလ်ရတာပေါ့”

ပြောရင်း ကျွန်တော်က စံပယ်ပန်းသုံးကုံးကို ခွဲကာ သူမကိုကမ်းပေးလိုက်တယ်။ မေမေကတော့ ပြောတာပဲ။ ဖေဖေ စမောဆွဲမှာ စိုးလို့ ယတြာချေခိုင်းတာတဲ့။ အခုတော့ စံပယ်သုံးကုံး လျှော့သွားပြီ။ ကိုးကုံးမဟုတ်လို့ ယတြာမအောင်ပဲ ဖေဖေ စမောဆွဲတော့လည်း မေမေအဖော်ရတာပေါ့ မေမေရယ်လို့ပဲ စိတ်ထဲက နေ ကြိတ်ပြောလိုက်မိတယ်။

“ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မရှင့်အတွက်လည်း ထည့်ပြီးဆုတောင်းပေးပါ့မယ်”

စံပယ်သုံးကုံးကို လှမ်းယူရင်းပြောလာတဲ့ သူမစကားကြောင့် ကျွန်တော်က ပြုံးလိုက်ရင်း. . .

“ကျေးဇူးတင်တာ နှစ်ခါရှိသွားပြီနော်”

ဆိုတော့ သူမရဲ့မျက်ခုံးတွေက ပင့်တက်သွားရရင်း. . .

“ရှင်!”

တဲ့။ တကယ်ပြောတာ။ အဲဒီ သူမရဲ့ “ရှင်”ဆိုတာလေးက ကို ဆွဲဆောင်မှုရှိနေတာဗျာ့။

“မမှတ်မိဘူးထင်တယ်၊ လွန်ခဲ့တဲ့နှစ်ရက်လောက်က မဟာသန္တိသုခကျောင်းမှာ ဆုံခဲ့သေးတယ်လေ”

“မဟာသန္တိသုခ!”

သူမက ကျွန်တော့်စကားကို သံယောင်လိုက်ကာ ရေရွတ်





ရင်း ခဏစဉ်းစားနေဟန်ရှိတယ်။ ပြီးတော့မှ မျက်လုံးတွေက အရောင်တွေ လက်ခနဲဖြစ်သွားရင်း. . .

“သြော်. . . တဘက်!”

လို့ဆိုတယ်။

“မှတ်မိသွားပြီလား၊ ကိုယ်က မြင်လိုက်ကတည်းက မှတ်မိတယ်၊ ကိုယ့်နာမည် ‘ကျွန်း’ပါ၊ တစ်လုံးတည်းပဲ”

“ဟုတ်ရှင့်၊ ကျွန်မနာမည် ယဉ်ကျေးသူပါ၊ သက်န်းပရိက္ခရာဆိုင်ဖွင့်ထားပါတယ်၊ ဒါက ကျွန်မဆိုင်ရဲ့လိပ်စာကတ်ပါ၊ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝပေါ့”

“ဘုရားတရားတော်တော်လုပ်တယ်နဲ့တူတယ်နော်၊ နှစ်ခါတွေ့တာ၊ တစ်ခါက ဘုန်းကြီးကျောင်းမှာ၊ ခုတစ်ခါက ဘုရားမှာ”

“ကျွန်မက ကျွန်မမွေးရက် ဗုဒ္ဓဟူးနေ့မနက်တိုင်း ဘုရားဘက်ဖြစ်တယ်လေ”

“ဟုတ်လား၊ ကိုယ်လည်း ဘုရားကို မကြာမကြာရောက်ဖြစ်ပါတယ်”

နောက်ဆို ဗုဒ္ဓဟူးနေ့တိုင်းတောင် ရောက်တော့မှာလို့ စိတ်ထဲကနေ ပြောလိုက်မိတယ်။ ပြီးတော့ ကျွန်တော် ဘုရားဖူးရင်း လိပ်ဥတူးဖို့လည်း တစ်ထိုင်တည်း ဆုံးဖြတ်လိုက်ပြီလေ။

လိပ်ဥတူးဖို့ စိတ်အားထက်သန်နေခဲ့တဲ့ ကျွန်တော်က နောက်တစ်ရက်ရဲ့ မနက်ဆယ်နာရီလောက်မှာ သူမရဲ့ သက်န်းပရိက္ခရာဆိုင်ကို ရောက်သွားခဲ့ပါတယ်။ ကံတရားက ကိုယ့်ဘက်မှာ ရှိတယ်လို့ပဲပြောရမလားတော့ မသိဘူး။ သူမနဲ့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးကို တန်းတွေ့ပါတယ်။

သူမက ကျွန်တော့်ကိုမြင်တော့ သူမရဲ့မူပိုင်အေးချမ်းတဲ့ အပြုံးလေးနဲ့ ဆီးကြိုတယ်။

"လာအားပေးတာလား၊ ဒါမှမဟုတ် လမ်းကြုံလို့ ဝင်လာတာလားရှင့်"

"လာအားပေးတာပါဗျာ၊ ကိုယ်သက်န်းတစ်စုံလောက်လိုချင်လို့ပါ၊ စာဝါလိုက်နေတဲ့ ဦးဇင်းလေးတစ်ပါးကို လှူချင်လို့"





တကယ်တမ်းက ဘယ်ဦးဇင်းကိုမှလည်း လှူဖို့ရည်ရွယ်ချက် မရှိသေးပါဘူး။ သူမဆီကို လာချင်လို့သာ သက်န်းတစ်စုံ ကောက်ဝယ်လိုက်တာပါ။ ဝယ်စရာကလည်း ဒါပဲရှိတာမလား။

ကိုကျွန်းကလည်း ကုသိုလ်ရေး အတော်လုပ်တယ်ထင်တယ်၊ သာဓုပါရှင်၊ သာဓုပါ. . . သာဓုပါ"

"ကိုကျွန်းလုပ်မနေပါနဲ့ဗျာ၊ ကျွန်းပဲခေါ်ပါ၊ ကိုယ်လည်း ယဉ်ကျေးလို့ပဲခေါ်မယ်နော်၊ ဖြစ်တယ်မလား"

ဆိုတော့ သူမက ခေါင်းလေးတစ်ချက်ညိတ်ပြလာရင်း. . .

"ဟုတ်ကဲ့၊ အဆင်ပြေသလိုခေါ်ပါ၊ ဪ. . . ဒါနဲ့ ကြုံတုန်းဖိတ်လိုက်ဦးမယ်၊ လာမယ့်အင်္ဂါနေ့မှာ ကျွန်မတို့အိမ်မှာ ဆွမ်းကျွေးရှိတယ်ရှင့်၊ လာခဲ့ပါလား၊ တရားလေးဘာလေးနာရတာပေါ့"

သူမတို့အိမ်ကိုတောင် ဝင်ထွက်ရတော့မှာဆိုတော့ ကျွန်တော့်ရင်ထဲမှာ လှိုက်ခနဲဖြာတက်သွားပြီး. . .

"ဟား. . . လာမယ်. . . လာမယ်"

လို့ အငမ်းမရပြောမိတယ်။ ကျွန်တော်ပြောလိုက်ပုံကို ကြည့်ပြီး သူမတောင် လန့်သွားဟန်နဲ့ သူမက မျက်လုံးပြူးပြီး ကြည့်နေတယ်။ ဒီတော့မှ ကျွန်တော်လည်း တအားကြီးများ သိသာသွားသလားဆိုပြီး ကိုယ့်ကိုကိုယ် ကိုယ်ရှိန်ပြန်သတ်လိုက်

တာ. . .

"အဟမ်း. . . အဟင်း. . . လာရမှာပေါ့၊ လာမှာပေါ့ဗျာ၊ ထမင်းလည်းစားရ တရားလည်းနာရရဆိုတော့ ဘယ်လောက်ဟန်လိုက်သလဲ၊ ပြီးတော့ သေရင် ကိုယ့်နောက်ပါမယ့် အထုပ်က ဒါပဲရှိတာလေ. . ၊ အဟင်းဟင်း"

လုပ်စားနေကျ စကားလုံးလေးနဲ့ပဲ လုပ်စားလိုက်မိတယ်။ ကျွန်တော့်စကားအဆုံး သူမက သဘောတကျပြုံးလိုက်ရင်း. . .

"ဟုတ်ရှင့်၊ ဆက်ဆက်လာခဲ့နော်၊ ကျွန်မမျှော်နေမယ်၊ ဖေဖေနဲ့လည်းတွေ့ဖူးသွားတာပေါ့၊ ဖေဖေကလည်း တရားသမားလေ၊ ကျွန်းတို့နှစ်ယောက် တရားအကြောင်း ဆွေးနွေးလို့တောင်ရသေးတယ်"

"စိတ်ချ. . . ကိုယ်ဆက်ဆက်လာခဲ့မယ်"

နောက်တော့ ကျွန်တော်လည်း သက်န်းတစ်ထုပ်ပိုက်ပြီး ပြန်လာခဲ့လိုက်တယ်။ အင်း. . . ဒီသက်န်းကို ဘုန်းကြီးတစ်ပါးပါးဆီ မေမေ့ကိုပဲ သွားလှူခိုင်းရတော့မယ်။





သက်န်းထုပ်ကြီးပိုက်ကာ ဝင်လာတဲ့ကျွန်တော့်ကို မေမေက မျက်မှောင်ကြီးကြုတ်ကာကြည့်ရင်း. . .

"ဟဲ့သား. . . သက်န်းဝယ်လာတာလား၊ ဘာလုပ်ဖို့လဲ"

ဆိုတော့ သူက လက်ထဲကသက်န်းကို စားပွဲပေါ် တင်လိုက်ရင်းက. . .

"အစကတော့ ပဥ္စင်းခံမလားလို့ သွားဝယ်လာတာမေမေရဲ့"

"ဟယ်. . . တကယ်!"

မေမေ့မျက်လုံးတွေက အရောင်တွေ လက်သွားတယ်။ သူက ကျွန်တော့်ကို ပဥ္စင်းခံပေးချင်နေတာကိုး။ ကျွန်တော်က ချီးဘူးကြီးနဲ့ မနေချင်ပါဘူးဆိုပြီး ငွတ်ငြင်းနေလို့သာ လက်လျှော့နေတာ မဟုတ်လား။

"စောစောကတော့ အဲဒီလိုတွေးပြီး ဝယ်လာတာပဲမေမေရ

ဒါပေမယ့် သေချာပြန်တွေးကြည့်တော့ ခုတလောရာသီဥတုက ဆောင်းဝင်တော့မှာမဟုတ်လား၊ ချီးပူးကြီးနဲ့ဆိုရင် တော်တော်ချမ်းမှာအမေရဲ့ တော်ပါပြီဗျာ၊ မဝတ်တော့ပါဘူး"

"ဟင်!"

မေမေ့မျက်နှာက ချက်ချင်းပဲ ရှုံ့တွသွားတယ်။ သူကရယ်ချင်စိတ်ကိုထိန်းကာ ထထွက်လာခဲ့လိုက်တော့. . .

"ဟဲ့. . . ဒါဆို ဒီသက်န်းကြီးကရော"

"ဘုန်းကြီးတစ်ပါးပါးကို ကုသိုလ်ရအောင်လှူလိုက်ပေါ့ မေမေရဲ့ သေရင် ဒါမျိုးကပဲ ကိုယ့်နောက်ပါမှာမဟုတ်လား"

"ဟင်း. . . အမျိုးမျိုးပဲ"

မေမေက ပွစိပွစိရေရွတ်ရင်း ဧည့်ခန်းထဲမှာ ကျန်နေခဲ့တယ်။ ကျွန်တော်ကတော့ လှေကားထစ်တွေကို ပြေးလွှားတက်ရင်း မနက်ဖြန် သူမတို့အိမ်သွားဖို့အတွက် ကြိုတွေးကာ ရင်ခုန်နေမိတော့တယ်။





အာရုံဆွမ်းကပ်တာမို့ ကျွန်တော်က သူမတို့အိမ်ကို အစောကြီးပဲ ထွက်လာခဲ့လိုက်တယ်။ ဒါပေမယ့် လူတွေအတော်များများရောက်နေပါပြီ။ သူမက ကျွန်တော့်ကို နွေးထွေးတဲ့အပြုံးတစ်ခုနဲ့ ဆီးကြိုနှုတ်ဆက်တယ်။ ပြီးတော့ လူကြီးတစ်ယောက်တည်းထိုင်နေတဲ့ စားပွဲဝိုင်းတစ်ခုမှာ နေရာပေးပြီး. . .

"ဖေဖေ. . . ဒါသမီးပြောပြထားတဲ့ ကိုကျွန်းဆိုတာလေ၊ ကျွန်း ဒါ ကျွန်မဖေဖေ ဦးမြချစ်ပါ၊ ကျွန်မတို့က အဖေတစ်ခု သမီးတစ်ခုလေ၊ ကျွန်မမေမေက ကျွန်မအသက်ဆယ့်ငါးနှစ်မှာဆုံးသွားတာ"

ကျွန်တော်က အပြုံးတစ်ခုနဲ့ သူမအဖေကို နှုတ်ဆက်လိုက်ရင်းက. . .

"ဟုတ်ကဲ့၊ တွေ့ရတာဝမ်းသာပါတယ်အန်ကယ်"

"အေးကွာ၊ အန်ကယ်ကလည်း မောင်ရင်နဲ့တွေ့ချင်နေတာပါ၊ မောင်ရင့်အကြောင်းတွေကို သမီးပြောပြထားလို့

လေ၊ ဘာသာရေးအရမ်းလုပ်တယ်ဆိုလို့.”

နောက်တော့ တရားနာကြတယ်။ လက်အုပ်ကလေးကိုချီပြီး မျက်လုံးလေးတွေမှိတ်ထားကာ တရားနာနေတဲ့ သူမပုံစံလေးကို ဘေးတိုက်အနေအထားကနေ ကြည့်နေရင်း ကျွန်တော့်ရင်တွေ အရမ်းကိုပဲ ခုန်လှုပ်နေခဲ့တာ သူများတွေကြားမှာတောင် စိုးပါတယ်။ ဘုန်းကြီးတရားနာနေတဲ့ဆီမှာ ကျွန်တော့်စိတ်က ရှိမနေတော့ ဘုန်းကြီးက ဘာတရားကို ဟောလို့နာနေမှန်းလည်း မသိပါဘူး။

သူများတွေကလည်း တရားနာခြင်းမှာ သာသနာ့ယူနေသလို ကိုယ်ကလည်း ကိုယ့်ဖီးလ်နဲ့ကိုယ် သာသနာ့ယူနေတာ။ အဲ. . အဲဒီအချိန်မှာပေါ့။ ကျွန်တော့်ရှေ့နားက အဒေါ်ကြီးတစ်ယောက်ဆီကနေ ထွက်လာတဲ့ အသံတစ်ခု။

“ပူ. . .”

အသံက ရဲရဲဝံ့ဝံ့ထွက်လာတာတော့ မဟုတ်ဘူး။ သူများတွေ ကြားမှာစိုးလို့ ခိုးကြောင်ခိုးဝှက်နဲ့ အသာထိန်းပြီးလွှတ်လိုက်တဲ့ အသံမျိုးပါ။ ဒါပေမယ့် ကျွန်တော်ကတော့ ကြားဖြစ်အောင်ကြားလိုက်ပါတယ်။ ပြီးတော့ နှာခေါင်းထဲကို တိုးဝင်လာတဲ့ အနံ့ပြင်းပြင်းနဲ့ အဟော်ခံရခက်တဲ့ အနံ့ကြီးတစ်ခု။ ကြက်သွန်ဖြူစားထားတဲ့ အနံ့လား။ ဒညင်းသီးစားထားတဲ့အနံ့လား။ တစ်ခုခုပါပဲ။ ဆိုးတာတော့ တော်တော့်ကိုဆိုးဝါးလွန်းတဲ့ အနံ့ကြီးပါ။ လူကို မူးမေ့သွားမတတ်ပါပဲ။ ရှားပါးမျိုးစိတ်လေးရဲ့အလှကိုလည်း မခံစားနိုင်





တော့ဘူး။ အသက်ကိုအကြာကြီးအောင့်ထားပြီး အနံ့ပြယ်လောက်ပြီဆိုမှ ပါးစပ်ကိုဟပြီး ပြတ်သွားတဲ့အောက်ဆီဂျင်ကို တစ်ဝကြီးပြန်ရှူရတယ်။ ဒါပေမယ့် အဲဒီအချိန်မှာပဲ. . .

“ပူ. . . အူ. . . အူ. . . အူ”

(မှတ်ချက်-နောက်က ‘အူ. . . အူ. . . အူ. .’ ဆိုသည်မှာ သံရှည်ဆွဲပြီး ထွက်လာတဲ့ အသံဖြစ်ပါကြောင်း)

ဒီတစ်ခါတော့ ပါးစပ်ထဲမှာပါ အဲဒီအနံ့ကြီးကို ခံစားလိုက်ရတယ်။ သူ့နောက်ကနေမိတာတော့ မှားချေပြီ။ ဘွားတော်ကတော့ ခပ်တည်တည်ပင်။ ဘာမှလုပ်မထားတဲ့အတိုင်း။ သူ့အနံ့သူဆိုတော့ နံတယ်လို့လဲ ထင်ပုံမရပါဘူး။ ကျွန်တော့်မှာသာ အီးမှိုင်းမိနေတာ။

“ပူ. . . အူ. . အူ. . . အူ”

ဟော. . . လာပြန်ပြီ နောက်တစ်လုံး။ တစ်လုံးအနံ့ပျယ်သွားလောက်ချိန်ရောက်မှ နောက်တစ်လုံးကို ထိန်းထိန်းပြီးလွှတ်နေတဲ့ပုံပါပဲ။ ဒီတစ်ခါတော့ ကျွန်တော်ဘယ်လိုမှ မခံစားနိုင်တော့ဘူး။ လက်အုပ်ချီထားတာကို ဖျက်ပြီး နှာခေါင်းကို ညှစ်ထားရတော့တယ်။

“ရှူး. . . ဟူး. . . ဟူး. . .”

ဒီတစ်ခါတော့ အသံမပါတော့ဘူး။ အသံတိတ်လက်နက်နဲ့ ပြောင်းတိုက်လာတယ်။ အဲဒီအခိုက် ကျွန်တော့်ဘေးက ဦးလေးကြီးတစ်ယောက်ကို ဖျတ်ခနဲလှည့်ကြည့်လိုက်မိတော့ သူက

ကျွန်တော့်ကို မျက်ထောင့်နီကြီးတွေနဲ့ ကြည့်နေတာ။ ဘိုးတော်က အီးပေါက်တဲ့တရားခံကို ကျွန်တော်လို့ထင်နေတဲ့ပုံ။

ကျွန်တော်က လက်ကာပြလိုက်ရင်း ရှေ့ဘက်က ဘုန်း တော်ကို လက်ညှိုးထိုးပြလိုက်တော့ သူက ကျွန်တော့်ကို သရော် တော်တော်နဲ့ နှာခေါင်းရှုံ့ကြည့်လာရင်း သူ့နားကိုသူ လက်ညှိုးထိုး ပြလာတယ်။

သဘောကတော့ "လာလိမ်မနေနဲ့၊ ငါကြားတယ်" ဆိုဖို့အ ထာ။ ခက်ပြီ။ နောက်တော့ကျွန်တော်လည်း ပေရှည်နေမှာစိုးတာနဲ့ ဘိုးတော်ဘက်ကိုကြည့်မနေတော့ဘဲ ရှေ့ကဘွားတော်နဲ့ တန်းတန်း မတ်မတ် ထိုင်နေရာကနေ ရနိုင်သမျှဘေးရွှေ့ထိုင်ပြီး အသံကြား တိုင်း အသက်အောင့်နေလိုက်တယ်။ ရှေ့က ဘွားတော်ကလည်း အပြိုးတကြီးဆို လွှတ်နေတာများ ကျွန်တော့်မှာ ကြာရင် အီးဆိပ် သင့်မှာတောင် ကြောက်ရတယ်။

ဒီလိုနဲ့ တရားပွဲပြီးသွားတယ်။ သာဓုသုံးကြိမ်လည်းခေါ် ပြီးရော ကျွန်တော်မနေနိုင်တော့ဘူး။ အပြင်ဘက်ကိုအမြီးတန်းနေ အောင် ပြေးထွက်လာခဲ့လိုက်ပြီး လက်တွေကိုဆန့်တန်းကာ လေ ကောင်းလေသန့်ကို တဝကြီးရှူလိုက်မိတယ်။ အား. . . အခုမှ နေသာထိုင်သာရှိသွားတယ်။

"ကျွန်း. . . အဲ့ဒီမှာဘာလုပ်နေတာလဲ၊ လာလေ အထဲကို၊ ထမင်းစားရအောင်"





သူမနောက်ကနေ အသာလိုက်လာပြီး သူမပြတဲ့စားပွဲဝိုင်း တစ်ခုမှာ ထမင်းစားဖို့ဝင်ထိုင်လိုက်တယ်။ ဒီအချိန်မှာပဲ သူမက မလှမ်းမကမ်းက ဦးလေးကြီးကိုလှမ်းကြည့်လိုက်ရင်း. . .

"အန်ကယ်သစ်. . . ဒီဝိုင်းမှာထိုင်လိုက်ပါလား၊ လာလေ"

ဆိုပြီးခေါ်တယ်။ ကျွန်တော်လှမ်းကြည့်လိုက်တော့ စောစောက ဦးလေးကြီး။ သူက အစတော့ စားပွဲဝိုင်းဆီလှမ်းလာ တယ်။ အနားရောက်မှ ကျွန်တော့်ကိုလည်းမြင်ရော တွန့်ခနဲ ဖြစ် သွားပြီး အနံ့တစ်ခုခုရဟန်နဲ့ သူ့နှာခေါင်း သူလက်ညှိုးလက်မနဲ့ ညှစ်ရင်း တစ်ခြားစားပွဲဝိုင်းတစ်ခုဆီကို ရောက်သွားတော့တယ်။

ကျွန်တော့်မှာတော့ ရယ်ရအခက်၊ ငိုရအခက်။

ကိုယ့်ကိုကိုယ်ပြန်နမ်းကြည့်တော့လည်း စောစောကအနံ့ ကြီးက စွဲနေသလိုလို။

"ထည့်စားလေ ကျွန်း. . . ထမင်းထည့်ဦးမလား"

သူမက အနားမှာလာပြီး ယပ်ခတ်ပေး၊ ဟင်းတွေခပ်ထည့် ပေးနေလို့သာ စားနေရတယ်။ နှာခေါင်းထဲမှာက စောစောက အနံ့ ကြီးကိုပဲ ပြေးပြေးပြီး ခံစားမိနေတော့တာ။ အိမ်ပြန်ပြီး ရေချိုးပစ်ချင် နေပါပြီ။ ဒီလိုနဲ့ အချိုပွဲစားနေတဲ့အချိန်မှာတော့ ကျွန်တော်နဲ့ သူမထိုင်နေတဲ့ဝိုင်းကို လူတစ်ယောက်လာထိုင်တယ်။ အစတော့ ကျွန်တော်က သူမ့ဘက်ကို လှည့်ပြီးစကားပြောနေတာဆိုတော့ အဲဒီလူကိုလှည့်မကြည့်မိသေးဘူး။ ပြီးမှ လှည့်ကြည့်လိုက်မိတဲ့အခါ

မှာတော့. . .

"ဟင်!"

စောစောက အီးသိုင်းအောင်ထားတဲ့ ဘွားတော်။ ကျွန်တော့်မှာ ရှိတဲ့ အကြောတွေ အကုန်လုံး ဖျင်းခနဲဖြစ်သွားတယ်။ လူက အော်တိုမက်တစ် ဆောင့်ကြောင့်ထိုင်မိပြီးသား။

"ကျွန်တော်. . . ကျွန်တော်သွားတော့မယ် ယဉ်ကျေး၊ အလုပ်. . . အလုပ်ကိစ္စလေးရှိသေးလို့၊ သွား. . . သွားပြီနော်၊ တာ့. . . တာ့တာ. . . သိလား"

ဆိုပြီး သူမရဲ့စကားပြန်ကိုတောင် မစောင့်နိုင်တော့ဘဲ အပြင်ကို အမြန်မြန်ထွက်ကာ လစ်လာခဲ့လိုက်ရတယ်။ နို့မို့ဆိုရင် ကျွန်တော်စားထားသမျှတွေ တစ်ခါတည်း အကုန်လုံး အန်ထွက်ကျလာတော့မှာလေ။





ကျွန်တော့်စကားအဆုံး သူမက မျက်ရည်ထွက်ကျအောင်ကို ရယ်တော့တယ်။ ကျွန်တော်ကလည်း သူမနဲ့အတူရောယောင်ပြီး လိုက်ရယ်မိတာယ်။

"တကယ်ပြောတာ၊ ကိုယ့်မှာအဲဒီနေ့က အိမ်ပြန်ရောက်ပြီး ဆပ်ပြာနဲ့ အခါနှစ်ဆယ်လောက်တိုက်ပြီး ရေချိုးတာတောင် အဲဒီအနံ့ကြီးက ပျောက်သွားတယ်လို့ မခံစားရဘူး၊ နှာခေါင်းထဲမှာ ဝဲလှည့်နေတာ"

"ဖြစ်မှဖြစ်ရလေ ကျွန်မရယ်၊ ကျွန်မက ရှင်ကမန်းကတန်း ပြန်ထပြန်သွားတာကို တကယ်အလုပ်ရှိလို့ ပြန်သွားတယ်ပဲထင်နေတာ၊ လက်စသတ်တော့ ဒီလိုကိုး. . . အဟင်းဟင်း. . ."

သူမက ကျွန်တော့်အဖြစ်ကို မြင်ယောင်မိသွားဟန်နဲ့

ထပ်ရယ်ပြန်တော့တယ်။ ကျွန်တော်ကတော့ သူမကို ခပ်ရီဝေဝေ လေး ကြည့်ပေးလိုက်ရင်းက. . .

"ကိုယ်က အဲဒီနေ့တုန်းက မပြန်ချင်သေးပါဘူး၊ ယဉ်ကျေး နဲ့ စကားတွေ အများကြီးပြောချင်နေသေးတာ"

လို့ပြောလိုက်တယ်။ ဒီတော့ သူမမျက်နှာက ရဲခနဲဖြစ် သွားတော့တယ်။ ဒါပေမယ့် ခဏပါပဲ။ ခေတ်ရဲ့သမီးပျိုဖြစ်တဲ့ သူမက အဲလိုဖြစ်သွားတာကို ချက်ချင်းပြန်ဖျောက်ပစ်လိုက်ပြီး. . .

"ဖေဖေကလည်း ပြောတယ်သိလား၊ ကျွန်းအားရင် အိမ်ကို လာလည်ပါဦးတဲ့၊ ဘုရားကြောင်း တရားကြောင်းလေးတွေ ဆွေး နွေးရအောင်လို့တဲ့"

လို့ဆိုတယ်။ ဒီတော့ ခေတ်ရဲ့သားပျိုဖြစ်တဲ့ ကျွန်တော်က လည်း သူမကို ခပ်နက်နက်စိုက်ကြည့်ပေးလိုက်ရင်း. . .

"စိတ်ချပါ. . . ကိုယ်လာမှာပါ၊ ကိုယ်က အမြဲတမ်းလာချင် နေတဲ့လူပဲဟာ"

လို့ပြန်ပြောလိုက်တယ်။ ဟုတ်ကဲ့. . . ကျွန်တော်တူးနေတဲ့ လိပ်ဥလေးက တဖြည်းဖြည်းနဲ့ မြေပေါ်ရောက်ကာနီးပါပြီ။





"ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ ဘာဝနာဆိုပေမယ့်လို့ ဘုရားတရား လုပ်တာဟာ အသက်အရွယ် ရွေးနေရမယ့် ကိစ္စမျိုး မဟုတ်ဘူး မောင်ကျွန်းရဲ့၊ ကွေးသောလက်မဆန့်မီ၊ ဆန့် သောလက်မကွေးမီဆိုသလိုပဲဒီနေ့မှာ သက်ရှိထင်ရှားရှိ နေပေမယ့်လို့ မနက်ဖြန်မှာ ရှိချင်မှရှိတော့မှာ မဟုတ်လား၊ အဲ့ဒီတော့ နေ့မြင်ညပျောက်ဖြစ်နေတဲ့ လောကကြီးထဲမှာ အချိန်ရှိတုန်း လုပ်ခွင့်ရနေတုန်းလေးမှာကုသိုလ်အရေး ကို တတ်နိုင်သလောက်လုပ်ရတယ်ကွယ့်၊ ဒါမှသာ အခု ဘဝရော၊ နောင်ဘဝမှာပါ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ နေရတော့မှာပေါ့. . ."

"ဟုတ်. . . ဟုတ်ကဲ့ပါ အန်ကယ်"

လူကသာ အန်ကယ်မြချစ်ပြောတာကို နားထောင်ကာ ဖော်လိုလိုက်နေရပေမယ့် မျက်လုံးတွေကတော့ မီးဖိုချောင်ဘက်ဝင်

သွားပြီး ပြန်ပေါ်မလာတော့တဲ့ ရှားပါးမျိုးစိတ်လေးကို လိုက်ရှာနေမိတယ်။

"အန်ကယ်ကတော့ မောင်ရင့်လို အရွယ်ငယ်ငယ်နဲ့ ဘာသာရေးလိုက်စားတဲ့ လူငယ်လေးကိုတွေ့ရတာ အရမ်းဝမ်းသာတယ်ကွာ၊ လေးလည်းလေးစားတယ်၊ ဒါနဲ့ လောကမှာ အအေးဆုံးအရိပ်က ဘယ်အရိပ်လဲ . . . သိလားမောင်ကျွန်း"

ခက်ပြီ။ လောကမှာ အအေးဆုံးအရိပ်ဆိုပါလား။ ဘယ်လိုဖြေရပ့်။ အား. . . ဟုတ်သားပဲ။ စာဆိုရှိတယ်လေ။ နွေ ထနောင်း၊ ဆောင်း မကျည်းတဲ့။ ဟုတ်သားပဲ။

"ထနောင်းပင်ရိပ်ပါအန်ကယ်"

"ဟော!"

ကျွန်တော့်အဖြေကြောင့် အန်ကယ်မြချစ်ရဲ့ မျက်လုံးတွေက ပြူးကျယ်သွားတယ်။ ဒီတော့မှ ကျွန်တော်လည်း အဖြေမှားမှန်းသိလိုက်ပြီးတော့. . .

"ဩော်. . . မှား. . . မှားသွားလို့အန်ကယ်၊ ရေခဲတိုက်ပါ"

ဒီတစ်ခါတော့ အန်ကယ်မြချစ်က မျက်လုံးတွေပြူး ရုံတင်မကပဲ ခန္ဓာကိုယ်ကပါ ရှေ့ဘက်ကိုကိုင်းလာကာ. . .

"ဟော!"

"မှားသေးလို့လားအန်ကယ်၊ ရေခဲတိုက်ထက်အေးတာ





တော့ မရှိတော့ဘူးနော်အန်ကယ်"

"ဘာတွေပြောနေတာလဲ မောင်ကျွန်းရာ၊ အန်ကယ်ပြောတာက ဘုရားရိပ်တရားရိပ်ကို ပြောတာပါ"

ဒီတစ်ခါစိတ်ထဲက "ဟင်"လိုက်မိတာက ကျွန်တော်။ သေတော့မှာပဲ။ ဒါပေမယ့် ဟန်ကိုယ့်ဖို့ဆိုတာ ရှိသေးတယ်မဟုတ်လား။ ဒါနဲ့ အရှက်ပြေရယ်ချလိုက်ရင်း. . .

"အဟင်း. . . ဟင်း. . . ဟင်း. . ဟုတ်သားပဲ အန်ကယ်ရယ်၊ ကျွန်တော်က လောကီအရေးနဲ့ ရောသွားလို့ပါ၊ ဟုတ်တယ်. . . ဟုတ်တယ် ဘုရားရိပ်တရားရိပ်က အအေးချမ်းဆုံးပဲ. . . အဟင်း ဟင်း ဟင်း"

"အဲလိုလုပ်ပါကွယ်၊ လောကုတ္တရာအရေးနဲ့ လောကီအရေးကို ရောထွေးမပစ်စမ်းပါနဲ့မောင်ရင်ရဲ့ လောကီရေးက အပူ၊ လောကုတ္တရာအရေးက အအေး၊ သီးခြားစီပါကွယ်"

"ဟုတ်. . . ဟုတ်ကဲ့"

ကျွန်တော်ခေါင်းညိတ်လိုက်စဉ်မှာပဲ အအေးဖန်ခွက်လေးတို ကိုင်လာတဲ့ ရှားပါးမျိုးစိတ်ကိုတွေ့လိုက်ရတယ်။

"ကျွန်း. . . အအေးလေးသောက်ပါဦး"

"ဟုတ်. . . ဟုတ်ကဲ့"

ကျွန်တော်က သူမကိုယ်တိုင်ဖျော်လာဟန်ရှိတဲ့

အအေးခွက်လေးကို ကောက်ယူမော့နေစဉ်မှာပဲ သူမက အပေါ် ထပ်လှေကားအတိုင်း တက်သွားပြန်တော့တယ်။ ဘာမှတောင် မဘာလိုက်ရ။

"လူဆိုတာ နေမဝင်ခင်ရိက္ခာပြင်ရတယ်ကွယ့်၊ ရိက္ခာဆိုတာ ဘာလဲ . . . မောင်ရင်သိမှာပါနော်"

"ဟုတ် . . . သိပါတယ်အန်ကယ်၊ ရိက္ခာဆိုတာက ကုလားပဲခြမ်းတို့၊ နို့ဆီဘူးတို့၊ သကြားတို့၊ ဆန်တို့ပါ"

"ဟေ . . . ဘာတွေပြောနေပြန်တာတုန်းကွ"

"ဟင်! မှားလို့လားအန်ကယ်၊ ဒါတော့မမှားဘူးနော်၊ ကျွန်တော့်သူငယ်ချင်းတစ်ယောက်က စစ်တပ်ထဲမှာဗျာ့၊ သူတစ်ခါတုန်းက ရိက္ခာထုတ်လာတာကို ကျွန်တော်တွေ့ဖူးတယ်၊ ကုလားပဲခြမ်းတို့၊ နို့ဆီဘူးတို့"

ကျွန်တော့်စကားအဆုံးတောင် မစောင့်နိုင်ဘူး။ အန်ကယ် မြချစ်က လက်ကာပြလာရင်း . . .

"နေ . . နေစမ်းပါဦးမောင်ကျွန်းရာ၊ အန်ကယ်ပြောတာက အဲဒီရိက္ခာတွေကိုပြောနေတာမဟုတ်ပါဘူး၊ နောင်ဘဝထိ ပါသွားမယ့်ရိက္ခာကိုပြောတာပါ၊ မောင်ရင်ပြောတဲ့ရိက္ခာတွေက ဘယ်လိုလုပ် နောင်ဘဝအထိယူသွားလို့ရမှာလဲ မောင်ရင်ရဲ့ ရာဇဝင်မှာတောင်ရှိသေးတာရောလေ၊ ဘယ်သူပါလိမ့် . . . အင်း . . . ဦးနှောက်ဖျားလေးတင် မေ့နေ





တယ်၊ ပညာရှိအမတ်ကြီးတစ်ဦးလေကွယ်၊ သေရင် ဘာမှ ယူမသွားနိုင်ဘူးဆိုတာကို လူတိုင်းသိဖို့ သူသေတော့ လက်ဖဝါးနှစ်ဖက်ကို ဖြန့်ပြီးသေသွားတာလေ"

ရာဇဝင်ထဲမှာ လက်ဝါးဖြန့်ပြတယ်။ ကျွန်တော်က စိတ်ထဲက ရေရွတ်ကြည့်ရင်း အသေအလဲစဉ်းစားရတယ်။ ခဏအကြာမှာတော့ ကျွန်တော့်ခေါင်းထဲမှာ လင်းခနဲဖြစ်သွားပြီး . . .

"သြော် . . . သိပြီ၊ မဟော်သဓာသုခမိန်"

"ဟင် . . . မဟုတ်ပါဘူးကွာ၊ မဟော်သဓာလက်ဝါးဖြန့်တာက ချစ်သူရည်းစားမရှိတာကို ပြောတာပါ၊ ပြီးတော့ လက်ဝါးဖြန့်တာကလည်း မဟော်သဓာမဟုတ်ပါဘူး၊ မဟော်သဓာက လက်သီးဆုပ်ပြတာ၊ လက်ဝါးဖြန့်တာက အမရာပါ၊ အဲဒါက သက်သက်၊ အခုဟာက . . . အခုဟာက . . ."

အန်ကယ်မြချစ်က မျက်လုံးတွေကိုမှိတ်ကာ အသေအလဲစဉ်းစားနေတယ်။ ကျွန်တော်လည်း ဇောချွေးတွေပြန်လာပြီ။ အပေါ်ထပ်တက်သွားတဲ့ ရှားပါးမျိုးစိတ်လေးကလည်း ပြန်ဆင်းမလာသေး။ ဘယ်လိုလုပ်ရမလဲ။ ဘယ်လိုလုပ်ရမလဲ။

ဒီအခိုက်မှာပဲ သူ့ဟန်းဖုန်းက မြည်လာတော့တယ်။ နားဝင်ချိုလိုက်တဲ့ ဖုန်းမြည်သံလေး။ နံပါတ်ကိုကြည့်လိုက်တော့ မေမေ့ဖုန်းနံပါတ်။

"တယ်လို"

ဆိုပြီး ကျွန်တော်က အန်ကယ်မြချစ်ကို မျက်လုံးအသာစွေ ကြည့်လိုက်မိတယ်။ တစ်ဖက်က အသံက. . .

"အေး. . . သား၊ မင်းဘယ်ရောက်နေတာတုန်း"

"ဗျာ! ဖေဖေ့ကုန်တင်သင်္ဘောတွေ နစ်ကုန်လို့"

"ဟင် ! "

"ဘယ်လို နစ်စင်းလုံးနစ်သွားတာ"

"ဟဲ့. . . သား၊ ဘာတွေပြောနေတာတုန်း"

"ဗျာ! ပါသွားတဲ့လူတွေ ရှစ်ဆယ်ကျော်လုံး တစ်ယောက်မှ အသက်မရှင်ဘူး. . ."

"ဟင်. . ."

"ဗျာ! ကျောက်ဆောင်ကိုတိုက်မိတာ. . ."

"ဟဲ့ကောင်လေး ဘာတွေပြောနေတာတုန်း၊ နင့်အဖေမှာ ဘယ်က သင်္ဘောရှိလို့တုန်း"

"ဗျာ! ဆုံးရှုံးမှုတန်ဖိုးက သိန်းတစ်သောင်းဝန်းကျင်ရှိတယ် ဟုတ်လား. . ."

တစ်ဖက်က ဘာပြောပြော ကျွန်တော်က ပြောချင်ရာ ပြောနေလိုက်တယ်။ အန်ကယ်မြချစ်ကို အသာကြည့်မိတော့လည်း မျက်လုံးကြီးဒွေ ရှေ့ဘက်ထွက်ကျလာလုမတတ် ပြူးကျယ်နေပြီး ပါးစပ်ကြီးက အဟောင်းသား။





"ဗျာ! ဖေဖေ့ကို ရဲတွေဖမ်းသွားကြပြီ"

"အို. . . ဒီကောင်လေး မဦးမချွတ် ဘာတွေပြောနေတာ လဲ၊ နင့်အဖေက ငါ့ဘေးမှာရှိပါ့"

"ဗျာ! ဖေဖေက ထွက်ပြေးနေလို့ ရဲတပ်ဖွဲ့ ဟယ်ရီကော်ပ တာတွေနဲ့တောင် လိုက်နေတယ်၊ ဟုတ်လား"

"ဟဲ့. . . အော်. . . ခက်နေပြီ"

"ဗျာ! အမြောက်တွေနဲ့တောင် သားတို့အိမ်ကို ဝိုင်းချိန်ထား ကြတယ်၊ ဘုရား. . . ဘုရား. . ."

အန်ကယ်မြချစ်ကို ကြည့်လိုက်မိတော့ မတ်တပ်တောင် ထရပ်နေပြီ။

"ဗျာ! လှည်းတန်းမီးပွိုင့်မှာ ဖေဖေ့ကိုလိုက်ဖမ်းရင်း ယာဉ်ကြောတွေပိတ်နေရာကနေ ကားအစီးနှစ်ဆယ် တောင် ခေါင်းချင်းဆိုင်တိုက်မိကုန်ကြတယ်"

"ဟဲ့. . . ဒီကလေး၊ ပေါက်ပေါက်ရှာရှာ လာနောက်နေ တယ်"

"ဟာ. . မငိုနဲ့လေ မေမေရဲ့၊ သားလာပြီ၊ သားအခုပဲပြန် လာပြီနော်မေမေ၊ သားလာပြီနော်မေမေ. . . နော်"

"အို. . . ဟဲ့"

ကျွန်တော်က ဖုန်းချပစ်လိုက်တယ်။ ပြီးတော့ ကျွန်တော် ပြောတာတွေ နားထောင်ပြီး သေရင်ဘာမှမပါဘူးဆိုတဲ့လူက

ပုဆိုးပဲပြင်ဝတ်ရတော့မလိုလို အပေါ်ထပ်ပြေးတက်ပြီးပဲ ရှိတဲ့ ပစ္စည်းလေးတွေပဲ ပြေးထုပ်သိမ်းပြီး လွတ်ရာကျွတ်ရာပြေးရ တော့မလိုလိုဖြစ်နေတဲ့ အန်ကယ်မြချစ်ကို ကြည့်လိုက်ကာ. . .

"အန်. . . အန်ကယ်. . . ကျွန်တော်ပြန်မှဖြစ်တော့မယ်၊ ယဉ်ကျေး ကိုလည်း ကျွန်တော်နှုတ်ဆက်ခဲ့တယ်လို့ ပြောပေးပါနော်၊ နောက်. . . နောက်မှတွေ့မယ်နော်. . . သွားပြီနော်"

ဆိုပြီး ကောက်ကောက်ပါအောင် ထပြန်လာခဲ့လိုက်တယ်။ ကျန်ခဲ့တဲ့ အန်ကယ်မြချစ်တော့ ဘယ်လိုနေမယ်မသိဘူး။ ကျွန်တော် ကတော့ လမ်းရောက်မှ ရယ်လိုက်ရတာ မျက်ရည်တွေတောင်ကျ တယ်။





ဖြစ်ကြောင်းကုန်စင်ကို ကျွန်တော်ကရှင်းပြလိုက်တဲ့အခါ မှာတော့ သူမက ခေါင်းကလေးမော့ကာမော့ကာနဲ့ ရယ်ပြန်ပါ တော့တယ်။

"ဖြစ်မှဖြစ်ရလေကျွန်းရယ်၊ ဖေဖေနဲ့ကျွန်မက တကယ် ကြီးထင်နေတာ၊ ရှင်မို့လို့ ပေါက်ပေါက်ရှာရှာပြောတတ် တယ်၊ မသိရင်လည်း ကျွန်တော်မသိဘူးခင်ဗျာ့လို့ပြော လိုက်ရင် ပြီးနေတာပဲဟာကို"

"မပြောချင်ပါဘူးဗျာ၊ ယဉ်ကျေးအဖေရဲ့အမြင်မှာ ကိုယ့် ကအထင်သေးစရာလူတစ်ယောက်ဖြစ်သွားမှာပေါ့၊ အဲလို တော့ အဖြစ်မခံချင်ပါဘူး"

ဒီနေ့က ဗုဒ္ဓဟူးနေ့လေ။ သူမဘုရားပုံမှန်တက်တဲ့နေ့မှာ ကျွန်တော်က လိပ်ဥလာတူးနေတာဆိုပါတော့။

"နေစမ်းပါဦးရှင်၊ ရှင်က ဘာလို့အဲလို အထင်မခံနိုင်ရ တာလဲ၊ ရိုးသားမှုက ပိုပြီးမဖြူစင်ဘူးလား"

"အဲဒါတော့ အဲဒါပေါ့၊ ဒါပေမယ့် သူသိသလောက်မှ

မသိတဲ့လူတစ်ယောက်ကို အနန်ကယ်က သမက်မတော်ရင် ဘယ်လိုလုပ်မလဲ”

“ရှင်!”

ကျွန်တော့်စကားကြောင့် သူမမျက်လုံးတွေထဲမှာ ရှက်ရိပ်တွေ ပြေးလွှားသွားတယ်။

“မရှင်ပါနဲ့တော့ဗျာ၊ ကိုယ် ယဉ်ကျေးကိုချစ်နေတာ ယဉ်ကျေးလည်းရိပ်မိမှာပါ၊ ကျွန်တော့်အချစ်ကို ”

“ဟိုးတား. . . ဟိုးတား. . . ဆရာ၊ ဘုရားပေါ်ကြီးမှာ ဆိုတာကိုလည်း သတိရစမ်းပါဦး”

သူမစကားကြောင့် ကျွန်တော်က ရွှေတိဂုံစေတီတော်မြတ်ကြီးဘက် တစ်ချက်လည်ပြန်ဖူးမျှော်ကြည့်လိုက်ပြီးမှ သူမဘက်ပြန်လှည့်လိုက်ကာ. . .

“ဒါဆို ကိုယ် ဘုရားအောက်ရောက်မှ ဆက်ပြောမယ်နော်”

ဆိုတော့ သူမက မျက်စောင်းထိုးလာရင်း. . .

“ဟွန်း. . . တော်တော်တတ်နေတယ်”

လို့ဆိုပြီး လှေကားထစ်တွေအတိုင်း အောက်ဘက်ကိုပြေးဆင်းသွားတော့ ကျွန်တော်လည်း သူမနောက်ကနေ လိုက်ပြီးပြေးဆင်းလာခဲ့လိုက်တယ်။

ဒါပေမယ့် ဘုရားအောက်ရောက်တော့လည်း ဆက်မပြော





ဖြစ်တော့ပါဘူး။ ဒီလိုစကားမျိုးက ထပ်ခါထပ်ခါပြော နေစရာမရှိဘူးလေ။ ရင်ဘတ်တွေဆိုတာက တစ်ခါသင်ရုံနဲ့ မြင်တတ်ပါတယ်။

ခုတလော ကျွန်တော်အသည်းအသန်ဖတ်နေမိတာက တရားစာအုပ်တွေပါ။ အပွမာဒ၊ ဆယ်ဆောင်တွဲ၊ ဗုဒ္ဓဝင် စသဖြင့် လက်လှမ်းမီသမျှအကုန်ဖတ်သလို၊ အရှင်ဆန္ဒာဓိကအစရှိတဲ့ ဆရာတော်တွေရဲ့ စာအုပ်တွေလည်း မလွတ်စေရ။ အားရင်အားသလို လက်ထဲမှာ ပရိတ်ကြီးဆယ့်တစ်သုတ်စာအုပ်လေးကိုင်ပြီး ရွတ်ကြည့်နေတတ်သလို တီဗီကြည့်ရင်တောင် Sky Net ကလာတဲ့ တရားလိုင်းကိုပဲ ဖွင့်နာနေမိတတ်တာ။ ဒါမှလည်း ရှားပါးမျိုးစိတ်လေးရဲ့အဖေနဲ့နောက်တစ်ခါတွေ့ကြရင် ဘုရားကြောင်းတရားကြောင်းကို နည်းနည်းပါးပါး တီးမိခေါက်မိရှိတော့မှာပေါ့။

ခုလည်းကြည့် Sky Net ကလာတဲ့တရားကို နာနေတုန်းမှာပဲ အနားကို ဖေဖေရောက်လာတယ်။

"သားရေ. . . Sport-1 ကိုပြောင်းကွာ၊ အဲဒီမှာတင်းနစ်ပွဲလာနေတယ်"





"ဟာ. . . ဖေဖေကလည်း၊ သားဒီမှာတရားနာနေတာကို"

"ပြီးမှနာစမ်းပါကွာ၊မင်းတရားက တစ်နေကုန်တစ်ပုဒ်ပြီး တစ်ပုဒ်လာနေမှာ၊ အခုတင်းနစ်ပွဲက တစ်ခါပဲလာမှာကွ၊ ကမ္ဘာ့အဆင့်တစ် ဂျိုကိုဗစ်နဲ့ အဆင့်နှစ်ရာဖေးနာ ဒယ်တို့တွေ့နေတာကွ၊ ပွဲကြီးပွဲကောင်းမို့လို့ပါ"

ဖေဖေ့စကားအဆုံး ကျွန်တော်က ရှေ့ကစားပွဲပေါ်မှာရှိတဲ့ ရီမုကို ကောက်ယူထားလိုက်ရင်း. . .

"ဟင့်အင်း. . . အခုတရားက အရမ်းကောင်းနေတာ၊ အနှစ်တွေချည်းပဲဖေဖေရ၊ ပြီးတော့ သားအခုတရားထဲမှာ တအားကို စျာန်ဝင်စားနေတာ၊ အာရုံပျက်မခံနိုင်ဘူး၊ ဖေဖေ့တင်းနစ်က ဘာများအနှစ်ပါလို့လဲ၊ ကြည့်ပြီး ပြီးသွားမယ့်ဟာကိုများ၊ ဖေဖေ့အသက်လည်း ငယ်တော့တာမဟုတ်ဘူး၊ တရားပဲနာစမ်းပါဖေဖေရာ၊ ဒါကမှဖေဖေ့အတွက် အကျိုးရှိဦးမယ်"

ကျွန်တော့်စကားအဆုံး ဖေဖေက ခေါင်းတရမ်းရမ်းနဲ့ ဆလံသလိုက်ရင်း. . .

"အောင်မယ်လေးဗျာ၊ ဘုရားဖြစ်မယ့် အုတ်နီခဲကြီးနဲ့လာတွေ့နေတာကိုး၊ ထိုင်တောင်ရှိခိုးချင်လာပြီ၊ ဟွန်း"

ဆိုကာ ပွစိပွစိပြောရင်း ထသွားတယ်။ ဒီအခိုက်မှာတင်ပဲ လတ်ဖက်သုပ်ပန်းကန်လေးကိုင်ပြီး မေမေလည်း ရောက်လာ

တယ်။

"ဟာ. . . ကိုဘ၊ တင်းနစ်ပွဲကြည့်မလို့ဆို၊ မကြည့်တော့ဘူးလား"

"မကြည့်တော့ဘူး၊ မကြည့်တော့ဘူးဟေ့၊ အဲဒီမှာ ဘုရားဖြစ်မယ့် အုတ်နီခဲကြီးတစ်လုံး ဓာရားနာနေတာ မတွေ့ဘူးလား"

ဆိုပြီး အပေါ်ထပ်ကို မကျေမနပ်နဲ့ တက်သွားလေတော့တယ်။ ဒါပေမယ့် သိပ်မကြာ လှေကားသုံးချိုးနှစ်ချိုးလောက်ထိ ပြန်ဆင်းလာပြီး မေမေနဲ့ကျွန်တော်တို့နှစ်ယောက် ထိုင်နေတဲ့ဆီကို ဦးတည်ကြည့်လာရင်း. . .

"မင်းသားကို ဒီကရှေ့ စောင့်ကြည့်နေဦး ဒေါ်စိန်ချယ်ရေ၊ တော်ကြာ ငါတို့မသိအောင် တောတွေဘာတွေလည်း ထွက်သွားဦးမယ် သိလား"

တဲ့။





သူမ ဘုရားပေါ်ကဆင်းအလာကို ကျွန်တော်က သူမကားနားမှာပဲ ရပ်စောင့်နေလိုက်တယ်။ သိပ်တော့မစောင့်လိုက်ရပါဘူး။ နာရီဝက်လောက်စောင့်အပြီးမှာတော့ သူမပြန်ရောက်လာတယ်။

"ဟင်. . . ကျွန်း၊ ဘယ်တုန်းကရောက်နေတာလဲ၊ ဘုရားပေါ် မလာဘူးလား"

"အခုလေးတင်ရောက်တာပါ။ ကိုယ် ယဉ်ကျေးဆီကိုပဲလာတာပါ"

"ဟုတ်လား. . . ကိစ္စရှိလို့လား"

"ရှိတာပေါ့၊ ယဉ်ကျေး ကိုယ့်ကို ဒဏ်ဖြေမှုမပေးသေးတာ"

သူမက ပြုံးတယ်။ ပြီးတော့ လက်ထဲကပုတီးနဲ့ ပိုက်ဆံအိတ်ကို ကားတံခါးဖွင့်ပြီး ထည့်နေတယ်။ သူမရဲ့အေးတိအေးစက်ပုံစံကြောင့် ကျွန်တော် မချင့်မရဲဖြစ်သွားရပြီး. . .

# ရာဇဝင်အပို

"ယဉ်ကျေး. . . ကိုယ်"

သူမက လက်ကာပြတယ်။ ပြီးတော့ ပြုံးလိုက်ပြန်ရင်း. . .

"ဖြည်းဖြည်းပြောပါကျွန်းရယ်၊ ကျွန်မ ရှင့်အတွက် အဖြေတစ်ခုကို စဉ်းစားပြီးပါပြီ၊ ဒါပေမယ့် ဒီနေ့တော့ မပေးသေးဘူး၊ မနက်ဖြန်ကြရင် စိမ်းလန်းစိုပြည်ထဲက Zephyr မှာတွေ့ကြမယ်လေ၊ အဲဒီကျမှပေးမယ်၊ ဟုတ်ပြီလား"

"တကယ်နော်"

ကျွန်တော်က သူမကို လက်ညှိုးထိုးကာ ဆိုဖြစ်တော့ သူမကခေါင်းညိတ်တယ်။ ကျွန်တော့်ရင်ထဲမှာ ပန်းတွေအများကြီး ပွင့်သွားတယ်။





"ဘယ်လို. . . ကိုယ်က ပဋ္ဌင်းခံရမယ်၊ ဟုတ်လား"

သူမစကားအဆုံးမှာ ကျွန်တော် တအံ့တဩရေရွတ်မိတယ်။ သူမဆီက အဖြေကိုရဖို့ ကျွန်တော်က ပဋ္ဌင်းခံရမတဲ့လေ။ တား. . .။

"ဟုတ်တယ်၊ ကျွန်မမှာ ငယ်ငယ်လေးကတည်းက စိတ်ကူးထားတဲ့ စိတ်ကူးတစ်ခုရှိတယ်၊ အဲဒါက ကျွန်မရွေးချယ်မယ့်ကျွန်မချစ်သူကို ကျွန်မကိုယ်တိုင်ပဋ္ဌင်းခံပေး မယ်ဆိုတဲ့ စိတ်ကူးပဲ၊ အဲဒီတော့ ကျွန်မရဲ့အချစ်ကို လိုချင်ရင် ကျွန်းက လေးဆယ့်ငါးရက်တိတိ ပဋ္ဌင်းခံပေးပါ၊ အဲဒီပဋ္ဌင်း ဒကာဟာလည်း ကျွန်မပဲဖြစ်ရမယ်"

အောင်မလေး. . . ကြားလို့မှကောင်းကြသေးရဲ့လား အရပ်ကတို့ရေ။ ဒီလိုအဖြေပေးနည်းမျိုး ဘယ်မှာများကြားဖူးကြပါသလဲ။ ဒါပေမယ့်လည်းလေ. . . ဒါပေမယ့်ပေါ့။

အချစ်ခွန်အားက ကြီးလွန်းနေတဲ့အခါမှာတော့. . .။

ကျွန်တော်ပခွင်းခံပြီးတဲ့ညနေမှာတော့ ကျွန်တော့်မိဘတွေက ရေးကြီးသုတ်ပျာမှာနဲ့ရောက်လာပါတော့တယ်။

"အမလေး. . . သား. . . အဲလေ. . . ဦးဇင်းရယ်၊ ဘယ်လိုစိတ်ကူးနဲ့များ တပည့်တော်မတို့ကိုအသိမပေးဘဲ သာသနာ့ဘောင်ကို ရုတ်တရက်ကြီးဝင်လိုက်ရတာလဲဘုရား၊ တပည့်တော်မက ပခွင်းခံပေးချင်ပါတယ်၊ ပြောတုန်းကတော့ ဆောင်းရာသီမို့ခေါင်းအေးတယ်လေး၊ ဘာလေးပြောနေပြီးတော့"

လို့ဆိုသလို ဖေဖေကလည်း. . .

"အေးလေကွာ. . . အဲ. . မဟောင်လို့၊ ဟုတ်သားပဲ ဦးဇင်းရယ်၊တပည့်တော်တို့က ထမင်းရေချောင်းစီး မောင်းတီးလှူပြီး ပခွင်းခံပေးချင်တာ၊ အခုလိုမျိုး အလျင်စလိုဆုံးဖြတ်ပြီး သက်န်းစည်းပစ်လိုက်တာကိုတော့ နားမလည်နိုင်ပါဘူးဘုရား"





မိဘတွေကိုကြည့်ပြီး ကျွန်တော့်မှာ ဘာပြောရမှန်းမသိ။ ကိုယ်ကတော့ ကိုယ့်အကြောင်းနဲ့ကိုယ်လေ။ ဒီတော့. . .

"ဦးဇင်းလည်း မရည်ရွယ်ပါပဲနဲ့ ဝတ်ချင်စိတ်လေး ဖျတ်ခနဲပေါ်လာတုန်းမှာ ကောက်ဝတ်လိုက်တာပါ ဒကာကြီးတို့ရယ်၊ ဒကာကြီးတို့ကို အသိပေးနေရင် အချိန်တွေကြာပြီး ဦးဇင်းစိတ်ပြောင်းသွားမှာ စိုးလို့ပါ. . ."

ဆိုတော့ မေမေက ကျွန်တော့်မျက်နှာကို ကြည့်မဝသလိုငေးနေရင်းက. . .

"ဒါနဲ့ဦးဇင်းကသာသနာ့ဘောင်မှာ ဘယ်လောက်ကြာကြာများနေဖို့ စဉ်းစားထားပါသလဲဘုရား"

လို့မေးလာတော့ ကျွန်တော်က ခေါင်းလေးတညိတ်ညိတ်လုပ်လိုက်ရင်း. . .

"ပျော်သလောက်ပေါ့ ဒကာမကြီးရယ်. . . ပျော်သလောက်ပေါ့"

တကယ်တမ်းကတော့ လေးဆယ့်ငါးရက်ပြည့်အောင်တောင် မနည်းလှိမ့်ပိန့်ပြီး အောင့်အည်းနေရမှာပါ။

ထောင်ကာထွက်တဲ့နေ့၊ ရှင်လိင်ပြန်တဲ့နေ့နဲ့ မင်္ဂလာဆောင်တဲ့နေ့ဆိုပြီး ယောကျာ်းလေးတွေအတွက် အပျော်ဆုံးနေ့သုံးနေ့ရှိတယ်တဲ့။မှန်လိုက်တဲ့စကားဗျာ။ ကျွန်တော်ဦးဇင်းထွက်တဲ့နေ့ကပျော်လိုက်တာများပြောမနေပါနဲ့။ သူမအချစ်ကိုရတော့မယ်ဆိုတဲ့အတွေးက လူကိုလေဟာနယ်တစ်ခုထဲ ပြုတ်ကျသွားစေသလိုပါပဲ။

အဲဒီလိုအပျော်တွေကို ရင်ထဲမှာ အပြည့်အသိပ်လွယ်ပိုးရင်း ကျွန်တော့်ကို သင်္ကန်းလာချွတ်ပေးတဲ့ မေမေတို့နဲ့အတူပြန်လာခဲ့လိုက်တယ်။ အိမ်ရောက်လို့ရေမိုးချိုးအပြီးမှာပဲ မေမေကကျွန်တော့်အခန်းထဲကို ဝင်လာရင်း. . .

"သားရေ. . . ဒီမှာ မနေ့ကတုန်းက ကောင်မလေးတစ်ယောက် လာပေးသွားတာ၊ သား ဦးဇင်းထွက်လာ ရင်ပေးလိုက်ပါတဲ့"





ဆိုပြီး စာတစ်စောင်လာပေးတယ်။ မေမေထွက်သွားတော့မှ ကျွန်တော်က. . . စာကိုဖွင့်ဖောက်မိတယ်။

ကျွန်း. . .

ဒီနေ့ဆို ရှင် ဦးဇင်းထွက်လာလောက်ပြီနော်။ ဒီနေ့ကအင်္ဂါနေ့ဆိုတော့ မနက်ဖြန်ဗုဒ္ဓဟူးနေ့မှာ ရွှေတိဂုံဘုရားအောက်နားက ရှင့်စောင့်နေကျနေရာလေးမှာ ကျွန်မကိုမနက်ကိုးနာရီလောက် လာစောင့်နေပေးပါ။ ကျွန်မရှင့်ကို ချစ်ပါတယ်. . .

ယဉ်ကျေးသူ

ဟား. . .။ ပျော်လွန်းလို့ ကျွန်တော် အခန်းထဲမှာ သုံး[illegible]ပတ်လောက် ပတ်ပြေးပစ်လိုက်တယ်။ ဖြစ်နိုင်ရင် မနက်ဖြန်[illegible] အောင်တောင် မစောင့်ချင်တော့ဘူး။ ဒီနေ့ပဲ ပြေးတွေ့လိုက်ချင်[illegible]တော့တယ်။ တောက်! ဒီနေ့သာ ဗုဒ္ဓဟူးနေ့ဖြစ်လိုက်ပါတော့လား[illegible]. . .။

ရပ်ထားတဲ့ သူမကားကိုမှီထားရင်း သူမဘုရားပေါ်က ဆင်းအလာကို ရင်တခုန်ခုန်စောင့်နေမိတယ်။ ဆံပင်မရှိတဲ့ ကတုံး ပြောင်ပြောင်ကြောင့် အံ့နည်းငယ်နေရခက်ပေမယ့်လို့ အချစ် အတွက်ပေးဆပ်လိုက်ရတာပဲဟာ၊ တန်ပါတယ်။ အဲဒီအချိန်မှာ ပဲ. . .

"ကျွန်း"

အေးမြတဲ့ခေါ်သံလေးကြောင့် ရင်ခုန်သံတွေ ဝုန်းဒိုင်းကျဲ ကာ မြည်ဟီးသွားတယ်။ အသံလာရာဆီကို ကြည့်လိုက်မိတော့ ကျွန်တော့်ရဲ့ ရှားပါးမျိုးစိတ်လေးက နံ့သာရောင်ဝမ်းဆက်လေးနဲ့ ကျက်သရေရှိရှိလှလို့။ အဲဒီလိုလှပြီး ပြုံးပြနေတဲ့သူမကို မြင်လိုက် ရတဲ့အခါမှာတော့ ကျွန်တော့်စိတ်တွေလွတ်ထွက်သွားပြီး သူမဆီကို ပြေးသွားလိုက်ကာ သူမကို ခြေထောက်တွေကနေ သိမ်းကျုံးပြီး ပွေ့မပစ်လိုက်တယ်။





"ဟာ. . . ကျွန်း ဘာလုပ်တာလဲ၊ လူတွေကြည့်နေကြပြီ၊ မရှက်ဘူးလား၊ ချပေးအောက်ကို"

"မရှက်ပါဘူး၊ ကိုယ့်ချစ်သူကို ကိုယ်ချစ်လို့ပွေ့တာပဲဟာ"

ဆိုတော့ သူမက ပတ်ဝန်းကျင်ကိုဝေ့ဝဲကြည့်လိုက်ရင်း. . .

"ဟာ. . . ကျွန်းမရှက်ပေမယ့် ကျွန်မရှက်တယ်၊ အောက် ပြန်ချပေးပါဆို"

"ချဘူးကွာ"

"ချပေးလို့"

"ချပါဘူးဆို"

"ချပေးလို့ဆိုနေ"

"ချပါဘူးဆိုကွာ"

အဲဒီအချိန်မှာပဲ နားထဲကို တုတ်နဲ့အထိုးခံလိုက်ရသလို တဖျာမဆန်စွာ ဝင်ရောက်လာတဲ့ ယောကျ်ားသံကြီးတစ်သံက. . .

"မောင်ရင်. . . အိပ်ပျော်ပြီး တစ်ယောက်တည်း ယောင် နေတာနေတာလား. . . မောင်ရင်"

ဆိုမှ မျက်လုံးတွေကို အလန့်တကြားဖွင့်ကြည့်လိုက်မိ တယ်။ မြင်လိုက်ရတာက အသက်လေးဆယ်လောက်ရှိမယ့် ယောကျ်ားသားကြီးတစ်ယောက်။

"ဟင်!"

ဖြစ်ပုံများပြောပါတယ်။ ကျွန်တော်က သူမကားကိုမှီကာ

စိတ်ကူးတွေယဉ်နေမိတာလေ။ ဟား. . . ရှက်လိုက်တာ မပြောပါနဲ့။ ကိုယ့်အဖြစ်ကို ဘယ်သူတွေများမြင်သွားပါလိမ့်။ ဘာပဲဖြစ်ဖြစ် စိတ်ကူးကတော့အတော့်ကိုပဲ လှတဲ့စိတ်ကူးပါ။ ဟား. . . ဟုတ်ပြီ။ သူမလာရင် စောစောကစိတ်ကူးထဲကလို ပြေးပွေ့ပစ်လိုက်ရမယ်။ အားပါး. . . ဘယ်လောက် မိုက်လိုက်တဲ့ လပ်(ဖ်)ဆင်းလေးပါလဲ။

"အံ့ဩပါ့ကွာ၊ သူများကားကိုလာမှီပြီးတော့များ အိပ်ပျော်နေရတယ်လို့၊ ယောင်တောင်ယောင်နေလိုက်သေးတယ်၊ ကားတိုက်ပြီးလည်း သေနေပါဦးမယ်"

"အင်!"

ကျွန်တော်က ဦးလေးကြီးကို တစ်ခုခုပြောမလို့ပြင်လိုက်စဉ်မှာပဲ နောက်နားဆီက အသံလေးတစ်သံထွက်လာတယ်။

"ကျွန်း"

သူမရဲ့အသံ။ ကျွန်တော့်ရင်ထဲမှာ ဒိန်းခနဲဆောင့်ခုန်သွားတယ်။ ပြီးတော့ စောစောက စိတ်ကူးထဲကလို ပြေးပွေ့လိုက်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ လက်တွေကို ခပ်ကားကားလုပ်ထားလိုက်ကာ သူမရှိရာဘက်ကို အလှည့်မှာတော့. . .

"ဟင်!"

ကျွန်တော်တွေ့လိုက်ရတာက စောစောက စိတ်ကူးယဉ်ထားတဲ့ အထဲကလို နုံ့သာရောင်ဝမ်းဆက်လေးနဲ့ လှနေတဲ့သူမကို





တွေ့တော်ပါဘူး။ ကတုံးပြောင်ပြောင်လေးနဲ့ မယ်သီလရှင်တစ်ပါးတို့ပါ။

ကျွန်တော့်မျက်လုံးကိုကျွန်တော်တောင် မယုံနိုင်ဘူး။ သူမကို ပြေးပွေ့လိုက်ဖို့ ဆန့်တန်းထားတဲ့လက်တွေကလည်း လေထဲမှာ ကားကားကြီးရပ်တန့်သွားရတယ်။ တော်တော်ကြာတဲ့အထိလည်း သူမကိုကြည့်ပြီး ဘာစကားမှမပြောနိုင်သေးဘူး။ ပြီးမှလေထဲမှာ ကားကားကြီးဖြစ်နေတဲ့ လက်တွေက တဖြည်းဖြည်းချင်းပြန်စုလာကာ လက်အုပ်ချီသွားရရင်း. . .

"ယဉ်ကျေး. . . အဲလေ. . . ဆရာလေး. . ."

ကျွန်တော့်အသံက အီလည်လည်ကြီးနဲ့ထွက်သွားရသလိုမျက်နှာကလည်း အီလည်လည်ကြီးဖြစ်နေမှာ အသေအချာပါ။ သူမကတော့ ခေါင်းလေးတညိတ်ညိတ်နဲ့. . .

"ဒကာလေး နေကောင်းတယ်နော်"

တဲ့။

"နေကောင်းတာပေါ့ဘုရား၊ စောစောကဆို နေကောင်းတာမှဒေါင်ဒေါင်ကိုမြည်နေတာ၊ အခုတော့ ခေါင်းတွေကိုက်ချင်လာသလိုပဲ၊ ဘယ်လိုဖြစ်ရတာလဲဘုရား၊ တပည့်တော်ကတော့ ဆရာလေးပေးခဲ့တဲ့စာကြောင့် အပျော်ကြီးပျော်ပြီးလိုက်လာမိတာ၊အခုတော့ အခုတော့. . . အဟင့်"

တကယ်ပါ။ ပြောနေရင်းကနေ ကျွန်တော့်စိတ်ထဲမှာ

ကလေးတွေလိုမျိုး မြေကြီးမှာ ခြေဆင်းပြီးတော့ ငိုပစ်လိုက်ချင်စိတ်တွေတဖွားဖွားကိုပေါ်လာတယ်။ သူမကတော့ စောစောကလို ခေါင်းလေးတညိတ်ညိတ်နဲ့. . .

"အင်း. . . အဲဒါက ဆရာလေးကိုယ်တိုင် သွားပေးခဲ့တာပါကွယ်၊ အဲဒီက အပြန်မှာပဲ ဆရာလေးသာသနာ့ဘောင်ကို ဝင်ရောက်ခဲ့တာပါ"

"ရက်စက်လိုက်တာ ဆရာလေးရယ်. . . ဟွင့်. . . ဟွင့်၊ တပည့်တော်က ဆရာလေးလူထွက်အလာကို စောင့်ရဦးမှာပေါ့နော်၊ ဆရာလေးက သာသနာ့ဘောင်မှာ ဘယ်လောက်ကြာကြာနေမှာလဲဟင်"

ဆိုတော့ သူမက ကတုံးပြောင်ပြောင်လေးနဲ့ခေါင်းကို ခပ်ဖြည်းဖြည်းချင်းလေး ညိတ်လိုက်ပြန်ရင်း. . .

"ပျော်သလောက်ပေါ့ကကာလေးရယ်"

"ဗျာ!"

နောက်တော့ သူမက ကျွန်တော့်တို့အနားမှာရှိတဲ့ စောစောက ဦးလေးကြီးကို ကြည့်လိုက်ရင်း. . .

"သွားကြရအောင်"

တဲ့။ ဦးလေးကြီးက တံခါးဖွင့်ပေးတော့ ဆရာလေးတစ်ဖြစ်လဲ သူမက ကားပေါ်ကို ဆင်မ၊ ယဉ်သာလေး တက်သွားတော့တယ်။ ကျွန်တော့်မှာတော့. . . ကျွန်တော့်မှာတော့ ဟင်း. . . ဘယ်လို





တဖွဲ့ပြရမှန်း တောင်မသိတော့ပါဘူး။

မျှော်လင့်မထားမှုကြောင့် လူတစ်ကိုယ်လုံးက ကတုန်ကယင်ဖြစ်ပြီး ရပ်နေမိတာအကြာကြီး။ ခြေထောက်တွေလည်း သာခွေယိုင်လာလို့ ကားဆီရောက်အောင်တောင် မနည်းပြန်လျှောက်လာရတယ်။

ရက်စက်လိုက်တာ ဆရာလေးရယ်. . . ရက်စက်လိုက်တာ. . . ဟီးဟီး. . . ဟီး။

# ရဇဝဓိအဦ

ကျွန်တော့်ရဲ့ရှားပါးမျိုးစိတ်လေးကို ကျွန်တော်စောင့်နေခဲ့ပါတယ်။ တစ်နေ့ရောက်လာနိုး တစ်နေ့ရောက်လာနိုးနဲ့ပေါ့။ ဒါပေမယ့် အချိန်တွေသာ တစ်ရက်ပြီးတစ်ရက်၊ တစ်လပြီးတစ်လ ကုန်သွားပါတယ်။ သူမကတော့ သာသနာ့ဘောင်မှာ ပျော်မွေ့နေဆဲပါပဲ။

အဲဒီလိုနဲ့ သုံးလတင်းတင်း ပြည့်သွားပြီးတဲ့အချိန်မှာပဲ ကျွန်တော့်ဘဝထဲကို နှစ်ဆယ့်တစ်ရာစုခေတ်ရဲ့ ဖိုက်တာမလေးက ဝင်ရောက်လာခဲ့တာ ဖြစ်ပါတယ်။



# အပိုင်း (၂)



## ကျွန်တော်နှင့် ..................

## နှစ်ဆယ့်တစ်ရာစုဖိုက်တာမလေး





# ကျွန်တော်နှင့် နှစ်ဆယ့်တစ်ရာစုမိန်းမပျိုများ

"သားရေ. . . ဒီနေ့တော့ အမေနဲ့ဈေးလိုက်ခဲ့ပါဦးကွယ်၊ အမေလက်နာနေလို့ ဈေးခြင်းတောင်း မသယ်ချင်ဘူး၊ ဟိုကောင်မလေးပုတက်ကလည်း ဖျားနေတယ်၊ လိုက်ခဲ့နော်သား"

ဆိုတဲ့ မေမေ့ရဲ့စကားကို မလွန်ဆန်နိုင်တဲ့ကျွန်တော်က အမေ့နောက်ကနေ ဈေးခြင်းတောင်းကြီးကို ဆွဲပြီးလိုက်ခဲ့ရတော့တယ်။ မေမေကလည်း ဈေးထဲမှာ အတော့်ကိုပဲလျှောက်နိုင်တာပါ။ ခြင်းထဲမှာသာ တစ်ခုပြီးတစ်ခုရောက်လာပြီး ပြည့်လာတယ်။ မေမေကတော့ ပတ်လို့ကောင်းတုန်း။

"မေမေ မဝတော်သေးဘူးလားဗျာ၊ ဒီမှာ ခြင်းထဲမှာလည်း ပြည့်နေပြီ၊ ကျွန်တော်ခေါင်းတွေတောင် မူးလာပြီဗျာ"

"ပြီးပါပြီသားရယ်၊ ကြက်သားလေးနည်းနည်းဝယ်ပြီးရင်

ပြီးပြီ”

ဒီလိုနဲ့ အသားငါးတွေရောင်းတဲ့ဘက်ကို ရောက်လာကြပြန်တယ်။ အဲဒီမှာပေါ့၊ ကျွန်တော့်ရဲ့ ဖိုက်တာမလေးက ငါးတစ်ချောင်းကို ကျင်လည်စွာခုတ်ရင်း ကျွန်တော့်ကို စောင့်ကြိုနေခဲ့တာ။

“သမီးရေ. . . အန်တီ့ကို ကြက်သားလေး အစိတ်သားလောက် ကွယ်၊ စီပီ မဟုတ်ဘူးနော်သမီး၊ ဗမာကြက်ပဲလိုချင်တာ၊ ငွေးတောက်ရှက်နဲ့ချက်မှာဆိုတော့ ဗမာကြက်ကမှ ချိုတာကွယ့်”

မေမေ့အသံက ကျွန်တော့်နားထဲမှာ ကြားတစ်ချက်မကြားတစ်ချက်။ ဈေးထဲမှာ ဆူညံပွက်လောရိုက်နေတဲ့အသံတွေလည်း မီးကိုရေနဲ့ ငြိမ်းလိုက်သလို ရှဲခနဲ တိတ်သွားတယ်။ ကျွန်တော့်မျက်လုံးထဲမှာလည်း သူမတစ်ယောက်ကလွဲပြီး ဘာကိုမှ မမြင်တော့ဘူး။

“ဟုတ်ကဲ့. . . အန်တီ၊ အစိတ်သားနော်”

“အင်း. . . ဟုတ်တယ်၊ အလေးလေးတော့ ပြည့်ပြည့်ချိန်နော်သမီး၊ အန်တီက ဆွမ်းပို့မှာဆိုတော့ သမီးလည်း ကုသိုလ်ရတာပေါ့”

“စိတ်ချပါအန်တီရယ်၊ သမီးက ဘယ်တော့မှ အလေးမလုပ်ပါဘူး၊ အန်တီလည်း သမီးဆီမှာဝယ်လာတာကြာပြီပဲ၊ လျော့ဖူးလို့လား”





ပြောရင်း သူမအကြည့်က ကျွန်တော့်ဆီဖျတ်ခနဲရောက်လာတယ်။ ရင်ထဲမှာ ဒိန်းခနဲ။ ဒါပေမယ့်သူမအကြည့်က ခဏလေးပါပဲ။ ကျွန်တော့်ဆီက အကြည့်ကိုဖျတ်ခနဲလွှဲသွားပြီး သူမအလုပ်ကို သူမ ဆက်လုပ်နေတော့တယ်။

အမွှေးနုတ်ရေနွေးထားတဲ့ ကြက်တစ်ကောင်ကို ခြေထောက်ကကိုင်ကာ ဓါးတစ်ချောင်းနဲ့ ကျင်လည်စွာခုတ်ထွင်နေပုံက ကျွန်တော့်မျက်စိထဲမှာ ဘယ်လိုကြည့်ကောင်းမှန်းကို မသိဘူး။ (သူများအသက်ကို သတ်တဲ့အလုပ်ဆိုပေမယ့် ချစ်တဲ့မျက်လုံးနဲ့ကြည့်မိတဲ့အခါ လှနေတာလေ) ကျွန်တော့်မျက်လုံးထဲမှာ ကြက်တွေကို ကြက်လို့မမြင်ဘဲ ကြက်တွေနေရာမှာ တစ်ကိုယ်လုံး အနက်ရောင်တွေဝတ်ထားပြီး မျက်နှာမှာလည်း အနက်ရောင် မျက်နှာဖုံးတွေစွပ်ထားတဲ့ တရုတ်ကားထဲက လူဆိုးတွေလိုမျိုး လူတွေကနေရာဝင်ယူလာတယ်။ ပြီးတော့ အရောင်လွင့်ထမီတစ်ထည်နဲ့ ရှပ်အင်္ကျီအကွက်တစ်ထည်ကို တံတောင်ဆစ်လောက်အထိ လက်ခေါက်ဝတ်ထားတဲ့ သူမပုံစံက ချက်ချင်းဆိုသလို တရုတ်သိုင်းကားတွေထဲမှာတွေ့ရတဲ့ တရုတ်မင်းသမီးတွေရဲ့ ပုံစံအတိုင်း အဖြူရောင်အင်္ကျီဖားဖားကြီးနဲ့ ဖြစ်သွားတယ်။ နောက်တော့ သူမနဲ့အဲဒီလူဆိုးကြီးတွေ လေထဲမှာ ဓါးသိုင်းတွေတစ်ကွက်ပြီးတစ်ကွက်ထုတ်သုံးပြီး တော့ချကုန်ကြတယ်။ ဒါပေမယ့် ခဏလေးပါပဲ။ (တရုတ်သိုင်းဇာတ်တွေကလို ပြောရရင်) သူမဘယ်လိုလုပ်လိုက်တယ်မသိဘူး။

အနုက်ရောင်ဝတ်လူဆိုးတွေ အတုံးအရုံး ဖြစ်သွားတယ်။

"ဟဲ့သား. . . ဟဲ့"

ကျွန်တော် ဘယ်လောက်ကြာအောင် စိတ်ကူးယဉ်မိသွားတယ်မသိဘူး။ မေမေက ခန္ဓာကိုယ်ကို လှုပ်တိုင်ခေါ်တော့မှ သိုင်းလောကထဲကနေပြန်ထွက်လာနိုင်တယ်။

"အင်. . . ဗျာ. . . အမေ"

"ဘာတွေတွေးနေတာလဲ၊ သွားမယ်လို့"

"ဪ ဟုတ်. . . ဟုတ်"

မသွားခင် သူမကို တစ်ချက်ကြည့်လိုက်မိပြန်တယ်။ သူမကလည်း ကျွန်တော့်ကို သိုင်းလောကထဲမှာများ တွေ့လိုက်မိသလားမသိဘူး။ သူမ. . . နှုတ်ခမ်းတွေကပြုံးလို့။





ညအိပ်တော့လည်း ဖိုက်တာမလေးက ကျွန်တော့်အိပ်မက်ထဲကိုရောက်လာပြန်တယ်။ ကျွန်တော်နဲ့သူမက သိုင်းလောကထဲမှာကျင်လည်ကျက်စားနေသတဲ့လေ။ ပြီးတော့ နှစ်တစ်ထောင်လက်ညီးအတွင်းအားသိုင်းဆိုတာကိုလည်း ကျင့်နေသေးသတဲ့။ အိပ်မက်နိုးတော့. . . ရယ်လိုက်ရတာ အူတွေတောင်နာလို့. . .။

ဒီလိုနဲ့ မနက်လင်းတယ်ဆိုတာနဲ့ ကျွန်တော်က ရေမိုးချိုးအဝတ်အစားလဲပြီးတော့ အောက်ထပ်ကို ဆင်းလာခဲ့လိုက်တယ်။ ထမင်းစားခန်းထဲမှာ ဖေဖေနဲ့မေမေရောက်နေကြပြီ။

"မောနင်း. . . သား"

ဖေဖေ့ရဲ့စကားကို ကျွန်တော်က ခေါင်းတစ်ချက်ညိတ်ပြလိုက်ရင်း. . .

"ဟုတ်ကဲ့. . . မောနင်းဖေဖေ"

လို့ဆိုဖြစ်တယ်။ ပြီးတော့ ထိုင်ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်ပြီးနောက်. . .

"မေမေ. . . ဈေးမသွားဘူးလား၊ သားလိုက်ပို့ပေးမယ်လေ"

"ဟဲ့. . . မနေ့ကမှ ဈေးသွားထားတယ်လေ"

"ဟင်. . . နေ့တိုင်းဈေးမသွားဘူးလား"

"မသွားပါဘူးဟယ်၊ သုံးရက်တစ်ခါပဲသွားတာပါ၊ နေ့တိုင်းသာဈေးသွားရရင် သေရချည်ရဲ့"

ကျွန်တော် အဲတော့ကိုပဲ စိတ်ပျက်သွားရပါတယ်။ ခဲလေသမျှ သဲရေကျဖြစ်ရပြီ မဟုတ်လား. . .။

"ဟာ. . . မေမေကလည်း၊ သုံးရက်လုံးစာကို တစ်ခါတည်းဝယ်ဝယ်ထားတော့ အသီးအရွက်တွေက ဘယ်လိုလုပ်လတ်လတ်ဆတ်ဆတ်ရှိတော့မှာလဲ၊ အဲဒါကျန်းမာရေးနဲ့မညီညွတ်ဘူးနော်. . . သိလား"

"အမလေးတော်၊ ကျုပ်တို့ဒီလိုပဲလုပ်လာတာ တော့်တစ်သက်ရှိပါပြီ၊ ဘာမလတ်စရာရှိလဲ၊ ရေခဲသေတ္တာထဲထည့်ထားတာပဲဟာ၊ ပြီးတော့ ဈေးတစ်ခေါက်သွားရတာလွယ်တယ်မှတ်နေလား. . . သူ့ကိုတစ်ခါတစ်လေခေါ်သွားတာတောင် မျက်နှာက ပုပ်သိုးနေတာကိုများ၊ ပြီးတော့





ဟိုပုတက်ချည်းပဲလည်း လွှတ်လို့ရတာမဟုတ်ဘူး၊ ငါပါမှဖြစ်တာဟဲ့"

"ဒါဆို သားလိုက်ပို့မယ်လေ"

ဆိုတော့ မေမေက စူးစမ်းသလိုကြည့်လာရင်း. . .

"ဒီကောင်လေး ဘယ်နှယ် ငါ့ကို ဈေးချည်းလွှတ်နေပါလိမ့်၊ ပြောစမ်း၊ နင်ဘာတွေကြံစည်နေတာလဲ"

ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွားတယ်။ ဒါပေမယ့်

တယ်မလား. . .။ ကျွန်းပဲဟာ။ နာမည်တစ်လုံးနဲ့နေတဲ့လူလေ။

"ဟမ်! ဘာမှမကြံပါဘူး၊ ဟင်းသီးဟင်းရွက်တို့ အသားငါးတို့ကို လတ်လတ်ဆတ်ဆတ်စားရအောင်လို့ အကြံပေးတာပါ၊ ဖေဖေတို့ မေမေတို့ကို အသက်ရှည်အောင်လို့ပြောတာ"

ပြောပြီး ယုံမယုံကို မေမေ့မျက်နှာဆီ အသာလှမ်းအကဲခတ်ရသေးတယ်။ ယုံမယုံတော့ မသိဘူး။ မေမေ့တုန့်ပြန်မှုကတော့ င်းပါတယ်။

"အသက်မရှည်ချင်လည်းနေဟယ်၊ နေ့တိုင်းတော့ ဈေးမသွားနိုင်ဘူး၊ လတ်လတ်ဆတ်ဆတ်စားလို့ အသက်ရှည်မှာက နောက်မှ၊ နေ့တိုင်းဈေးသွားရလို့ ဒူးနာမှာကအရင်၊ အဲဒီတော့. . . မသွားနိုင်ဘူး. . . ဒါပဲ"

ကျွန်တော့်မျက်လုံးထဲမှာ မေမေ့ပုံစံက ကျွန်တော်ကြည့်ဖူး

တဲ့ တရုတ်သိုင်းကားတစ်ကားထဲက အောက်လမ်းသိုင်းတွေကျင့်ထားတဲ့ အဖွားအိုကြီးပုံစံဖြစ်သွားတယ်။ အကျီကြီးဖို့ယို့ဖားယားနဲ့ ဆံပင်တွေက တစ်ခေါင်းလုံး ဖြူဖွေးရှုပ်ပွနေပြီး လက်ထဲမှာက ဓါးကောက်ကြီးတစ်ချောင်းနဲ့။ အဲဒီအချိန်မှာပဲ မေမေက လက်ထဲမှာကိုင်ထားတဲ့ ဓါးကောက်ကြီးနဲ့ ကျွန်တော့်ရဲ့ခေါင်းမှာထောင်နေတဲ့ ဆံပင်တွေထဲက တစ်မွေးတည်းကိုပဲ တီခနဲနေအောင် ခုတ်ပိုင်းပြလိုက်ရင်း. . .

"မြင်တယ်မှုလား၊ ငါ့ကိုလာကျောရင် အဲဒီဆံပင်နေရာမှာနင့်လည်ပင်းဖြစ်သွားမယ်၊ ဟွင်း. . . ဟွင်း. . . ဟွင်း. . နင့်ထက် အရင် ယောဒီသိုင်းလောကထဲမှာ ငါကျင်လည်လာတာပါ၊ ဒီလောကအတွင်းအားလေးနဲ့ လာမစမ်းနဲ့၊ ငါကနင့်ထက်ပိုစွမ်းတယ်. . . မှတ်ထား"

အတွေးအဆုံးမှာ သောက်နေတဲ့ကော်ဖီတောင် သီးသွားရပါတယ်။ ဩော်. . . ကိုယ်တော်တော် ဝါနုသေးတာပဲ။





မေမေ့ကို စည်းရုံးလို့မရတဲ့ ကျွန်တော်က ဈေးထဲကို ကိုယ့်အသာပဲ ထွက်လာခဲ့လိုက်ပါတယ်။ ပြီးတော့ သူမကြက်သားချောင်းနေတာကို အဝေးကနေ အသာချောင်းကြည့်ရင်း ဘယ်လိုနည်းသုံးရရင် ကောင်းမလဲလို့ စဉ်းစားရတယ်။ နောက်ဆုံးတော့ ကြံရာမရတဲ့အဆုံး ကြက်သားဝယ်ဖို့ကိုပဲ ဆုံးဖြတ်လိုက်ရင်း သူမရှိရာကို ခပ်တည်တည်ပဲ လျှောက်လာခဲ့လိုက်တယ်။

"အဟမ်း. . . အဟမ်း"

ကျွန်တော်က ချောင်းဟန့်ပြလိုက်တော့မှ သူမအကြည့်က ကျွန်တော့်ဆီရောက်လာတယ်။ သူမက ကျွန်တော့်ကို မှတ်မိပါတယ်။

"ဩော်. . . အစ်ကို၊ ကြက်သားဝယ်မလို့လားရှင့်"

"ဟုတ်. . အဲ. . . အင်း. . ဟုတ်တယ်၊ ကြက်သားဝယ်ချင်လို့"

သူမက ကျွန်တော့်ထက်ငယ်ပုံပါပဲ။ သနပ်ခါးပါးကွက်ကြားပါးပါးလေးလိမ်းပြီး သွားပွတ်တံအစင်းရာလေးတွေခြစ်ထားတာလေးက ကျွန်တော့်ကို ရင်ခုန်သံမြန်စေတယ်။

"ဘယ်လောက်သားယူမှာလဲအစ်ကို၊ ပြီးတော့. . . စီပီလား၊ ဗမာကြက်လား"

"စီ. . . စီပီ၊ ငါးဆယ်သားလောက်" -

ပါးစပ်ထဲရှိတာကိုပဲ ပြောချလိုက်တယ်။ သူမက ကျွန်တော့်ကို တစ်ချက်ပြုံးပြကာ ဓါးတစ်ချောင်းနဲ့ ကျင်လည်စွာခုတ်နေတော့တယ်။

"ဒီနေ့ အန်တီမပါဘူးလားအစ်ကို၊ တစ်ယောက်တည်းပေါ့"

"ဟုတ်တယ်. . . အတွာ. . . မေမေက ဒူးနာနေလို့"

"ဪ. . . ဟုတ်၊ အသက်ကြီးလာရင် ဒီလိုပါပဲအစ်ကိုရာ၊ မြသွေးအမေဆိုလည်း ဒူးနာရှိတယ်၊ အရင်က ဒီနေရာမှာ မေမေရောင်းတာလေ၊ မေမေက ကျန်းမာရေးသိပ်မကောင်းလို့ အခုနောက်ပိုင်း မြသွေးပဲရောင်းနေတာ"

"ဪ. . . အင်း၊ နာမည်က မြသွေးတဲ့လား၊ ကိုယ်နာမည်ကိုလည်းမှတ်ထား၊ ကျွန်းတဲ့. . . တစ်လုံးတည်းပဲ"

"ဟုတ်အစ်ကို၊ မြသွေးနာမည်အပြည့်အစုံက မြသွေးချိုပါ၊ ရပြီအစ်ကို"





သူမက ကြက်သားထုပ်ကိုကမ်းပေးလာတော့ ကျွန်တော်က ကျသင့်ငွေကို ရှင်းပေးလိုက်တယ်။

"အန်တီ့ကိုလည်း ပြောလိုက်ဦးနော်အစ်ကို၊ မြသွေးပိုပိုသာသာ ထည့်ပေးလိုက်တယ်လို့"

"ဪ. . . အင်း၊ ပြောလိုက်ပါ့မယ်၊ သွားမယ်နော်"

"ဟုတ်အစ်ကို၊ နောက်လည်း လာအားပေးဦးနော်"

ကျွန်တော်က သူမကိုပြုံးပြကာ လှည့်ထွက်လာခဲ့လိုက်တယ်။ သေချာပါတယ်။ ကျွန်တော်သူမကို ချစ်မိသွားတာ သေချာသွားပါပြီ။ ယဉ်ကျေးက အခုထိသာသနာ့ဘောင်မှာ ပျော်နေတာဆိုတော့ ထွက်ချင်မှလည်း ထွက်လာတော့မှာပါ။ ဒီတော့ ကျွန်တော်အသစ်ရှာတာ လွန်တယ်လို့တော့ ပြောလို့မရပါဘူးနော်။ ပြီးတော့ အခုတွေ့ထားတဲ့ ကျွန်တော့်ရဲ့ ဖိုက်တာမလေးက ယဉ်ကျေးလိုလည်း သီလရှင်ဝတ်မယ့်ပုံမပေါ်ပါဘူး။ ဒီတော့ ကျွန်တော်နဲ့ပိုပြီး သင့်တော်တယ်မဟုတ်လား။

ကြက်သားထုပ်ကိုင်ရင်း ကိုယ့်အတွေးနဲ့ကိုယ် အိမ်ပြန်လာခဲ့လိုက်တယ်။ ကြက်သားနံ့ကလည်း ကျွန်တော့်ရဲ့ဖိုက်တာမလေးခုတ်ပေးလိုက်တဲ့ကြက်သားမို့လို့လားမသိပါဘူး။ နှာခေါင်းထဲမှာမွှေးမျှားနေသလားလို့။

"ဟဲ့သား. . ကြက်သားတွေ ဝယ်လာတယ်၊ ဟုတ်လား၊ အလုပ်ဖို့တုန်း"

မေမေကတော့ ကျွန်တော့်လက်ထဲက ကြက်သားထုပ်ကိုကြည့်ပြီး တအံ့တသြ။ ဒီတော့ ကျွန်တော်ကလည်း ကြိုတင်တွေးထားပြီးသားဖြစ်တဲ့ အကြောင်းပြချက်တစ်ခုကို ပြောရတော့တာပေါ့။

"ကြက်သားကြော်နဲ့ ထမင်းစားချင်လို့ပါ မေမေရာ၊ သားကို ကြွပ်ကြွပ်လေးကြော်ပေးနော်"

ပြောပြီး အသာလှည့်ထွက်လာခဲ့လိုက်တယ်။ တော်ကြာစကားကြောထပ်ရှည်နေရင် ကိုယ့်ပေါင်ကိုယ်လှန်ထောင်းမိမှာ စိုးရတယ်လေ။





မေမေ့ရဲ့အခန်းတံခါးကို တဒုန်းဒုန်းထုလိုက်ရင်းကနေ ါးစပ်ကလည်း အသံကုန်ဟစ်ပြီးအော်ရတယ်။

"မေမေ. . . ထတော့လေ၊ ငါးနာရီတောင်ထိုးနေပြီဗျာ၊ မေမေ"

အထဲက တုတ်တုတ်မျှမလှုပ်။ ဒီတော့ ကျွန်တော်ကလည်း နာမည်တစ်လုံးနဲ့နေလာတဲ့သူပဲဟာ၊ ဘယ်ဖွဲလျှော့ပါ့မလဲ။

"မေမေထတော့ပါဆို. . . မေမေ၊ ဖေဖေ. . . ဖေဖေ့ဘေးက မေမေ့ကို နှိုးလွှတ်လိုက်ပါဦး၊ မနက်ငါးနာရီထိုးနေပြီ၊ ထတော့လို့. . ."

အဲဒီလိုတကြော်ကြော်နဲ့ လိပ်ခေါင်းထွက်မတတ်အော်ခေါ်၊ လက်ကလည်း တံခါးပေါက်ကို မရပ်မနား တဒုန်းဒုန်းထုနေပြီး ခဏအကြာမှာတော့ အိပ်မှုန်စုံမွှားနဲ့ မေမေက တံခါးပေါက်ဝမှာ ပေါ်လာရင်းကနေ. . .

"ဟဲ့. . . စောစောစီးစီးဘာဖြစ်နေတာလဲ၊ အော်ဟစ်နေတာ ကမ္ဘာပျက်နေတဲ့အတိုင်းပဲ၊ ပြော. . . ဘာလဲ"

"ဟာ. . . မေမေကလည်း၊ ဒီနေ့ဈေးမသွားတာသုံးရက်မြောက်တဲ့နေ့၊ ဒီနေ့ဈေးသွားရမယ့်နေ့လေ"

ဆိုတော့ မေမေက မျက်မှောင်ကုတ်လိုက်ရင်းက. . .

"အဲဒါဘာဖြစ်တုန်း"

"ဘာဖြစ်ရမှာလဲ၊ ဈေးသွားဖို့ပြင်တော့လေဗျာ၊ တော်တော်ကြာနောက်ကျနေဦးမယ်၊ ဈေးဝယ်တယ်ဆိုတာ စောစောလေးဝယ်မှ လတ်လတ်ဆတ်ဆတ်ရမှာပေါ့၊ နေမြင့်မှသွားရင် သူများရွေးပြီးသားတွေပဲ ကျန်တော့မှာပေါ့၊ ဘယ်လိုလုပ်ကျန်းမာရေးနဲ့ ညီညွတ်တော့မှာလဲ၊ ဒီမှာ လိုက်ပို့မယ့်သားတောင် အားလုံးပြင်ဆင်ပြီးနေပြီ"

"ဘုရားရေ!"

မေမေက အလန့်တကြားဟန်နဲ့ ရင်ဘတ်ဖိကာ ဘုရားတတယ်။ ပြီးတော့ "မှန်းစမ်း" ဆိုပြီး ကျွန်တော့်မျက်လုံးတွေကို ဖြကာသေသေချာချာကြည့်သလို "လျှာပါထုတ်စမ်း" ဆိုပြီး လျှာကို ပါစေ့စေ့ပေါက်ပေါက်ကြည့်ပြန်တယ်။ ဒီတော့ ကျွန်တော်က မေမေ့လက်တွေထဲကနေလွတ်အောင် နောက်ဘက်ကို ခြေတစ်လှမ်းဆုတ်လိုက်ရင်း. . .

"ဟာ. . . ဘာလဲမေမေရဲ့"





ဆိုတော့ မေမေက မျက်တောင်ကိုပေကလပ်ပေကလပ်လုပ်လိုက်ရင်း. . .

"နင်. . . ဆေးများမှားသောက်ထားသလားလို့"

"ဟာဗျာ. . . ကျွန်တော်က ဘယ်ဆေးကိုမှားသောက်ရဦးမှာလဲ. . . အကောင်းကြီး"

"ဒါဆို. . . ကိုဘကိုနှိုးပြီးမေးဦးမှပါ၊ သူ့အမျိုးတွေထဲမှာ အရူးတွေဘာတွေများရှိသလားလို့၊ အရူးမျိုးရိုးလိုက်ပြီနဲ့တူတယ်"

"ဟာဗျာ. . . မေမေကလည်း၊ ကျွန်တော်မရူးပါဘူး၊ ဈေးသွားမယ်ပြောတာနဲ့ ရူးရရောလား"

"ဟဲ့. . . မရူးရင် အခုလို နင်လာပြောမလားဟဲ့၊ ဒီအချိန်ကြီးမှာဘယ်ဈေးသည်မှ မလာသေးဘူး၊ အိပ်ရာကတောင် ထကြသေးဦးမှာမဟုတ်ဘူး၊ နင်ပဲသွား. . . တစ်ယောက်တည်းဈေးကို၊ စည်ပင်ကလူတွေနဲ့ဝိုင်းပြီး အမှိုက်သိမ်းကူလိုက်ပေါ့"

"အင်! "

"ပြီးတော့ ဒီနေ့ငါဈေးမသွားဘူး၊ ပုတက်ကိုပဲ နည်းနည်းပါးပါး သွားဝယ်ခိုင်းလိုက်မှာ၊ ဒီနေ့မင်္ဂလာဆောင်တစ်ခုရှိလို့"

"ဗျာ!"

"မဗျာနဲ့၊ သွားတော့၊ စောစောစီးစီး ရှုးကြောင်မူးကြောင်နဲ့ ဘာတွေလာပြောနေမှန်းမသိဘူး၊ သေချာပါတယ်၊ ကိုဘတင့်အမျိုးတွေထဲမှာ ရူးနေတဲ့သူ ရှိကိုရှိရမယ်၊ နင့်ကို မျိုးရိုးလိုက်တာပဲနေမှာ"

ပြောပြီး တံခါးကိုဝုန်းခနဲမြည်အောင် ဆောင့်ပိတ်သွားတယ်။ ကိုယ့်မှာသာ အိပ်ရေးပျက်ခဲ့ပြီး လေးနာရီလောက်ကတည်းက ထကာ ပြင်ဆင်ထားခဲ့ရတာတွေ အလကားဖြစ်သွားတယ်။

ဘာတဲ့. . . ငါဒီနေ့ဈေးမသွားဘူး ဆိုပဲ။ ဟား. . . သူမသွားသွားပေါ့။ သူ မသွားလည်း. . . ကျွန်တော်ကတော့ သွားမှာပဲ။





မေမေ့ကို စည်းရုံးရေးဆင်းမရတဲ့ ကျွန်တော်က ဈေးထဲကို ဘစ်ယောက်တည်းပဲ ဘယ်သူ့မှဂရုမစိုက်ဘူးဆိုတဲ့အထာနဲ့ ထွက်လာခဲ့လိုက်ပြန်တယ်။ ပြီးတော့ ခပ်တည်တည်ပဲ သူမဆိုင်ရှေ့ကို ရောက်သွားလိုက်ရင်းက. . .

"ညီမရေ. . . ကိုယ့်ကို ကြက်သား ငါးဆယ်သားလောက်"

လို့ ပြောလိုက်တယ်။ ကဲ. . . ဘယ်လောက်လွယ်လိုက်ပါသလဲ။

"စိပိပဲလား အစ်ကို"

"အင်း. . စိပိပဲ"

ပြီးတော့ သူမမျက်နှာလေးကို ငေးနေလိုက်တယ်။ အဲဒါက လွယ်သလောက် ခက်နေတာက သူမကိုဖွင့်ပြောဖို့ကိစ္စပဲ။ သူမက တစ်နေ့. . . တစ်နေ့. . . ဒီဈေးထဲမှာပဲ အချိန်ကုန်နေတာဆိုတော့ သူမမြင်သာအောင် ဘယ်လိုနည်းနဲ့များ ကျွန်တော့်အချစ်တွေကို ဖွင့်ပြရပါ့မလဲ။ ပြီးတော့ သူမက မါးကိုင်ကျွမ်းကျင့်အဆင့် ဖိုက်တာမလေးလေ။ ကိုယ်က ဖွင့်ပြောလိုက်မှ မတော်ဓါးနဲ့ထခုတ်ရင် ဘယ်

လိုလုပ်မလဲ။ အင်း. . . ဘဝပေးအခြေအနေအရ ဒီအလုပ်ကိုလုပ်နေရပေမယ့်လို့ သူမမျက်နှာလေးကတော့ ကြင်နာတတ်မယ့်ပုံလေးပါ။ ကိုယ်တွေးကြောက်နေသလောက်တော့ လုပ်မယ်မထင်ပါဘူး။

"ရပြီအစ်ကို"

သူမဆီက အသံထွက်လာမှ အတွေးစက ပြတ်တောက်သွားရတယ်။

"ဪ. . . အင်း"

ကျသင့်ငွေကို ရှင်းပေးလိုက်ပြီးပေမယ့် ကျွန်တော်က ထွက်မသွားမိသေးဘူး။ မေးရင်ကောင်းမလား၊ မမေးရင်ကောင်းမလားနဲ့ ချီတုံချတုံဖြစ်နေစဉ်မှာပဲ. . .

"ဘာလိုသေးလို့လဲအစ်ကို၊ မြွေသွေးပိုက်ဆံအမ်းတာ လွဲနေလို့လားဟင်"

"ဪ. . . မဟုတ်ပါဘူး၊ ဟိုဟာ"

ဆိုပြီး သူမမျက်နှာ အရိပ်အကဲကို ကြည့်လိုက်မိသေးတယ်။ နောက်မှ စိတ်ကိုဒုံးဒုံးချလိုက်ရင်း. . .

"ညီမက တစ်နေကုန်ဈေးရောင်းရတာလား"

"မဟုတ်ပါဘူးအစ်ကိုရဲ့၊ မနက်ခင်းဆယ်နာရီလောက်အထိပါပဲ၊ အဲအချိန်လောက်ဆိုရင် ကြက်သားတွေလည်း ကုန်ပြီလေ. . . ဘာလို့လဲအစ်ကို"

"ဪ. . . ဘာရယ်မဟုတ်ပါဘူး၊ ဒီလိုပဲ သိချင်လို့မေး





ကြည့်တာပါ၊ သွားမယ်နော်ညီမ"

"ဟုတ်အစ်ကို"

ပြန်လာတဲ့ လမ်းတစ်လျှောက်မှာ ကျွန်တော့်နှုတ်ခမ်းတွေပွဲ့နေတယ်။ မဆိုးဘူး။ ဈေးရောင်းတာက မနက်တစ်ပိုင်းလောက်ပဲဆိုတော့ တကယ်လို့ ကိုယ်နဲ့သူသာ ချစ်သူတွေဖြစ်သွားခဲ့တဲ့အချိန်ရောက်ရင် ကိုယ့်ကိုသူ့ဘက်က အချိန်ပေးနိုင်သားပဲ။ ပြီးတော့ သာသနာ့ဘောင်လည်း ဝင်မယ့်ပုံမရှိဘူး။

ပျော်တပြုံးပြုံးနဲ့ ပြန်လာတဲ့ကျွန်တော်ဟာ အိမ်ဆက်ကို အဝင်မှာတင်ပဲ မေမေနဲ့တွေ့တော့တယ်။

"ဟင်. . . ကြက်သားတွေ ဝယ်လာပြန်ပြီလား"

"ဟုတ်တယ်လေ၊ ကြော်စားရအောင်လို့"

"ဟဲ့. . . တမြန်နေ့က နင်ဝယ်လာလို့ ငါကြော်ပေးထားတာတွေတောင် မကုန်သေးဘဲနဲ့"

"ဟာ. . . မေမေကလည်း အဲဒါတွေက မလတ်တော့ဘူး၊ အခုဟာက လတ်လတ်ဆတ်ဆတ်လေ"

"ဘုရား ဘုရား. . . အခုတလော နင် ကြက်ခံတွင်းတွေ နေပါလား၊ မှန်မှန်ပြောစမ်း၊ နင်နတ်ပွဲတွေဘာတွေများ သွားမိသေးလား. . ."

"ဗျာ. . . မသွားပါဘူး၊ ဘာလို့လဲ"

"မသိဘူးလေ၊ နင်က အခုတလော ကြက်ကြော်ချည်း

ကြော်ခိုင်းနေလို့ နတ်ပွဲတွေဘာတွေများသွားကြည့်မိပြီး ကိုကြီးကျော်တို့ဘာတို့များ ဝင်ပူးနေသလားလို့"

"အင်!"

ကျွန်တော့်မှာ မေမေ့စကားကြောင့် နတ်ဒိုးနဲ့ပဲ ထကရမလိုလို ဖြစ်သွားတယ်။ စိတ်ထဲကနေပြောလိုက်မိတာကတော့. . .

"အမေ့သားက ကိုကြီးကျော်နတ်ပူးနေတာမဟုတ်ဘူး မေမေရေ. . . အချစ်နတ်ပူးနေတာ. . . အချစ်နတ်. . . အချစ်နတ်"





"ညီမရေ. . . စီပီ ငါးဆယ်သားလောက်"

"သမီးရေ. . . စီပီ ငါးဆယ်သား"

ထွက်လာတဲ့ အသံနှစ်ခုက တစ်ပြိုင်နက်။ လှည့်ကြည့်လိုက်မိတော့ ကျွန်တော့်ဘေးနားမှာ ရပ်နေတာက အသက်လေးဆယ့်ကျော်အရွယ် အဒေါ်ကြီးတစ်ယောက်။ သူကလည်း ကျွန်တော့်ကို မျက်လုံးအသာဖွေကြည့်လာတယ်။ နောက်တော့ နှစ်ယောက်သားရဲ့ အကြည့်က မြသွေးဆီရောက်သွားတယ်။ မြသွေးလက်ထဲမှာ ကိုင်ထားတာက ရင်အုပ်ပိုင်းလေး တခြမ်းတည်းရယ်။

"ဟို. . . ကြက်သားက ငါးဆယ်သားပဲရတော့မယ်၊ အဲဒါ"

သူမရဲ့ အားနာသလိုလိုစကားအဆုံး ထွက်လာတဲ့ အသံနှစ်ခုက. . .

"ကိုယ့်ကိုပေးပါ"

"အန်တီကိုပေး"

အဒေါ်ကြီးနဲ့ကျွန်တော် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိပြန်တယ်။ အကြံတူရန်သူဆိုတာ ဒါမျိုးကိုပြောတာ

များလားမသိ။ နောက်တော့ နှစ်ယောက်စလုံးရဲ့ အကြည့်က မြသွေးဆီ ရောက်သွားကြရပြန်ရင်း. . .

"ကိုယ်အရင်ရောက်တာ"

"အန်တီအရင်ရောက်တာ"

ဒီတစ်ခါ ဆုံသွားကြပြန်တဲ့ ကျွန်တော်နဲ့အဒေါ်ကြီးရဲ့ အကြည့်တွေထဲမှာတော့ မကျေလည်မှုတွေပါလာပြီ။

"ဟဲ့. . . ငါအရင်ရောက်တာဟဲ့"

"ဘယ်ကလာ ကျွန်တော်အရင်ရောက်တာပါ"

"အောင်မာမာ. . .နင့်အသံက ညီမရေပဲရှိသေးတယ်၊ ငါက စီပီငါးဆယ်သားလောက်ဆိုတာကို ပြောပြီးနေပြီ၊ အဲဒါ ငါအရင်ရောက်လို့ပေါ့ဟဲ့"

"ဘယ်ကလာ. . . အသံက ပြိုင်တူထွက်သွားတာပါ၊ ကျွန်တော့်အသံကတောင် နည်းနည်းစောချင်စောနေဦးမှာ"

"နင်မဟုတ်တာ မပြောနဲ့. . .၊ ဒီမှာလည်းကြည့်ဦး၊ သူ့ဆိုင်ရှေ့မှာ ရပ်နေတာကိုက ဧရိယာအတော်များများမှာ ငါ့ခန္ဓာကိုယ်ကနေရာယူထားတာ၊ အဲဒါငါအရင်ရောက်ပြီး နင်က နောက်မှရောက်တာမို့လို့ပေါ့ဟဲ့"

အဒေါ်ကြီးစကားအဆုံး ကျွန်တော်က တဟားဟားအော် ရယ်ပစ်လိုက်ရင်းက. . .





"အဲဒီလိုပဲ ရယ်လိုက်ချင်တော့တယ်၊ နော်. . . အဒေါ်၊ အဒေါ်က နေရာများများယူထားမှာပေါ့၊ အဒေါ်က ဝတာ ကိုး၊ အဒေါ့်ခန္ဓာကိုယ်ကြီးက နည်းတာကြီးမှမဟုတ်တာ ကို"

"ဟဲ့. . . ငါ့ဘာသာစားနိုင်လို့ ဝတာဘာဖြစ်လဲ၊ နင်မဆိုင် တာတွေလျှောက်မပြောနဲ့၊ ဒီကြက်သားကို ငါပဲရသင့် တယ်၊ ဒါပဲ. . . သမီး. . . အန်တီ့ကိုချိန်ပေး"

"မဟုတ်ဘူး၊ ကိုယ့်ကိုပဲပေး ညီမ"

"ဟာ. . . ယောက်ျားလေးတန်မဲ့ နင်ဘယ်လိုဖြစ်နေတာ လဲ၊ ဒီဆိုင်မှာ ငါက ဝယ်နေကျဖောက်သည်ဟဲ့"

"ကျွန်တော်လည်း ဒီဆိုင်မှာ ဝယ်နေကျပါပဲဗျာ၊ မယုံရင် သူ့ကိုမေးကြည့်"

မြသွေးခမျာလည်း ကျွန်တော်နဲ့အဒေါ်ကြီးကို ကြည့်ကာ ဘယ်လိုလုပ်ရမှန်းမသိဖြစ်နေတယ်။ ဒီအချိန်မှာပဲ ကျွန်တော့် အတွေးထဲမှာ ကျွန်တော်တို့ သုံးယောက်က မပော်သဓာသုခမိန် လေးရဲ့ရှေ့ကို ရောက်သွားတယ်။

## "ကြက်သားတရားစီရင်ခန်း"

ရှေးခေတ်အဝတ်အစားတွေကို ဝတ်ထားတဲ့ လူတွေအများကြီးက ကျွန်တော်နဲ့ အဒေါ်ကြီးကို ဝိုင်းကြည့်နေကြတယ်။ ပြီးတော့ မဟော်သဓာသူခမိန်လေးက ဘယ်လိုဆုံးဖြတ်ပေးမလဲ ဆိုတာကိုလည်း စိတ်ဝင်စားနေကြတယ်။မဟော်သဓာသူခမိန်လေးကတော့ ကျွန်တော်နဲ့ အဒေါ်ကြီးတို့ရဲ့ လျှောက်လဲချက်တွေကို နားထောင်ပြီး ခေါင်းကိုတညိတ်ညိတ်လုပ်လိုက်ရင်းမှ. . .

"အင်း. . . သင်တို့ရဲ့ လျှောက်လဲချက်တွေကို နားထောင်ကြည့်တော့ နှစ်ယောက်စလုံးက မြသွေးရဲ့ကြက်သားဆိုင်မှာဝယ်နေတဲ့ ဖောက်သည်တွေဖြစ်နေတာကို တွေ့ရတယ်၊ အခုရောက်သွားတာကလည်း နှစ်ယောက်ပြိုင်တူဆိုတော့ ဘယ်သူရသင့်တယ်ဆိုတာကို ဆုံးဖြတ်ပေးရမှာ အတော်ပဲ ခက်လှတယ်ကွယ့်"





မဟော်သဓာသူခမိန်လေးက စကားကို ဖြတ်ပြီး ကျွန်တော်နဲ့ အဒေါ်ကြီးကို တစ်လှည့်စီကြည့်တယ်။ ပြီးမှ စကားကိုဆက်တယ်။

"ဒီတော့ ကျွန်ုပ်က သင်တို့ကို အကောင်းဆုံးနဲ့ တရားအမျှတဆုံးဖြစ်အောင် ဆုံးဖြတ်စီရင်ပေးမယ်၊ သင်တို့ကရော ကျွန်ုပ်စီရင်ဆုံးဖြတ်မှာကို လက်ခံပါမည်လော"

ကျွန်တော်နဲ့ အဒေါ်ကြီးနဲ့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြတယ်။ အကြည့်တွေက နဂါးမျက်စောင်းတွေလို မီးဝင်းဝင်းတောက်လို့။ နောက်တော့ အကြည့်ကို ပြိုင်တူလွှဲလိုက်ကြရင်း. . .

"လက်ခံပါ့မယ်အရှင်"

"နာခံပါ့မယ်အရှင်"

အဖြေစကားကလည်း ပြိုင်တူ။

"ကောင်းပြီလေ၊ ဒါဆို ကျွန်ုပ်က သင်တို့ရဲ့ပြဿနာကို အရင်တုန်းက ဘီလူးမနဲ့ လူသားမိန်းမကို စီရင်ပေးတဲ့ သားတရားစီရင်သလိုမျိုး သင်တို့နှစ်ယောက်ရဲ့ အလယ်မှာစည်းတားပေးမယ်၊ သင်တို့ကတော့ စည်းတစ်ဖက်တစ်ချက်စီမှာရပ်ပြီး ကြက်သားတစ်ခြမ်းကို ပြိုင်တူဆွဲကြစေ၊ ကိုယ့်ဘက်ပါအောင်ဆွဲနိုင်တဲ့သူက ကြက်သားကိုဝယ်ခွင့်ရမယ်ကွယ့်၊ ဘယ်လိုလဲ၊ နာခံကြမယ်မဟုတ်လား"

"နာခံပါမယ့်အဲရှင့်သား"

"နာခံပါမယ့်အရှင်"

ဒီလိုနဲ့ မဟော်သဓာသုခမိန်ရဲ့ အစီအစဉ်အတိုင်း ကျွန်တော်နဲ့ အဒေါ်ကြီးက မြွေသွေးဆိုင်မှာ ကျန်နေတဲ့ ကြက်သား ရင်အုပ်ပိုင်းတစ်ခြမ်းကို စည်းတစ်ဖက်တစ်ချက်ကနေ ကိုင်ပြီး လွန်ဆွဲသလိုမျိုး ဆွဲကြတယ်။

အဒေါ်ကြီးက ဝဝဖိုင့်ဖိုင့်ကြီးနဲ့ လက်မောင်းကြီးတစ်လုံး တစ်လုံးကလည်း နည်းတာကြီးတွေမဟုတ်တော့ လူဇလ်သာသာ ရှိတဲ့ ကျွန်တော့်ထက်ပိုပြီး အားတောင့်တယ်။ ဒီတော့ အားချင်းက လုံးဝမမျှဘူး။ ဒါပေမယ့် ကျွန်တော်ကလည်း ယောက်ျားကွ ဆိုတဲ့ မာန်ရှိတာပဲဟာ။ ဒီနေရာမှာသာ ကျွန်တော်ရှုံးသွားရင် သက်ကြီး ရွယ်အိုမိန်းမကြီးတစ်ယောက်ကိုတောင် မယှဉ်နိုင်တဲ့ ယောက်ျားခ ပြီး ရာဇဝင်မှာစာတင်ခံရတော့မှာ။ ပြီးတော့ မြန်မာနိုင်ငံရဲ့ ကျောင်းသုံးစာအုပ်သင်ရိုးညွှန်းတမ်းမှာလည်း ထည့်သွင်းသင် ကြဦးမှာဆိုတော့ ကျောင်းသားချာတိတ်လေးတွေက ဘယ်လော များဟားလိုက်ကြမလဲ။ ရာဇဝင်တော့ အရှိုင်းမခံဘူး။ နိုင် အောင်ဆွဲမယ်ကွလို့ ဆုံးဖြတ်လိုက်ပြီး အရိုးထဲက အားတွေပါထု သုံးကာ ဖင်ကြောတွေရှုံ့သွားတဲ့အထိ၊ ခန္ဓာကိုယ်မှာရှိတဲ့ အရိုးတွေ တကျွတ်ကျွတ်မြည်လာတဲ့အထိ အလံမလဲစတမ်း အံကြိတ်ပြီး တယ်။ ဒီတော့ကြက်သားတစ်ခြမ်းက ကျွန်တော့်ဘက်ကို တဖြည်





ည်းချင်းပါလာတယ်။

ဒါပေမယ့် အဒေါ်ကြီးက ကျွန်တော်လုံးဝထင်မှတ်မထား တဲ့ ကွက်တစ်ခုကို ထုတ်သုံးလိုက်တယ်။ အဲဒါကတော့ အဒေါ်ကြီးက ကျွန်တော်ရဲ့ပုဆိုးကို ဖျတ်ခနဲလှမ်းဆွဲချွတ်လိုက်တာပါပဲ။

"ဟာ!"

ကျွန်တော်က အလန့်တကြားနဲ့ ကြက်သားကို ဆွဲနေတဲ့ က်တွေကို လွှတ်လိုက်ပြီး အောက်ဘက်လျှောကျသွားတဲ့ ပုဆိုးကို မန်းကတမ်းပြန်ဆွဲတင်လိုက်ရတယ်။ ဒါပေမယ့် ကြက်သား စ်ခြမ်းကတော့ အဒေါ်ကြီးရဲ့ လက်ထဲကိုပါသွားခဲ့ပြီ။

အဒေါ်ကြီးက မိန့်မိန့်ကြီးပြုံးလို့။

"မတရားဘူး၊ ဒါလုံးဝမတရားဘူး၊ ဒါမသမာတဲ့နည်းကို ထုတ်သုံးတာ၊ ဒါမတရားဘူး"

ကျွန်တော်က လက်သင့်မခံနိုင်သလို သွေးရူးသွေးတန်း း ပေမယ့် မဟော်သဓာသုခမိန်လေးကတော့ ခေါင်းကိုရမ်း င်း. . .

"ဒါကတော့ တစ်ဖက်ပြိုင်ဘက်ကို အနိုင်ရဖို့ လုပ်ရတာ ပဲကွယ်၊ပြိုင်ပွဲဆိုတာ ဗလချည်းမဲအားကိုးရတာမဟုတ်ပေ ဘူးအမောင်ယောက်ျားရဲ့၊ ဉာဏ်ကိုလည်း ထုတ်သုံးရ တယ်၊ အခုတော့ ဒီပွဲမှာ အမောင်ယောက်ျားက ဉာဏ်မရှိ လို့ ရှုံးသွားပြီ၊ ကြက်သားကိုဝယ်ထိုက်သူကတော့ အဒေါ်

ပဲဖြစ်ပါတယ်”

မပော်သဓာ သုခမိန်လေးရဲ့ စကားအဆုံး လက်ခုပ်သံတွေ တဖြောင်းဖြောင်းထွက်လာတယ်။ အဒေါ်ကြီးကလည်း လက်သီးလက်မောင်းတန်းပြီး “ငါဟဲ့. . . မိန်းမ” လို့ဟစ်ကြွေးတယ်။ ဒီအချိန်မှာပဲ ဝိုင်းကြည့်နေတဲ့လူအုပ်ထဲက ဗလတောင့်တောင့်နဲ့ ယောကျ်ားသားကြီးက ရှေ့ဆုံးကို တိုးထွက်လာကာ ကျွန်တော့် အနားကိုကပ်လာရင်း. . .

“ငါတို့ယောကျ်ားတွေကို ရာဇဝင်ရှိုင်းအောင် လုပ်တဲ့ကောင်၊ မင်းအသက်ရှင်နေတော့ရော ဘယ်နေရာအသုံးကျတော့မှာလဲ၊ ဒီတော့ မင်း. . . သေတာပဲ ကောင်းမယ်၊ ကိုင်း. . . သွားပေရော့ ငရဲကို”

လက်သီးတစ်လုံးက ကျွန်တော့်ဆီပြေးဝင်လာတယ်။ ကျွန်တော်ကလည်း ယောကျ်ားပဲဟာ။ ဘယ်အသည်းငယ်ပါ့မလဲ။ ဒီတော့ လက်သီးက ကိုယ့်ကိုမထိသေးဘူး။ အာခေါင်ခြစ်ကာ ကြိုအော်ထားလိုက်တယ်။

“အား!”





“အား. . .”

“ဟင်. . . အစ်ကို၊ အစ်ကို. . . ဘာဖြစ်တာလဲ၊ ဝက်ရူးပြန်တာလား၊ ဟုတ်လား”

ဘယ်လိုကနေဘယ်လို ကိုယ့်ဘေးနားရောက်လာမှန်း မသိတဲ့ သူမက ကျွန်တော့်ကိုကိုင်လှုပ်ကာပြောလာတော့မှ အသိက [illegible]ပွန်ကို ပြန်ရောက်တာတယ်။

“အင်. . . ဟင်. . . မဟုတ်ပါဘူး၊ မဟုတ်ဘူး၊ အတွေး အတွေးလွန်သွားတာ၊ ကြက်သားက အစ်ကို့ကိုပဲရောင်းနော်ညီမ၊ အစ်ကို အရင်ရောက်တာ”

ဆိုတော့ သူမက သက်ပြင်းမောကို ဟင်းခနဲမှုတ်ထုတ်လိုက်ရင်းက. . .

“ဟင်း. . . အစ်ကိုကသာ အစ်ကို့ကိုရောင်းပြောနေ၊ ဟို့အန်တီကြီးကဖြင့် ဝယ်သွားလို့ အိမ်တောင်ပြန်ရောက်ပြီး ချက် နေလောက်ပြီ”

"ဟင်!"

ဟုတ်သားဗျာ့။ ဟိုအခေါ်ကြီးကို အစအနတောင် မတွေ့ရတော့ဘူး။ အပွဲပွဲနွှဲခဲ့သမျှ ဒီတစ်ခါတော့ နှုပ်ပက်ခံလိုက်ရပြီ။





Ar-T ရဲ့သီချင်းတစ်ပုဒ်ကို ခပ်မြူးမြူးဖွင့်ကာ ကားပေါ်မှာ လွှင့်ချင်တိုင်းလွှင့်လာတဲ့ ကျွန်တော်က လမ်းဘေးမှာ လူတစ်ယောက်နဲ့အတူ တို့ရှိုးကားယားဖြစ်နေတဲ့ ဖိုက်တာမလေးကိုအတွေ့မှာတော့ အော်တိုမက်တစ်ပဲကားက အဲဒီနေရာကို ဦးတည်ပြီးသားဖြစ်နေပြီ။

"ဘာဖြစ်နေတာလဲ မြသွေး"

ကားမှန်ကိုချရင်း မေးလိုက်တော့ ကြက်သားရောင်းရာကနေပြန်လာဟန်ရှိတဲ့ သူမက ခေါင်းပေါ်က တောင်းတွေဒန်အိုးတွေကို လက်တစ်ဖက်နဲ့ထိန်းထားရင်းကနေ အသာငဲ့ကြည့်လာဝရင်း. . .

"ဟာ. . . အစ်ကို၊ ဒီမှာလေ မြသွေးကိုလိုက်နှောက်ယှက်နေလို့၊ အဲဒါ"

ကျွန်တော်က အခြေအနေအရပ်ရပ်ကို သဘောပေါက်သွားရကာ ဘေးကကပ်လိုက်နေတဲ့ငတိကို တစ်ချက်ကြည့်လိုက်တယ်။ ပြီးမှ သူမကို မျက်နှာထီမျက်နှာထားနဲ့ ကြည့်လိုက်ရင်း. . .

"ကားပေါ်တက်မြသွေး"

ဆိုတော့ သူမကလည်း ကျွန်တော်ဘာကိုဆိုလိုတယ်ဆိုတာကို သဘောပေါက်ဟန်နဲ့. . .

"ဟုတ်အစ်ကို"

ဆိုပြီး နောက်ခန်းတံခါးကိုဖွင့်ကာ သူမခေါင်းပေါ်က တောင်းတွေဒန်အိုးတွေကို ပစ်သွင်းလိုက်ကာ လူကတော့ ရှေ့ခေါင်းထဲမှာလာထိုင်တယ်။ ကြက်သားအညီနံ့က အဲယားကွန်းဖွင့်ထားတဲ့ ကားထဲမှာ လှိုင်ခနဲ။ ဒါပေမယ့် ကိစ္စတော့မရှိ။ အချစ်အတွက်ပဲဟာ။ ဒီလောက်ကတော့ ပါမွှားပါ။

သူမကားထဲရောက်ပြီဆိုတော့မှ ကျွန်တော်က ကားဘေးမှာရပ်ကာ ဂျစ်တစ်တစ်အထာနဲ့ရပ်ကာ စောင်ပေပေကြည့်နေတဲ့ ငတိကို တစ်ချက်ကြည့်လိုက်ပြီး. . .

"ဒါ. . . ငါနဲ့မကြာခင်လက်ထပ်မယ့်မိန်းကလေး၊ နောက်ကိုဝေးဝေးနေ၊ ကြားတယ်နော်"

ဆိုပြီး ကားကိုဝေါခနဲမောင်းထွက်လာခဲ့လိုက်တယ်။ သူမဘက်လှည့်ကြည့်လိုက်တော့ သူမက ကျွန်တော့်ကို မျက်လုံးအဝိုင်းသားနဲ့ ပြူးကြည့်လို့။





"ဘာတွေအဲလောက်တောင် စိုက်ကြည့်နေတာလဲ"

"ဟို. . . စောစောကလေ"

ဆိုပြီး သူမစကားက ရှေ့ဆက်ထွက်မလာ။ ဒီတော့ ကျွန်တော်ကပဲ ဆက်ပေးရတယ်။

"ဘာဖြစ်လို့လဲ"

"မဟုတ်ဘူးလေ. . . တကယ်မဟုတ်ဘဲနဲ့ ဘာလို့အဲဒီလို ပြောလိုက်တာလဲ၊ ကိုယ့်ညီမဝမ်းကွဲတွေဘာတွေ ပြောလို့ရရဲ့သားနဲ့ဟာ"

"ကိုယ်မှ အဲလိုမပြောချင်တာ"

"ရှင်"

ကျွန်တော်က ကားကိုလမ်းဘေးတစ်နေရာမှာ ထိုးရပ်လိုက်ရင်းက. . .

"ဟုတ်တယ်မြသွေး၊ ကိုယ်. . . မြသွေးကိုချစ်မိနေပြီ၊ ကိုယ့်ကိုစဉ်းစားပေးပါလား"

သူမဆီက ဘာသံမှထွက်မလာဘဲ ကျွန်တော့်ကိုသာ အဓိပ္ပာယ်ဖော်ရခက်တဲ့မျက်လုံးတွေနဲ့ ကြည့်နေတယ်။ ကျွန်တော်ကလည်း သူမမျက်လုံးတွေထဲကို ခပ်နက်နက် စိုက်ကြည့်ပေးလိုက်ရင်း. . .

"ကိုယ့်ကို စဉ်းစားပေးမယ်မဟုတ်လားဟင်"

ဆိုတော့ သူမကခေါင်းရမ်းတယ်။ ကျွန်တော့်ရင်ထဲမှာ

တာခနဲလှိုက်ဆင်းသွားရတယ်။ ဘာ့ကြောင့်လဲ။ သူမမှာ ချစ်သူရှိနေပြီးသားမို့လို့လား။ ကျွန်တော်က တစ်ခုခုပြောဖို့ပြင်လိုက်စဉ်မှာပဲ သူမဆီက စကားသံက ကျွန်တော့်ထက်ဦးစွာ ထွက်လာတယ်။

"မြသွေးကိုချစ်တာ အစ်ကို့ဘက်က သေချာလို့လား"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်မိတယ်။ ဒီတော့ သူမနှုတ်ခမ်းတွေက ပြုံးရွှင်သွားကြကာ. . .

"ဒါဆို အဖြေက စဉ်းစားစရာ မလိုတော့ပါဘူး၊ ဘာလို့လဲဆိုတော့ မြသွေးကလည်း အစ်ကို့ကိုစမြင်ကတည်းက ချစ်မိသွားခဲ့တာမို့လို့ပဲ"

ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံး လေထဲမှာ မြောက်ခနဲ။ လက်ကလည်းယောင်ပြီး စီယာတိုင်က ကားဟွန်းကို သွားထုလိုက်မိတယ်။

"တီ. . ."





"သားရယ်. . . အမေတော့ ကြက်သားတွေစားလွန်းလို့ ကြက်ချေးစော်တွေတောင်နံနေပြီ၊ ဘာဖြစ်လို့ကြက်သားတွေ နေ့တိုင်းဝယ်လာနေရတာတုန်း၊ ယတြာများချေနေတာလားသားရယ်"

"ဟုတ်တယ်ကွ၊ အဖေလည်း တစ်ခါတစ်ခါ ကိုယ့်ကိုကိုယ် နှုတ်သီးတွေထွက်ပြီး တောင်ပံတွေပေါက်လာသလို ခံစားရတယ်၊ အိပ်မက်ထဲမှာတောင် အဖေက ကြက်ဖကြီးဖြစ်နေတာ၊ အခြားကြက်ဖတစ်ကောင်နဲ့တောင် ခွပ်နေလိုက်သေးတယ်"

ထမင်းစားရင်း ညည်းပြလာတဲ့ မိဘတွေရဲ့စကားကြောင့် ကျွန်တော်က အသာပြုံးမိတယ်။ ညည်းရင်လည်း ညည်းလောက်

တယ်လေ။ ထမင်းစားစားပွဲပေါ်မှာ နေရာယူထားတဲ့ ကြက်ကြော် ပန်းကန်ကြီးက နည်းနည်းနှောနှောမှ မဟုတ်တာ။ ဒါတင်ပဲလားဆို တော့လည်း မဟုတ်သေးဘူး။ မကြော်/မချက်ရသေးတာတွေက ရေခဲသတ္တာထဲမှာရှိနေသေးသလို၊ ပုတက်တစ်ယောက်ကလည်း မီးဖိုချောင်ထဲမှာ အခု ကြက်သားကြော်နေတာ။ ဒါပေမယ့် အခု ကျွန်တော်နဲ့ သူမကချစ်သူတွေဖြစ်သွားကြပြီဆိုတော့. . . သူမကို တွေ့ဖို့အတွက်နဲ့ ကြက်သားဝယ်စရာမလိုတော့ပါဘူး။

ဟီဟိ. . .မသကာ အလကားစားရဖို့ပဲရှိတယ်။



## ကျွန်တော်နှင့် နှစ်ဆယ့်တစ်ရာစုမိန်းမပျိုများ

သူမနဲ့ကျွန်တော် ချစ်သူဖြစ်သွားပြီးတော့ သူမက ကျွန်တော့်ကို ကိုကိုလို့ခေါ်တယ်။ သူမက ကျွန်တော့်အောက် နှစ်နှစ် ငေါင်ငယ်တာကိုး။ သူမကြက်သားရောင်းတယ်ဆိုတာကလည်း မနက်ဆယ်နာရီခွဲ၊ ဆယ့်တစ်နာရီဆိုပြီးတာဆိုတော့ နေ့ခင်းဘက် အတော်များများမှာ တွေ့ဖြစ်ကြတယ်။ ရုပ်ရှင်အတူကြည့်၊ ကော်ဖီ ဆိုင်ထိုင်၊ ပန်းခြံအတူသွားနဲ့ အရင်ရည်းစား နှစ်ဆယ့်တစ်ရာစုရဲ့ ရှားပါးမျိုးစိတ်ကြီးနဲ့တုန်းက မရခဲ့တဲ့ ကြည်နူးမှုတွေကို အပြည့်အဝ ရတယ်။

အဲဒီလိုနဲ့ ရည်းစားသက်တမ်း သုံးလကျော် လေးလထဲကို ဝင်တော့ ကျွန်တော်မသိခဲ့တဲ့ သူမရဲ့ဗီဇတစ်ခုက ပြလာတယ်။ အဲဒါကတော့ သူမအလွန်အတင်းပြောခြင်းပါပဲ။ အရင်ကတော့ ရည်းစားဖြစ်ကာစဆိုတော့ကာ ကိုယ့်ကိုသူရှိန်၊ သူ့ကိုကိုယ်ရှိန်နဲ့ သူမရဲ့ဇာတိရုပ်က မြုပ်ကွယ်နေတဲ့သဘော။ ရည်းစားသက်တမ်း ကြာလာတော့ အတော်အတန် ရင်းနှီးလာခဲ့ပြီလေ။ ပြောရရင်တော့

အဲဒီမှာ စတွေ့တာပါပဲ။

ကျွန်တော်နဲ့တွေ့တိုင်း ပြောလိုက်တဲ့ အတင်းဆိုတာလေ. . .။

"သိလား. . ကိုကို၊ မြလေးဘေးက ကြက်သားသည် ဒေါ်စိန်ဝတ်ထားတဲ့ ရွှေဆွဲကြိုးကြီးကလေ. . . အတုကြီး၊ ပြီးတော့ လက်စွပ်ကြီးကလည်း အင်ကြီး၊ အလကားလူရှိန်အောင်ဝတ်ထားတာ၊အကြွေးတွေကလည်း လည်ပင်းရောက်နေပြီသိလား"

ဆိုတာမျိုး။

"သိလား. . . ကိုကို၊ မြလေးတို့ရပ်ကွက်ထဲက ဦးအောင်ခင်ရဲ့မိန်းမ ဒေါ်ချစ်ကြီးကလေ. . . နောက်မီးလင်းနေတာ၊ အသက်ကဖြင့်ကြီးလှပြီ၊ ဟိုစိတ်တွေက မကုန်သေးဘူး"

စသည်ဖြင့် တစ်ဖုံ။

"သိလား. . . ကိုကို၊ မြလေးသူငယ်ချင်း ဖြူဖြူကလေ. . ."

ဆိုတာမျိုးကလည်းပါသေး။

"သိလား. . . ကိုကို"

"........."

"သိလား. . ."

"......"





"သိ......"

"......"

မသိပါဘူး။ သူမပြောနေတဲ့လူတွေကို ကျွန်တော်တစ်ယောက်မှ မသိပါဘူး။ စိတ်လည်းမဝင်စားဘူး။ ကျွန်တော်နဲ့လည်း ဘာမှမဆိုင်ဘူး။ ဒါကို သူမက ကျွန်တော်နဲ့တွေ့တိုင်း မမောနိုင်မပန်းနိုင်ပြောတာအံ့ရော။ ကျွန်တော်က သူမတို့ရပ်ကွက်ထဲကလူမို့ ပြောပြတာဆိုရင်လည်း ထားပါတော့။ အခုတော့. . . မဆီလေးရယ်တဲ့မှ အိုမဆိုင်ဗျာ။

တစ်ခါတလေ အတင်းပြောရင်းနဲ့ အားတွေဘာတွေပါလာပြီး ကျွန်တော့်ပေါင်ကို ဖတ်ခနဲဖတ်ခနဲကလည်း လာလာရိုက်ဘတ်သေးတယ်။

ဘယ့်နှယ်ဗျာ. . . ရည်းစားချိန်းတွေ့ပါတယ်ဆိုမှ ကြည်နူးစရာအနုအရွလေးတွေများ ခွေရမလားမှတ်တယ်။ သူမအတင်းပြောတာကိုပဲ နားထောင်နေရတယ်။

အင်း. . . ဒါလည်း ပြဿနာလို့တော့ မပြောလိုသေးပါဘူး။

တစ်နေ့. . .။

အမေ့ကိုဈေးလိုက်ပို့ရင်းနဲ့ သူမဆိုင်ဘက်ကို ကျွန်တော် ထွက်လာခဲ့လိုက်တယ်။ အမေက ပုတက်ကိုပါခေါ်လာခဲ့တာမို့ ဈေးခြင်းတောင်းလည်း ကိုင်ကူစရာမလိုဘူးလေ။ အဲဒီတော့ "ကားပေါ်မှာပဲ နေခဲ့မယ်မေမေ" ဆိုပြီး မေမေတို့လစ်တော့မှ ကျွန်တော်က သူမဆိုင်ရှိရာကို လစ်လာခဲ့လိုက်တာ။

အဲဒီလိုသွားခဲ့ခြင်းဟာ ကျွန်တော့်အတွက် ကံကောင်းတယ်ပဲပြောရမလား။ ကံဆိုးတယ်ပဲပြော့ရမလားတောင်မသိ။ ရယ်ရမလို၊ ငိုရမလို။ အား. . . ပြောရရင်တော့ဗျာ အဲဒီနေ့က ခံစားခဲ့ရတဲ့ ခံစားချက်ကြီးက အမိပ္ပာယ်ဖော်ပြသတ်မှတ်ဖို့ တော်တော်လေးခက်တာ အမှန်ပါပဲ။





သူမမျက်နှာလေးကို မြင်ရမှာမို့ ရင်တခုန်ခုန်နဲ့ သူမဆိုင်ရှိရာဘက်ကို ထွက်လာခဲ့တဲ့ကျွန်တော်။ ကြက်သားအညှီနံ့ဟာ ချစ်သူရဲ့ ကိုယ်သင်းရနံ့လို့ သတ်မှတ်ထားတဲ့ကျွန်တော်။ ဒီတစ်ခါတော့ ချစ်သူရွှေးတဲ့နေရာမှာ ငါ့လောက်တော်တဲ့သူမရှိဘူးရယ်လို့ သွေးနားထင်ရောက် စိတ်ကြီးဝင်နေတဲ့ကျွန်တော်။ သူမ ဆိုင်ရှေ့ အရောက်မှာတော့. . .။

"အကောင်ကြီးပြီး အချိန်မစီးတဲ့ မိန်းမကြီး၊ ကျုပ်ကိုများ ဘာထင်နေလဲ၊ မြသွေးတို့ ဒီဈေးမှာ ကြက်သားရောင်းလာတာ အံ့တိုနေပြီ၊ ဘယ်တုန်းကမှ အလေးမခိုးခဲ့ဘူး၊ တော်သာ. . . အားတိုင်းယားတိုင်း အလေးဖင်ကို ခါးသွေးကျောက်ပေါ် တင်တင်ပွတ်နေတာ တစ်ဈေးလုံး သိတယ်"

"ဟဲ့ ကောင်မ၊ ညည်းဘာပြောတာလဲ၊ ငါဘယ်တုန်းက အလေးသွေးလို့လဲ၊ ပြောစမ်း"

"ဒါကတော့ တော့်ဘာသာတော်သိမှာပေါ့. . . ကြက်အိုမကြီးရဲ့. . ."

"မြသွေး. . . ညည်းမရိုင်းနဲ့နော်"

"ရိုင်းတော့. . ဘာလုပ်ချင်လဲ၊ ပြော"

"ဒါလုပ်ချင်တယ်အေ"

# ရာဇဝင်ငြို

"ဟေးဟေး. . . မြွေသွေးတို့က ရင်တောင်မခုန်ဘူး"

ကျွန်တော့်ချစ်သူမြသွေးနဲ့ ဒေါ်စိန်ဆိုတဲ့ ကြက်သားသည် မိန်းမကြီး ရန်ဖြစ်နေတာ။ အစတော့ ပါးစပ်ကနေ မကြားဝံ့မနာသာတွေ ဆဲနေရုံပါပဲ။ နောက်တော့ ချိန်ခွင်တွေနဲ့ထု၊ စဉ်းနှီးတုံးတွေနဲ့ကောက်ပေါက် ဖြစ်လာပြီး နောက်ဆုံးပိတ်ကျတော့ နှစ်ယောက်သားထပြီး နပန်းလုံးတယ်။ ဝိုင်းအုံကြည့်နေတဲ့ လူတွေကလည်းအများကြီး။ သူမကတော့ ရှက်ရကောင်းမှန်းမသိသလို၊ ကျွန်တော်ကလည်း တစ်ခါမှမမြင်ဖူးတဲ့ သူမပုံစံကို တအံ့တသြကြည့်နေမိတာပေါ့။

နောက်တော့မှ ကျွန်တော့်ချစ်သူပါလားဆိုတဲ့ အသိနဲ့ သူမကို ဝင်ဆွဲဖြန်ဖြေတယ်။ အခြားယောက်ျားနှစ်ယောက်လောက်ကလည်း ဝင်တားကြတယ်။

သူမက ကျွန်တော့်ကိုမြင်တော့ တစ်ချက်တော့ အိုးတို့အန်းတန်း ဖြစ်သွားတယ်။ ဒါပေမယ့် သူမဒေါသက ဒီဂရီဂိတ်ဆုံးကိုရောက်နေပြီ။

"ကိုကို. . . အသာနေစမ်းပါ"

ဆိုပြီး ကျွန်တော့်ကို တွန်းလွှတ်တယ်။ အဲဒါနဲ့ ကျွန်တော်လည်း သူမကို တားမရတဲ့အဆုံး ရန်ပွဲအေးအောင်ဆိုပြီး ဒေါ်စိန်ကို ဝင်ဆွဲကာတားတယ်။





အဲဒီမှာတင်ပဲ ဒေါ်စိန့်ဆီကို ပစ်လွှတ်လိုက်တဲ့ ငါးဆယ်ကျပ်သား "ကျား" တံဆိပ်အလေးကြီးက ကျွန်တော့်နဖူးတည့်တည့်ကို ခွပ်ခနဲနေအောင် လာနမ်းတော့တာပဲ။

"အား. . ."

"ဟင်"

"ဟဲ့. . . ထိသွားပြီ"

"အို"

အာ့မေဒိတ်သံတွေက ဆူညံပွက်လောရိုက်သွားတယ်။ သွေးတွေကလည်း ဖြာခနဲ။

ဈေးခေါင်းရုံးကရောက်လာတာ သူမနဲ့ဒေါ်စိန့်ကို ခေါ်သွားတယ်။ သူမကတော့ ကျွန်တော့်ကို ကွက်ကြည့်ကွက်ကြည့်နဲ့။ အဲဒီနောက် ကျွန်တော်လည်း နဖူးကွဲကို လက်နဲ့အုပ်ပြီးပြန်လာခဲ့လိုက်တယ်။ သွေးတွေကတော့ လက်ကြားတွေကနေ တသွင်သွင်စီးကျလို့။

နဖူးကဒဏ်ရာကို ဆေးထည့်နေတုန်းမှာပဲ အနောက်က ခြေသံကြားလို့ လှည့်ကြည့်ဖို့ပြင်လိုက်တယ်။ ဒါပေမယ့် နောက်ကျသွားပြီ။ ကျွန်တော့်လည်ပင်းမှာ ဓါးတစ်ချောင်းက လာထောက်ထားပြီးသားဖြစ်နေပြီ။ လူကို အသာငဲ့ကြည့်လိုက်တော့ ဖိုက်တာမလေး။

ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွားရသလို နဖူးကဒဏ်ရာကလည်း ပိုကိုက်ခဲလာသလိုပါပဲ။

"ရှင်. . . ကျွန်မကို ထားခဲ့ဖို့တွေးနေပြီမဟုတ်လား၊ မှန်မှန်ပြောနော်၊ ရှင်လိမ်လို့ကတော့. . . ကျွန်မလက်ထဲက ဓါးက ရှင့်လည်ချောင်းသွေးကို ဖောက်ထုတ်ပစ်မှာပဲ"

ကျွန်တော်က သတိအနေအထားနဲ့ မတ်တပ်ထရပ်လိုက်တယ်။ ပြီးတော့. . . သူမနဲ့မျက်နှာချင်းဆိုင်အနေအထားအထိ ဖြည်းဖြည်းချင်း လှည့်ယူလိုက်တယ်။

သူမရဲ့လက်ထဲမှာကိုင်ထားတဲ့ ဓါးရှည်က နေရောင်





အောက်မှာ အရောင်တွေ တလက်လက်တောက်နေတယ်။ သူမရဲ့ အဖြူရောင်ဝတ်ရုံဖားဖားနဲ့ ဆံနွယ်တွေကတော့ လေထဲမှာ တဖျတ်ဖျတ်မြည်ကာ ဝဲလွင့်နေကြတယ်။

"ကိုယ်. . . မင်းကို ဘယ်တော့မှ မထားခဲ့ပါဘူး"

ကျွန်တော့်စကားအဆုံး သူမက မှေးကျဉ်းထားတဲ့မျက်လုံးတွေနဲ့ ကြည့်လာရင်း. . .

"ရှင်မလိမ်နဲ့နော်၊ ကျွန်မက သိုင်းလောကထဲမှာ ရှင့်ထက် အရင်ကျင်လည်လာတာ၊ ရှင်ဘယ်ခြေလှမ်းရင် ဘာလုပ်တော့မယ်ဆိုတာ ကျွန်မသိတယ်နော်"

"ကိုယ်. . . ကိုယ်. . . တကယ်ပြောနေတာပါ"

"ဟင်း. . . ရှင်ချန်ခဲ့လို့ရော ကျွန်မက အသည်းကွဲပြီး ကျန်နေခဲ့မယ်လို့ ရှင်ထင်နေလား၊ အိပ်မက်တောင်မမက်နဲ့၊ ကျွန်မအသည်းက ဘယ်တော့မှမကွဲဘူး၊ ကျွန်မအသည်းက ကိုးသချိုင်းက သံနဲ့လုပ်ထားတာရှင့်. . . ဟား. . . ဟား. . . ဟား. . ."

သူမက တောတောင်တစ်ခုလုံး သိမ့်သိမ့်တုန်သွားအောင် ခေါင်းမော့ကာ ဟားတိုက်ရယ်တယ်။ ပြီးမှ ရယ်သံကို တစ်ဝက်တစ်ပျက်နဲ့ တိခနဲနေအောင်ရပ်ချပစ်လိုက်ရင်း. . .

"ဒါပေမယ့်. . ."

သူမက ဒါပေမယ့်ဆိုပြီး စကားကိုမဆက်သေးဘဲ

ကျွန်တော့်လည်ပင်းမှာ တွေ့ထားတဲ့ခါးကို အားနည်းနည်းထည့်ကာ ဖိလိုက်တယ်။ ကျွန်တော့်လည်ပင်းဆီကပူခနဲ။ သေချာတယ်။ သူမခါးသွားက ကျွန်တော့်လည်ပင်းထဲကို အနည်းငယ်နစ်ဝင်သွားခဲ့ပြီ။ ကျွန်တော်အနည်းငယ်ထိတ်လန့်သွားတယ်။ ပြီးတော့ လွှတ်လမ်းကို အသေအလဲစဉ်းစားနေမိတယ်။ ဒီအချိန်မှာပဲ သူမက စကားကိုဆက်တယ်။

"ဒါပေမယ့် ဘာဖြစ်လို့ရှင့်ကို ထွက်သွားခွင့်မပေးတာ လဲသိလား၊ ဟင်းဟင်း. . . ကျွန်မမာနကို ထိလာလို့ပဲ၊ ရှင်လိုသာမန်သိုင်းသမားလေးတစ်ယောက်က ကျွန်မလို သိုင်းလောကရဲ့ပြိုင်ဘက်ကင်းတစ်ယောက်ကို ထားခဲ့ တယ်ဆိုရင် လူကြားလို့တောင် မကောင်းဘူးလေ၊ အဲဒီ တော့ ကျွန်မက ထွက်သွားခိုင်းလို့ ထွက်သွားရတယ်ဆို တာ မျိုးပဲဖြစ်ရမှာပေါ့၊ မဟုတ်ဘူးလား၊ ဟင်း. . . ဟင်း. . . ဟင်း . . . ဒါပေမယ့် အရှင်တော့ ထွက်သွား ခွင့်မပေးနိုင်ဘူး၊ အသေပဲထွက်သွားခွင့်ပေးမှာ. . . ဟား. . . ဟား. . . ဟား. . ."

သူမပြောနေတဲ့အသံက သွားကြားထဲက ထွက်လာတဲ့ လေသံမျိုးဖြစ်ပြီး အတော့်ကို ကြက်သီးထစရာအသံမျိုးပါ။ ကျွန် တော်နောက်ကို ခြေတစ်လှမ်းဆုတ်လိုက်မိတယ်။

"ဘာလဲ. . . ရှင်က အခုတော့ သေရမှာကြောက်နေပြီ





လား၊ မကြောက်ပါနဲ့၊ ဟင်းဟင်း. . . ရှင်လုံးဝ မခံစားစေ ရပါဘူး၊ ကျွန်မက အရမ်းကြင်နာတတ်တာ ရှင်သိပါတယ်၊ ရှင်သေလို့သေသွားမှန်းတောင် မသိလိုက်စေရပါဘူး. . . ဟင်းဟင်းဟင်း"

သူမက ခေါင်းကိုမော့ကာ စောစောကလို ရယ်ပြန်တယ်။ ကျွန်တော်ကလည်း အလစ်ကိုချောင်းနေတဲ့သူဆိုတော့ အဲဒီအခွင့် အရေးကို အမိအရအသုံးချလိုက်ပြီး မီးခိုးလက်နက်ပုန်းတစ်ခုကို ထုတ်ပြီးဖောက်ခွဲကာ မြေပြင်ကိုဖနောင့်တစ်ချက်ပေါက်ပြီး ခုန် ထွက်သွားလိုက်တယ်။ ဒါပေမယ့် သူမက ကျွန်တော့်ထက်လျှင်တော့ ကြိုးစားမှုက အလကားဖြစ်သွားတယ်။ သူမရဲ့ ခနိုးခနဲ့ရယ်သံက တောကြီးတစ်ခုလုံး ပဲ့တင်ထပ်သွားသလို သူမလက်ထဲက ခါးရောင် ကလည်း ကျွန်တော်ဖောက်ခွဲလိုက်တဲ့ မီးခိုးတွေကြားမှာ လျှပ်စီး လက်သလို ဝင်းခနဲဖြစ်သွားပြီး ကျွန်တော့်လည်ပင်းဆီကလည်း ပူခနဲဖြစ်သွားတယ်။

"အား. . ."

ကျွန်တော်လန့်နိုးလာတော့ တစ်ကိုယ်လုံး ချွေးတွေရွှဲနစ် နေတယ်။ နဖူးက အလေးမှန်ထားတဲ့ ဒဏ်ရာကလည်း တဆစ်ဆစ် ကိုက်လို့. . .။

နဖူးက ဒဏ်ရာကိုမြင်တိုင်း ဖိုက်တာမလေးရဲ့ လက်စလက်နကိုလန့်နေတဲ့ ကျွန်တော်က နောက်ပိုင်းရက်တွေမှာတော့ သူမဆီကို မသွားမိအောင် နေပါတယ်။ သူမကလည်း သူမလိပ်ပြာသူမ မလုံလို့လားတော့မသိ၊ ကျွန်တော့်ဆီကို ဘာအဆက်အသွယ်မှ လုပ်မလာခဲ့ပါဘူး။

အဲဒီလိုနဲ့ နဖူးကဒဏ်ရာ ကျက်ကာနီးလောက်မှာပဲ နှစ်ဆယ့်တစ်ရာစုရဲ့ အလန်းဇယားမလေးတစ်ယောက်က ကျွန်တော့်ရင်ဘတ်တံခါးကို ခပ်ပြင်းပြင်းဆောင့်ကန်ဖွင့်ပြီး ဝင်ရောက်လာခဲ့တာဖြစ်ပါတယ်။



# အပိုင်း (၃)





## ကျွန်တော်နှင့်

## နှစ်ဆယ့်တစ်ရာစု အလန်းဇယား





## ကျွန်တော်နှင့် နှစ်သယ်တစ်ဂါရာဆုမိန်းမပျိုများ

(. . . . )အိမ်ရာရဲ့ လေးလွှာမှာနေတဲ့ အသိတစ်ယောက်ဆီကို ထွက်လာခဲ့တဲ့ကျွန်တော်က ကံဆိုးချင်တော့ ဓာတ်လှေကားပျက်တဲ့နေ့နဲ့ လာတိုးနေတယ်။ အဲဒါနဲ့ ရိုးရိုးလှေကားတွေကနေပဲ စိတ်ပျက်လက်ပျက်နဲ့ တက်လာခဲ့လိုက်တယ်။ ဖြစ်ချင်တော့ သုံးလွှာမြောက်ကို တက်တဲ့ လှေကားအောက်နားကိုအရောက်မှာတော့ လက်ထဲမှာကိုင်ထားတဲ့ ဟန်းဖုန်းက လွတ်ကျတာနဲ့ ပြန်ကုန်းကောက်လိုက်ပြီး ခေါင်းပြန်အမော့မှာတော့. . .

“ဟင်”

လှေကားသုံးထစ်လောက်သာ ကွာတော့တဲ့ အကွာအဝေးမှာ ခြေစုံရပ်နေတဲ့ ကောင်မလေးတစ်ယောက်။ ပြီးတော့ စကတ်ကလည်း ပေါင်လည်လောက်သာရှိတဲ့ စကတ်အတိုလေးနဲ့ဆိုတော့ ကျွန်တော့်အဖြစ်က မြင်ရဖို့ပဲ တမင်လုပ်ကြဲလိုက်သလိုလို။

အစတော့ ကောင်မလေးက ကျွန်တော့်ကို မမြင်သေးဘူး။ လူနဲ့မလိုက်အောင် လွယ်ထားတဲ့ အိတ်အကြီးကြီးထဲက ဘာကိုမှန်း မသိလှန်လှောရှာနေတာ။ ပြီးတော့မှ အောက်မှာကုန်းကုန်းကွကွ ဟန်နဲ့ အပေါ်ကိုမော့ကြည့်နေတဲ့ ကျွန်တော့်ကို မြင်သွားတယ်။ ခဏတော့ သူမရော ကျွန်တော်ရော ကြောင်နေမိသေးတာ။ ပြီးတော့မှ ကောင်မလေးမျက်နှာက တင်းမာခက်ထန်သွားကာ. . .

"လူယုတ်မာ"

ဆိုပြီး ခြားနားနေတဲ့ လှေကားသုံးထစ်လောက်ကို လွှားခနဲ ခုန်ဆင်းလာကာ လက်ထဲကအိတ်ကြီးနဲ့ ကျွန်တော့်ကို ဗျင်းတော့တာပဲ။

"ကဲ. . . ကဲ. . . ကဲဟယ်. . . နှမချင်းမစာနာတဲ့လူ၊ လူယုတ်မာ. . . နှာဘူး. . . ကဲဟယ်"

သူမ အိတ်ကြီးထဲက ဘာတွေထည့်ထားသလဲတော့ မသိပါဘူး။ တစ်ချက်တစ်ချက်အရှိက်ခံလိုက်ရတိုင်း လူကို အီစိမ့်သွားတာပဲ။ ကျွန်တော်က လက်တကာကာနဲ့. . .

"မ. . . မဟုတ်၊ ကျွန်တော်ရှင်းပြ"

"ဘာမှမရှင်းနဲ့၊ အညစ်ပတ်ကောင်၊ သေနာ. . . ကဲဟယ်. . . ကဲဟယ်"

ကျွန်တော့်မှာ ဘာမှပြောခွင့်မသာ။ ဒင်းလေးက တဘုန်းဘုန်းရိုက်ပြီး အားရပြီဆိုတော့မှ တိုနံ့နံ့စကတ်ကို အတင်းကာရော





အောက်ဘက်ဆွဲဆန့်ချပြီး ဒေါက်ဖိနပ်သံတဂွပ်ဂွပ်မြေးပြီး ထွက်သွားတော့တယ်။ ကျွန်တော့်မှာတော့ သေချာပုံသွင်းပြီး ဖြီးလာတဲ့ ဆံပင်တွေတောင် ဖရိုဖရဲဖြစ်ပြီး ကျန်ခဲ့တယ်။ အကင်းမသေသေးတဲ့ နဖူးကဒဏ်ရာကလည်း နာလိုက်တာမပြောပါနဲ့တော့။ ဝတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်မိတော့ မလှမ်းမကမ်းမှာ အဒေါ်ကြီးတစ်ယောက်က နှာခေါင်းရှုံ့ပြီး ကျွန်တော့်ကို အထင်သေးတဲ့မျက်လုံးတွေနဲ့ကြည့်လို့။

ကျွန်တော်က လက်တွေရော ခေါင်းတွေရော ခါလို့ရတာခန့်သမျှကို ရမ်းခါပြလိုက်ရင်း. . .

"မဟုတ်ဘူး၊ မဟုတ်ဘူးဗျာ၊ အထင်လွဲတာ. . . အထင်လွဲတာ"

လို့ပြောရတယ်။ ဒါပေမယ့် အဒေါ်ကြီးကတော့ ယုံပုံမရ။ ခေါင်းတရမ်းရမ်းနဲ့ ထွက်သွားတာယ်။ ကျွန်တော်လည်း သက်ပြင်းကို ဟူးခနဲမှုတ်ထုတ်လိုက်ကာ မယုံလည်းမတတ်နိုင်ဘူးဗျာလို့တစ်ယောက်တည်း ရေရွတ်ပြီး လေးလွှာက အသိဆီကို တက်လာခဲ့လိုက်တယ်။ အဲဒီအသိနဲ့ တွေ့ပြီးပြန်လာတော့ ဓာတ်လှေကားကမြန်အောင်းနေပြီ။ ဝမ်းသာလိုက်တာများ သိန်းထီပေါက်လိုက်သလိုပဲ။ အဲဒီလိုနဲ့ ဓာတ်လှေကားနဲ့ အောက်ပြန်ဆင်းလာရင်း ဓာတ်လှေကားက ဒုတိယထပ်ကိုရောက်တော့ လူတက်ဖို့ပွင့်သွားတယ်။

ဓာတ်လှေကားအပေါက်ဝမှာ မြင်လိုက်ရတာက စော်စော

တအဒေါ်ကြီး။ အဒေါ်ကြီးက ကျွန်တော့်ကိုမြင်တော့မျက်လုံး တွေပြူးသွားတယ်။ ပြီးတော့ နေရာကနေ တုတ်တုတ်မလှုပ်ပဲ ရပ်နေတယ်။ ဒီအချိန်မှာပဲ ခတ်လေ့ကားက လျှောခနဲပြန်ပိတ်လာ တာနဲ့ ကျွန်တော်က ဖွင့်တဲ့ခလုတ်ကို ပြန်နှိပ်လိုက်ရင်း. . .

"လာလေ. . . အန်တီ၊ ဝင်ခဲ့လေ"

လည်းပြောလိုက်ရော အဒေါ်ကြီးက တီကိုဆားနဲ့တို့လိုက် သလို တွန့်လိမ်သွားရင်း နောက်ကိုခြေတစ်လှမ်းဆုတ်သွားတယ်။

"အန်တီ. . . လာလေဗျာ"

ကျွန်တော်က ထပ်ခေါ်တော့ အဒေါ်ကြီးကလည်း နောက် ထပ်ခြေတစ်လှမ်း ထပ်ဆုတ်သွားပြန်တယ်။

"လာလို့"

တတိယမြောက်ခေါ်လိုက်စဉ်မှာတော့ အဒေါ်ကြီးက ရိုးရိုးလှေကားတွေအတိုင်း အောက်ဘက်ကို တဝုန်းဝုန်းပြေးဆင်း သွားတော့တာပဲ။ အချိုးက ကျွန်တော့်ကို မယုံဘူးဆိုတဲ့အချိုး။ ဒီအ ဆင်နဲ့ဒီအဆင်ကိုများ။ ဟွန်း. . . ဖြစ်ပုံများပြောပါတယ်။





သူမနဲ့နောက်တစ်ခါဆုံခဲ့တာကတော့ Mr.Guitar မှာပါ။ ဒါပေမယ့် ဒီတစ်ခါတွေ့ပုံကလည်း သင်းပါတယ်။ စိတ်ထဲခပ် နောက်နောက်ရှိတာနဲ့ ဒီဆိုင်ကိုထွက်လာတဲ့ကျွန်တော်က ဆိုင်ထဲ ကိုဝင်လာခဲ့ပြီး ဘယ်နေရာမှာ ထိုင်ရမလဲလို့ နေရာကို ဝေ့ဝဲရှာ လာခဲ့တာ။ အဲဒီအချိန်မှာပဲ ကျွန်တော်နဲ့ အနားကကပ်ရှောင်သွား တဲ့ လူတစ်ယောက်က ဘယ်လိုကနေဘယ်လို ကြိုးပြေနေမှန်းမသိတဲ့ ကျွန်တော့်ဖိနပ်ကြိုးကို တက်နင်းသွားတယ်။ ပြီးတော့ ကျွန်တော်က လည်း ခြေအလှမ်းဆိုတော့. . . ဟန်ချက်ပျက်သွားပြီး တစ်ဖက် လူရဲ့ခြေထောက်အောက်ကနေ ကျွန်တော့်ဖိနပ်ကြိုးလည်း လွတ် ထွက်လာရော လူက ဘေးနားက စားပွဲဝိုင်းမှာထိုင်နေတဲ့ မိန်း ကလေးတစ်ယောက်ကို နောက်ဘက်ကနေ ကုန်းဖက်လိုက်မိသ လိုဖြစ်သွားတယ်။ ကျွန်တော်က အရှိန်ကိုထိန်းလိုက်တဲ့အတွက် ဖက်တော့ မဖက်လိုက်မိဘူး။ ဒါပေမယ့် ကျွန်တော့်ခေါင်းကတော့

နောက်ဘက်ကနေ သူမပခုံးကိုကျော်ကာ ထွက်သွားတယ်။ ဖြစ်ချင်တော့ အဲဒီမိန်းကလေးကလည်း သူမအကျီရှေ့ဘက်ကို အသာဟကာ အထဲက ဘာကိုမှန်းမသိ ဆွဲထုတ်နေတဲ့အခိုက်. . . ။

ဆိုတော့ကာ. . . ကျွန်တော့်ပုံစံက မကောင်းတဲ့စိတ်နဲ့ပဲ နောက်ဘက်ကနေ အသာငုံ့ကိုင်းကြည့်လိုက်သလိုလို. . . ။

သူမက အလန့်တကြားနဲ့ နောက်ဘက်ကိုဖျတ်ခနဲခေါင်းလည်လာတယ်။ ကျွန်တော်ကတော့ ကုန်းကုန်းကြီးနဲ့ ကြောင်နေမိတုန်း။

"ဟင်. . . ရှင်ပဲ၊ လူယုတ်မာ"

ကျွန်တော်ဘာမှ မပြောလိုက်နိုင်သေးဘူး။ သူမလက်တစ်ဖက်က မြောက်တက်လာတယ်။ သူမလက်ထဲမှာက အအေးဖန်ခွက်အလွတ်ကြီး။

"ခွပ်"

ခနဲမြည်သံနဲ့အတူ ဒဏ်ရာဟောင်းနားက ပူထူသွားတယ်။ ရိုက်ချက်က မြန်ဆန်လွန်းတော့ နာလို့နာမှန်းတောင်မသိလိုက်။ ဒါပေမယ့် နဖူးကိုဖြတ်သန်းကာ ပါးပေါ်သို့ တစ်စုံတစ်ရာက ဖြတ်သန်းစီးဆင်းလာတဲ့အခါ. . . ။

"ဟင်. . . သွေး. . . သွေးတွေ"

သူမက မျက်လုံးပြူးမျက်ဆံပြူးနဲ့ အော်တယ်ကျွန်တော်က ပါးပေါ်က အရာတစ်ချို့ကို လက်နဲ့သုတ်ကာ ကြည့်လိုက်တော့





တကယ့်ကိုပဲ ရဲရဲနီနေတဲ့ သွေးတွေပါလာတယ်။ ဒီတော့မှ နဖူးကလည်း နာမှန်းသိလာကာ ကျွန်တော်လည်း အော်ရမှာကို သတိရသွားတယ်။

"အား. . ."

အော်မလို့ပြင်လိုက်တာက ကျွန်တော်ပါ။ ဒါပေမယ့် တကယ့်တကယ်တမ်း အော်သံထွက်လာတာက သူမဆီက။ ပြီးတော့ သူမက စားပွဲပေါ်ကို ခေါင်းမှောက်လျက် ပျော့ခွေကျပြီး သတိလစ်သွားတော့တယ်။ အဲလိုပါဆိုနေ. . . ။

တွေ့လိုက်တိုင်း ဒင်းကချည်း အရာရာကို လက်ဦးမှုယူထားတာ။

နဖူးကဒဏ်ရာကိုအသာကိုင်ကာ စိတ်ပျက်နေမိတုန်းမှာပဲ မရွှေချော့က သတိပြန်လည်လာတယ်။ ဒါတောင် ဒင်းက ကျွန်တော့်ကိုမြင်တော့ ပြန်ပြီးတက်မလိုဖြစ်သွားလို့. . .

"အောင်မလေးလေး. . . ပြန်တော့မတက်လိုက်ပါနဲ့. မရွှေချောရယ်. . . နော်၊ ကျွန်တော်မျိုးတောင်းပန်ပါတယ်၊ သတိ. . . သတိလေးနဲ့နေပေးပါ၊ နောက်ထပ်တော့ သတိမလစ်ပါနဲ့ဦး၊ သတိလစ်ချင်ရင်လည်း ခင်ဗျားအိမ်ပြန်ရောက်တော့မှလစ်ပါ"

ဆိုပြီး မနည်းပြန်တားယူထားရတယ်။ ဒါတောင် ဒင်းက ကျွန်တော့်ကို မယုံသင်္ကာဟန်နဲ့ ကြည့်နေသေးတာ။

"ကျွန်မ. . . ကျွန်မဘယ်ရောက်နေတာလဲ"

"ဘယ်ရောက်ရမှာလဲကွ၊ ဆေးခန်းရောက်နေတာပေါ့၊





မင်းကလည်း ဦးအောင်ဆော်သေးတယ်၊ ပြီးတော့မင်းကပဲ ဦးအောင်သတိလစ်ပစ်လိုက်တာလေ"

ဒီတော့မှ သူမက အဖြစ်အပျက်ကို ပြန်သတိရသွားသလိုပုံမျိုးနဲ့. . .

"သြော်. . . မှတ်မိပြီ၊ မှတ်မိပြီ"

"မှတ်မိပြီမလုပ်နဲ့၊ ဒီမှာ မင်းငါ့ကို ဘယ်လိုအတန်းအစားများ အောက်မေ့နေလဲ. . . ဟမ်၊ မင်းနဲ့တွေ့လိုက်တိုင်း အထင်လွဲစရာတွေ ဖြစ်ဖြစ်နေတယ်ဆိုပေမယ့် ငါ့ကို နွားဘူးများအောက်မေ့နေသလား. . ."

ကျွန်တော်က တစ်ဖက်အခန်းက ဆရာဝန်နဲ့လူနာတွေကြားသွားမှာကိုလည်း စိုးသေးတာမို့ သွားကြားထဲကထွက်တဲ့လေသံမျိုးနဲ့ အသံကိုခပ်အုပ်အုပ်လုပ်ကာ အလန်းဇယားမမ အထင်လွဲနေတာကို ရှင်းရတယ်။ ဒါကို သူမက ကျွန်တော့်ကိုခြေအစခေါင်းအဆုံးကြည့်လာသေးကာ. . .

"ရှင့်ပုံစံက ဂန်ဒူးနဲ့လည်း မတူပါဘူး"

"ဘာပြောတယ်"

"သြော်. . . စာချိုးတစ်ခုရှိတယ်လေ၊ ယောကျ်ားတွေမှာ အမျိုးအစားနှစ်မျိုးပဲရှိတယ်တဲ့၊ အဲဒါက နွားဘူးနဲ့ဂန်ဒူးတဲ့၊ ရှင့်ပုံစံက ဂန်ဒူးနဲ့မှမတူတာ၊ အဲဒီတော့ ဟိုဟာ. . . နွားဘူးပဲထင်တာပေါ့၊ အခုတော့ ရှင်ကနွားဘူးမဟုတ်ဘူး

ဆိုတော့ ဂန်ဒူးပေါ့၊ ဟုတ်လား”

ကြည့်. . . ပြောပုံကိုက။ ကိုယ်ကပဲနှာဘူးမဟုတ်ကြောင်း ပြဖို့အရေးကို ဂန်ဒူးဖြစ်ပြရဦးမယ့်ပုံ။

“ဘာကိစ္စ ငါက ဂန်ဒူးဖြစ်ရမှာလဲ၊ မင်းတို့အမျိုးထဲက ကောင်တွေအကုန်လုံးကမှ ဂန်ဒူးတွေ၊ ငါက ယောကျ်ား စစ်စစ်ကွ၊ စစ်လွန်းလို့မှ ဗျစ်ဗျစ်ဗျစ်ဗျစ်နဲ့တောင်မြည် နေသေးတယ်”

“ဘယ်ကမြည်တာလဲ”

“ဘယ်ကမြည်မြည်ပေါ့၊ ယောကျ်ားစစ်တာကတော့ ဟိုဘက်ကိုတောင်လွန်နေသေးတယ်”

“ဒါဆို. . . ရှင်က နှစ်မျိုးတည်းက ဘယ်တစ်မျိုးလဲ”

“တစ်မျိုးမှ မဟုတ်ဘူး”

“ဟင်. . . ရှင် အဲဒီလိုတော့ လုပ်လို့မရဘူးလေ၊ နှစ်မျိုးထဲ က တစ်မျိုးတော့ဖြစ်ရမှာပေါ့”

“တစ်မျိုးမှ မဟုတ်ဘူးကွာ၊ ငါတို့ယောကျ်ားလေးတွေက အမျိုးအစားတွေ မရေမတွက်နိုင်အောင်ရှိတာ၊ မင်းကို ဘယ်သူပြောလဲ၊ ယောကျ်ားနှစ်မျိုးနှစ်စားပဲရှိတယ်လို့၊ တကယ်တမ်းနှစ်မျိုးနှစ်စားပဲရှိတာက မင်းတို့မိန်းကလေး တွေမှအစစ်”

“ဟုတ်လား. . . ပြောစမ်းပါဦး၊ ကျွန်မတို့မိန်းကလေး





တွေရဲ့ အမျိုးအစားနှစ်မျိုးကို”

သူမအမေးက သရော်တော်တော်လေသံနဲ့။ အဲဒီတော့ ကျွန်တော်ကလည်း သူမလေသံနဲ့လိုက်အောင် မျက်နှာကိုသရော် တော်တော်ပုံစံ ဖမ်းထားလိုက်ရင်း. . .

“မသေမချင်းမှတ်ထား၊ မင်းတို့မိန်းကလေးတွေမှာ အမျိုး အစားနှစ်မျိုးပဲရှိတယ်၊ အဲဒါက အခုတစ်မျိုး၊ တော်ကြာ တစ်မျိုးပဲ”

"ဟဲ့သား. . . နဖူးက ဘာဖြစ်လာပြန်တာလဲ၊ အရင်ဒဏ်ရာက ပျောက်နေပြီမဟုတ်လား"

"အရင်ဟာက ပျောက်သွားပြီတော့ အခုအသစ်ထပ်ရလာတာလေ၊ အရင်နေရာမှာပဲ"

"ဘယ်လိုဖြစ်ရတာတုန်း၊ မင်းလည်း အခုတလောဒဏ်ရာတွေချည်း လိုမ့်ရနေတော့တာပဲ"

"shopping ထွက်ရင်း ချော်လဲတာ၊ လှေကားခုံနဲ့ရိုက်မိသွားတာပါ၊ သိပ်မများပါဘူး"

ကျွန်တော်က ဇာတ်လမ်းတွေရှည်နေမှာစိုးတာနဲ့ မေမေ့ကို ညာလိုက်တယ်။ စိတ်ထဲမှာတော့ ဟိုတစ်ယောက်ရဲ့ လက်စလက်နကို နောက်တစ်ကြိမ်ပြန်ခံစားလိုက်ရသလို ကျောထဲကစိမ့်သွားတယ်။ မေမေကတော့ ခေါင်းတရမ်းရမ်း။





"အဲဒါ မင်းကံနိမ့်နေလို့ပေါ့၊ မဖြစ်သေးပါဘူး၊ ဗေဒင်လေးဘာလေးသွားမေးပြီး ယတြာချေဦးမှပါ"

မေမေက ပြောလည်းပြော မီးဖိုချောင်ဘက်လည်းဝင်သွားလေရာ ကျွန်တော်လည်း အပေါ်ထပ်အခန်းဆီကို တက်လာခဲ့လိုက်တယ်။ ခုတင်ပေါ်ကို ခြေပစ်လက်ပစ် ပက်လက်လှန်လှဲချလိုက်ပြီးမှ ကိုယ့်အဖြစ်ကိုပြန်တွေးကာ သက်ပြင်းချမိတယ်။ ပြီးတော့ ဘောင်းဘီအိတ်ကပ်ထဲက ဖုန်းကိုဆွဲထုတ်ဖို့ပြင်လိုက်တယ်။ ဒါပေမယ့် ဖုန်းကဘောင်းဘီအိတ်ကပ်ထဲမှာ ရှိမနေ။ ဒါနဲ့ ရှေ့နောက်အိတ်ကပ်တွေ အကုန်လုံးကို လိုက်စမ်းကြည့်ရတယ်။ ဖုန်းကလုံးဝပါမလာ။

ဟား. . . ဟုတ်သားပဲ။ ဖုန်းက ဟိုကောင်မလေးရဲ့ ဘေးလွယ်အိတ်အကြီးကြီးထဲမှာ ပါသွားပြီ။ သူမကို ဆေးခန်းပို့ဖို့လုပ်တုန်းက သူမဘေးလွယ်အိတ်ကြီးထဲကို သူမရဲ့ဖုန်းရော၊ ဒိုင်ယာရီစာအုပ်လား၊ မှတ်စုစာအုပ်လားမကွဲတဲ့ စာအုပ်တစ်အုပ်ကိုရောသိမ်းကြုံးပြီး ကောက်ထည့်ပေးလိုက်တာ။ အဲဒီမှာ ကိုယ့်ဖုန်းပါ ပါသွားတာဖြစ်မယ်။

ကျစ်. . . ဘယ်လိုပြန်ဆက်သွယ်ရပါ့မလဲ။ အဲဒီ မိန်းကလေးက ဘယ်မှာနေတာမှန်းလည်းမသိ။ ယုတ်ဆွအဆုံး နာမည်လေးတောင် သိတာမဟုတ်။ ဟား. . . ဟုတ်သားပဲ။ ကိုယ့်ဖုန်းကိုယ်ပြန်ခေါ်လို့ရတာပဲဟာ။

အတွေးနဲ့အတူ အောက်ထပ်က ကြိုးဖုန်းရှိရာကို ပြန်ဆင်းလာခဲ့လိုက်တယ်။ ဖုန်းက တော်တော်နှင့်မကိုင်။ ငါးခါမြောက်ပြန်ခေါ်လိုက်တော့မှ . . .

"ဟယ်လို"

"ဟယ်လိုနောက်ထား၊ ငါက အဲဒီဖုန်းပိုင်ရှင်ပဲ"

"သြော် . . . ရှင်လား"

"အေး . . . အရှင်ပဲ၊ ငါ့နာမည် ကျွန်းတဲ့၊ တစ်လုံးတည်း မှတ်ထားဦး"

ဆိုတော့ တစ်ဖက်က တခစ်ခစ်ရယ်တယ်။

"ရယ်မနေနဲ့၊ ငါ့ဖုန်း မင်းဆီပါသွားတာ၊ ဘယ်လိုပြန်လာယူရမှာလဲ၊ ပြောဦး"

"ရှင်လာယူမှာလား"

"အင်း . . . ယူရမှာပေါ့၊ ဘယ်ကိုလာယူရမှာလဲ"

"လောလောဆယ်တော့ ကျွန်မက အိမ်ပြန်ရောက်နေပြီ၊ ဒီနေ့အတွက် အပြင်မထွက်တော့ဘူး၊ အိမ်ကိုလည်း လာမယူခိုင်းချင်ဘူး၊ အဲဒီတော့ မနက်ဖြန်မှပဲ ရှင့်ဖုန်းကိုပြန်ပေးနိုင်မယ်၊ ဘယ်လိုလဲ . . . အဆင်ပြေရဲ့လား"

"ဖြစ်ပါတယ်"

"အဲဒါဆိုရင် မနက်ဖြန် နေ့လည်တစ်နာရီလောက် ဒီနေ့တွေ့တဲ့ Mr.Guitar မှာပဲဆုံမယ်လေ၊ ဖြစ်လား"





"အိုခေလေ . . . ဒါပေမယ့် တစ်ခုတော့ရှိတယ်"

ကျွန်တော်က တစ်ခုတော့ရှိတယ်ဆိုတော့ သူမက ကျွန်မမှာက တစ်ခုမကရှိတယ်လို့ ပြောမလာပါ။ ကျွန်တော့်စကားကိုပဲ အသာနားစွင့်နေတဲ့ပုံ။

"ကျွန်တော့်ဖုန်းကို လျှောက်ဖွင့်မကြည့်နဲ့နော်၊ Gallery ထဲက ကျွန်တော့်ပုံတွေကိုလည်း ကူးယူမထားနဲ့ဦး"

ကျွန်တော့်စကားအဆုံး သူမက တခစ်ခစ်ရယ်ပြန်တယ်။ နားထဲမှာ အဲဒီရယ်သံက တစ်မျိုးပါပဲ။ သူမက အဲဒီလိုရယ်နေရင်းကနေ ပြော လာတာက . . .

"စိတ်ချပါရှင်၊ ကျွန်မတို့အိမ်က ကြွက်မရှိပါဘူး"

တဲ့။ ပြောပြီး ဖုန်းကို တန်းချသွားတယ်။ ဟင်း . . . နာမည်လေးတောင် မမေးလိုက်ရဘူး။

နေ့လည်တစ်နာရီထိုးဖို့ ငါးမိနစ်အလိုမှာပဲ Mr.Guitar ကိုရောက်သွားဖြစ်တယ်။ ဒါပေမယ့် သူမက ကျွန်တော့်ထက်တောင် ကြိုစောပြီးတော့ ရောက်နေပါသေးတယ်။ တစ်ယောက်တည်း တော့မဟုတ်။ ဘဲတစ်ပွေနဲ့။

ဆိုင်ထဲကို ကျွန်တော်ဝင်လာတာတွေ့တော့ သူမမျက်နှာ က လိုအပ်တာထက်ပိုပြီး ပြုံးရွှင်သွားတယ်။ ပြီးတော့ ထိုင်ရာကပါ ထလာကာ ကျွန်တော့်ဆီကို မပြေးရုံတမယ်လျှောက်လာပြီး ဘာမ ပြောညာမပြောနဲ့ ကျွန်တော့်လက်ကို ချိတ်တွဲလိုက်ကာ. . .

“စောင့်လိုက်ရတာ မောင်ရယ်၊ ချစ်ချစ်က အစောကြီးက

တည်းက ရောက်နေတာ”

ပြောလည်းပြော လူကိုလည်း ဇွတ်အတင်းဆွဲခေါ်သွား တော့ ကျွန်တော့်မှာ ဘုမသိဘမသိ ယက်ကန်ယက်ကန်နဲ့ပါသွားရ တယ်။ ပြီးတော့ သူမနဲ့အတူ စားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်ရတယ်။

“မောင်. . . ဘာသောက်မလဲ၊ မှာလေ”





သူမက လုံးဝခပ်တည်တည်။ ကျွန်တော်က စားပွဲထိုးလေး ကိုခေါ်ကာ ဖရဲသီးဖျော်ရည်မှာအပြီးမှာပဲ သူမက စားပွဲပေါ်မှာ တင်ထားတဲ့ ကျွန်တော့်လက်ကို ဖျတ်ခနဲလာရောက်အုပ်မိုးကိုင် လိုက်ပြန်ကာ ခပ်ငူငူထိုင်နေတဲ့ ဘဲတစ်ပွေဘက်ကို ဘယ့်နှယ်ရှိစ ဆိုတဲ့အထာနဲ့ ကြည့်လိုက်ရင်း. . .

“ကဲ. . . ရှင်ယုံပြီလား၊ ဒါ ကျွန်မချစ်သူပဲ”

သူမစကားကြောင့် ကျွန်တော့်ရင်ထဲ ဒိန်းခနဲဆောင့်ခုန် သွားရပြီး သူမကိုကြည့်လိုက်တော့ သူမနှုတ်ခမ်းတွေက အချိုမြဆုံး ပြုံးလို့။ ဘဲကြီးကိုကြည့်လိုက်မိတော့ သူ့မျက်နှာက မခံမရပ်နိုင် ဖြစ်နေဟန်နဲ့ မှုန်ကုပ်ကုပ်။ ဒီအချိန်မှာပဲ သူမက သူ့ကိုခပ်မာမာ တစ်ချက်ကြည့်လိုက်ပြန်ကာ. . .

“ရှင်. . . ဘာလုပ်နေတာလဲ၊ လစ်တော့လေ၊ ဒီနေရာမှာ

ရှင့်အခန်းကဏ္ဍက ပြီးသွားပြီ၊ ကျောင်းတော့”

ဒီတော့မှ ငတိက ထိုင်ရာကထရပ်လိုက်ပြီး စားပွဲပေါ်မှာ ချွတ်ချထားတဲ့မျက်မှန်ကို ပြန်ကောက်တပ်ပြီး ထွက်သွားတယ်။ ပုံစံကတော့ ဆောင့်ကြွားကြွားပါပဲ။

အဲဒီငတိဆိုင်ထဲက ထွက်သွားပြီဆိုတော့မှ သူမက ကျွန်တော့်လက်ကို လွှတ်ပေးလာကာ. . .

“ကျေးဇူးပဲ၊ အဲဒီတစ်ယောက် အာရုံနှောက်နေတာကြာပြီ၊

ခုမှတစ်တောရှင်းသွားတယ်၊ မကြိုက်ပါဘူးဆိုတာကို ဇွတ်

လိုက်ပြီးတွယ်ကပ်နေတာ၊ ချစ်သူရှိပါတယ်ပြောလည်း မရဘူး။ သူမျက်စိနဲ့တွေ့မှ ယုံမယ်တဲ့လေ၊ အဲဒါကြောင့် ရှင်နဲ့ချိန်းရင်း သူ့ကိုပါ တစ်ခါတည်းချိန်းထားလိုက်ပြီး ရှင်းထုတ်လိုက်တာ၊ ကြိုပြောမထားလို့ ဆောရီးပဲနော်”

“ကိုယ့်ကို အသုံးချလိုက်တာပေါ့လေ၊ ဘာလို့မင်းချစ်သူကျတော့ရဲ့ခေါ် မပြလိုက်တာလဲ”

“သူက မအားဘူးရှင့်”

“ဘယ်လို”

“ခစ်ခစ် . . . နောက်တာပါ၊ ကျွန်မရည်းစားမထားတာ ခြောက်လလောက်ရှိပြီ”

ပြောပြီး သူမက တခွေသောသောရယ်ပြန်တယ်။ နောက် သူမရဲ့ ဘေးလွယ်အိတ်အကြီးကြီးထဲကနေ ကျွန်တော့်ရဲ့ ဟန်းဖုန်းကိုထုတ်ပေးလာတယ်။

“ဒီမှာရှင့်ဖုန်း . . . ကျွန်မဘာမှမကြည့်ဘူးနော်၊ ဘာပုံမှလည်း ကူးယူမထားဘူး”

သူမမျက်နှာက ပြောင်စပ်စပ်။ ကျွန်တော်က အသာပြုံးကာ ဖုန်းကို ကျွန်တော့်ဘက် အသာဆွဲယူထားလိုက်တယ်။

“ရှင့်နဖူးကရော ဘယ်လိုနေသေးလဲ”

ကျွန်တော်က ပတ်တီးစည်းထားဆဲဖြစ်တဲ့ နဖူးက ဒဏ်ရာကို အသာစမ်းကိုင်လိုက်ရင်း . . .





“သက်သာပါတယ်၊ ဘာမှမဖြစ်တော့ပါဘူး”

“ဒါနဲ့ရှင့်နာမည်တော့ ကျွန်မသိပြီးသွားပြီ၊ ကျွန်မနာမည်ကိုလည်း မှတ်ထားဦး၊ ချစ်ချစ်ကျော်ဇောတဲ့”

“ဦးကျော်ဇောသမီးလား”

“ဟုတ်တယ်လေ၊ ရှင်က ဖေဖေ့ကိုသိလို့လား”

“သိတာပေါ့၊ ကိုယ်နဲ့သူက ကျောင်းနေဖက်တွေပဲဟာ”

“ဟာ . . . ဒီက အဟုတ်မှတ်လို့”

နှစ်ယောက်သား ရယ်မိကြတယ်။ ဘယ်သူမှ ဘာမှပြောစရာ မလိုပါဘူး။ သူမနဲ့ကျွန်တော့်ကြားမှာ ရင်းနှီးမှုတစ်ခု ဝင်ရောက်လာခဲ့ပြီဆိုတာကို ကျွန်တော်ခံစားမိတယ်။ သူမက လုံးဝကို ပွင့်ပွင့်လင်းလင်း type ပါ။ ဘာအထာမှမရှိ။ ပြောရရင်တော့ အဲဒီလို အထာမကိုင်ခြင်းကပဲ သူမနဲ့ကျွန်တော့်ကို ခပ်မြန်မြန်နီးကပ်သွားစေခဲ့တာပါ။

ဟန်းဖုန်းက မြည်လာလို့ကြည့်လိုက်တော့ သူမနံပါတ်။ ကျွန်တော်က အိပ်ရာပေါ်မှာ တစောင်းအနေအထားနဲ့ စာဖတ်နေရာကနေ ပက်လက်အနေအထားပြောင်းလိုက်ကာ ထူးလိုက်တယ်။

"ဟယ်လို"

"ဟယ်လို. . . ကိုကျွန်းလားခင်ဗျာ့"

မျှော်လင့်ထားသလို သူမအသံထွက်မလာဘဲ ယောကျ်ားတစ်ယောက်ရဲ့အသံထွက်လာတာမို့ ကျွန်တော်က ဖုန်းမှာပေါ်နေတဲ့ နံပါတ်နဲ့နာမည်ကို ပြန်ကြည့်မိတယ်။ ဖုန်းကတော့ မမှား။

"ဟယ်လို. . . ကြားလားမသိဘူး၊ ဟယ်လို. . . ကိုကျွန်းလာခင်ဗျာ့"

ကျွန်တော့်ဘက်က ငြိမ်နေတော့ တစ်ဖက်ကအသံက ဆက်ထွက်လာတယ်။ ကျွန်တော်က မျက်မှောင်ကုပ်လိုက်မိရင်း. . .





"ဟုတ်ပါတယ်၊ အခုက ဘယ်သူလဲမသိဘူး"

"ဩော်. . . ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်(. . . . )ဆိုင်ကပါ၊ ဒီမှာ customer တစ်ယောက်က တအားအမူးလွန်နေလို့ပါ၊ အဲဒါ သူ့အိမ်ပြန်ဖို့ခက်နေလို့ မေးကြည့်တော့ အစ်ကိုဖုန်းကိုခေါ် ဆိုလို့ ဒီဖုန်း contact ထဲကနေ အစ်ကို့ဖုန်းကိုရှာပြီးဆက်လိုက်တာပါ၊ အဲဒါအစ်ကို လာခေါ်ပေးလို့ရမလားခင်ဗျာ့"

"နေပါဦးဗျာ၊ အခုခင်ဗျားပြောတဲ့ မူးနေတဲ့သူဆိုတာက ဘယ်သူများပါလိမ့်"

"ဟုတ်. . . သူ့ကိုယ်သူပြောတာတော့ မချစ်ချစ်တဲ့"

"ဘယ်လို!"

ကျွန်တော်ခုတင်ပေါ်မှာ ငုတ်တုတ်ထထိုင်မိရက်သားဖြစ်သွားတယ်။ သူမက (. . . . )ဆိုင်မှာ မူးနေသတဲ့။ ဘုရား. . . ဘုရား. . . ။

"ဟုတ်ပြီ ဟုတ်ပြီ၊ ကျွန်တော် အခုပဲလာခဲ့ပါ့မယ်၊ ခဏလောက် ကြည့်ထားပေးပါနော်"

ပြောပြီး ခုတင်ပေါ်ကနေ ခုန်ဆင်းလိုက်ကာ တွေ့ရာအင်္ကျီလက်ရှည်တစ်ထည်ကို အပေါ်ကနေ ထပ်ဝတ်လိုက်ရင်း အောက်ထပ်ကိုပြေးဆင်းလာခဲ့လိုက်တယ်။

"ဟေ့ကောင်. . . ဘယ်လိုဖြစ်လာတာလဲ၊ ရေးကြီးသုတ်

ပျာနဲ့"

"သားအပြင်ခဏသွားလိုက်ဦးမယ်ဖေဖေ၊ မကြာပါဘူး၊ နာရီဝက်တစ်နာရီလောက်ပါပဲ"

လှေကားအလယ်မှာတွေ့တဲ့ ဖေဖေ့ကို ကမန်းကတန်း ပြောခဲ့ကာ သူမရှိတဲ့ဆိုင်ဆီကို ကားနဲ့ထွက်လာခဲ့လိုက်တယ်။ ဆိုင်ရောက်တော့ သူမက စားပွဲထိုးတစ်ယောက်နဲ့ ပြဿနာတက်လို့။

"နင့်ကို နောက်တစ်လုံးထပ်ပေးလို့ ပြောနေတာ မကြားဘူးလား၊ ဟမ်. . . ငါက ပိုက်ဆံမပေးလို့လား၊ သူများတွေကိုကျတော့တစ်လုံးပြီး တစ်လုံး ချပေးနေပြီးတော့ ငါ့ကိုကျ တော့ဘာလို့ချမပေးတာလဲ၊ ပိုက်ဆံပေးသောက်တာချင်း အတူတူကို နင်တို့က ဘာလို့မျက်နှာလိုက်တာရဲ. . . ဟမ်. . . ပြောလေ"

သူမက ရိုးရိုးတန်းတန်းပြောနေတာမဟုတ်ဘူး။ စားပွဲခုံကို လက်နဲ့ တဘန်းဘန်းရိုက်ပြီး အော်ဟစ်နေတာ။ တစ်ဆိုင်လုံးမှာက ယောက်ျားသားတွေချည်းပဲ။ မိန်းမဆိုလို့ သူမတစ်ယောက်တည်းသာရှိနေတာ။ ဒါပေမယ့် ရှိသမျှယောက်ျားတွေအကုန်လုံးက အေးအေးဆေးဆေးနဲ့ သူတို့အရက်သူတို့ သောက်နေတာဖြစ်ပြီး သူမတစ်ယောက်တည်းရဲ့ အသံကပဲ တစ်ဆိုင်လုံးမှာ ပွက်လောရိုက်နေတော့တာပါ။

"ငါ့ကိုဘာအောက်မေ့နေလဲ၊ နင်တို့ဆိုင်ရှင်ကိုသွားခေါ်ခဲ့၊





အခုတွားခေါ်ခဲ့၊ နာ့ကိုဒီလိုလာကြောလို့ ဘယ်ရမရဲ၊ တစ်ဆိုင်လုံးကို မီးချို့ပစ်လိုက်မယ်. . . ဘာမှတ်နေလဲ၊ သွား. . . အခုသွားခေါ်၊ လာရင်လည်း လူချည်းမလာခဲ့နဲ့၊ အနီတစ်လုံးဆွဲခဲ့လို့ပြောလိုက်. . . သွား"

စားပွဲထိုးလေးက ခေါင်းတကုတ်ကုတ်နဲ့ ဘာလုပ်ရမှန်းမသိတဲ့ပုံ။ သူမကတော့ အသံကသာ ဟောင်ဖွာဟောင်ဖွာနဲ့ အော်နေဘာဖြစ်ပြီး လူကတော့ခေါင်းငိုက်စိုက်နဲ့။ တစ်ချက်တစ်ချက်မှသာ စားပွဲထိုးကို မော့မော့ကြည့်လိုက်ပြီး ဟောက်နေတာ။

ကျွန်တော်လည်း အနားရောက်သွားရော စားပွဲထိုးလေးမျက်နှာကဝင်းပသွားတာများ သိန်းတစ်ထောင်ဆုကြီးပေါက်လိုက်တဲ့အတိုင်း။

"ကိုကျွန်းဆိုတာ အစ်ကိုလား"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်ရင်း သူမဘေးက ခုံမှာဝင်ထိုင်လိုက်တယ်။

"လုပ်ပါဦးအစ်ကိုရာ၊ ကျွန်တော်ဘယ်လိုမှကို ထိန်းမနိုင်တော့ဘူး၊ ကျွန်တော်ဒီမှာ အလုပ်လုပ်လာတာ ကြာပါပြီအစ်ကိုရာ၊ ရစ်တဲ့သူအမျိုးမျိုးနဲ့တွေ့ဖူးပါတယ်၊ အဲဒီလိုရစ်တဲ့သူတွေအကုန်လုံးကကို အမေခေါ်ရလောက်အောင်သူကရစ်နေတာ၊ ကျွန်တော့်မှာ အလုပ်တောင်ထွက်ရင်ကောင်းမလားလို့၊ ငိုတောင်ငိုချင်နေပြီ"

စားပွဲထိုးလေးအသံက တကယ့်ကိုပဲ ငိုသံပါနေပါပြီ။ သူက သူမကို ပခုံးကနေကိုင်လှုပ်လိုက်ကာ. . .

“ချစ်ချစ်. . . ချစ်ချစ်. . . ချစ်ချစ်”

နဲ့ တစ်ချစ်တည်းချစ်ကာ ခေါ်ရတယ်။ ဒီတော့မှ သူမက ခေါင်းထောင်ကြည့်လာကာ. . .

“ဘူလဲ၊ ကျွန်းလား. . ချင်ရောက်လာပြီလား. . . အဟင်း ဟင်း၊ ကျွန်မနည်းနည်းလေး. . နည်းနည်းလေးတောက်ထား တယ်”

အရက်နံ့တွေက နှာခေါင်းထဲကို တထောင်းထောင်းတိုး ဝင်လာတယ်။ ဘယ်လိုကောင်မလေးပါလိမ့်။ ဒီလိုဆိုင်မျိုးမှာ မိန်းကလေးတစ်ယောက်ဖြစ်နေပြီး တစ်ယောက်တည်း မှောက်နေအောင် လာသောက်သတဲ့။ ကျွန်တော့်ဘဝမှာ ဒီလိုမိန်းကလေးမျိုးကို တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါ ပထမဦးဆုံးတွေ့ဖူးခြင်းပါပဲ။

“ဘယ်လိုဖြစ်ရတာလဲကွာ၊ သတိလေးဘာလေး ထားစမ်းပါဦး၊ မိန်းကလေးတန်မဲ့ အရက်သောက်ရတယ်လို့”

ကျွန်တော်က စိတ်ပျက်သလိုလေသံနဲ့ပြောတော့ သူမက တဟင်းဟင်းရယ်တယ်။

“အဟင်း. . . ဟင်း. . . ဟင်း. . . ချစ်ချစ်ချိတ်ညစ်လွန်းလို့ ပါကျွန်းရယ်. . .”

ပြောပြီး သူမက သူမရင်ဘတ်ကိုသူမ တဘုန်းဘုန်းပုတ်ပြ





လာကာ. . .

“ဟောဒီရင်ဘတ်ကြီးထဲက ခံပြင်းလွန်းလို့ပါ”

လို့ဆိုတယ်။ ပြီးတော့ သူမအကြည့်က စားပွဲထိုးဆီကို ဝေ့စောင်းစောင်းနဲ့ရောက်သွားပြန်ကာ. . .

“နင့်ကို နောက်တစ်လုံးတွားယူချေလို့ပြောနေတာ မကြားဘူးလား၊ အခုထိ ဘာရပ်လုပ်နေတာရဲ၊ ငါပုလင်းနဲ့ ကောက်ပေါက်မိတော့မယ်. . . အေ့”

ပြောလည်းပြော လက်ကလည်း အနားက ပုလင်းကိုဆွဲကာ မြှောက်လိုက်တာမို့ ကျွန်တော်က သူမလက်ထဲက ပုလင်းကိုဆွဲယူထားလိုက်ရင်း. . .

“အေးဆေးနေစမ်းပါကွာ၊ မင်းကို လူတွေဝိုင်းကြည့်နေတာ မင်းမရှက်ဘူးလား”

သူမကိုလည်းပြော စားပွဲထိုးကိုလည်း သူမမမြင်နိုင်တဲ့ ခပ်လှမ်းလှမ်းမှာ သွားနေဖို့ မျက်ရိပ်ပြရတယ်။ စားပွဲထိုးလေးကလည်း ဘယ်အချိန်ကတည်းကများ သွားချင်နေသလဲမသိဘူး။ လှစ်ခနဲဆို အဝေးကြီးကို တန်းရောက်သွားတယ်။

“ဟုတ်လား. . . နာ့ကိုဝိုင်းကြည့်နေကြတာလား၊ ဘယ်သူတွေကနာ့ကြည့်နေတာလဲ၊ အဲဒီလူတွေကို ချစ်ချစ်အစားချင်သွားထိုးပေးစမ်းပါ၊ ပြီးမှရှင်ထိုးခဲ့သမျှကို အစားပြန်ပေးတဲ့အနေနဲ့ကျွန်မချင့်ကိုပြန်ထိုးပေးပါ့မယ်၊ ဟင်းဟင်း. . .

ကျွန်မလက်သီးကလည်း ပြင်းပါတယ်. . . အေ့"

အင်. . . တော်တော်ကောင်းတဲ့ အပေးအယူပါလား။ မှတ်ထားဖို့တောင် ကောင်းနေချေပြီ။

"ဒါနဲ့ ကျွန်မစောစောကပြောတဲ့စကား ဘယ်ရောက်သွားပြီရဲ့"

"ရင်ဘတ်ကြီးထဲကခံပြင်းလွန်းလို့ပါကို ရောက်နေပြီ"

"ဩော်. . . အင်း. . . ဟုတ်တယ်၊ ရင်ဘတ်ကြီးထဲက ခံကြင်းလွန်းလို့ ရှင်ပဲချီးစား(စဉ်းစား)ကြည့်စမ်းပါ။ ကျွန်မ ချစ်တန်း(ရှစ်တန်း)လောက်ကတွဲခဲ့တဲ့ အကောင်လေ၊ အဲဒီအကောင်က အထု(အခု) မင်္ဂလာဆောင်တော့မယ်တဲ့၊ ချစ်ချစ်ဘယ်လိုခံစားရမလဲ ချင်ပဲချီးစားကြည့်စမ်းပါ. . . အေ့"

ဘုရား . . . ဘုရား။ ရှစ်တန်းလောက်ကတည်းက ရည်းစားထားခဲ့တာဆိုပါလား။ တကယ့်ကို မနိုင်တော့ဘူး။ မလွယ်ကြောပါလား။

"နေစမ်းပါဦး၊ သူမင်္ဂလာဆောင်တော့မယ်ဆိုတာနဲ့ မင်းက အခုလိုကြေကွဲပြနေတော့ မင်းက သူ့ကိုအခုထိ မပြတ်နိုင်သေးလို့လား. . . ဟုတ်လား"

"ထွီ. . . ဂျကား(စကား)နဲ့တောင် တော်တော်လွန်နေပြီ၊ ကျွန်မအခုလို ဖြစ်နေတာ တူ့ကိုလွမ်းလို့များ ချင်ထင်နေ





လား၊ ဟွင်း ဒင်းများ လွမ်းချရာလား၊ မလိုချင်လို့ ရှစ်တန်းလောက်ကတည်းက ခေါက်ခဲ့တာပါချိုနေ"

"ဒါချို. . . အဲလေ. . . ငါတောင်မှားကုန်ပြီ၊ ဒါဆိုမင်းက ဘာလို့ အခုလိုဖြစ်နေရတာလဲ"

"ချင်ကလေ၊ ထူမလိုလိုနဲ့ တော်တော်အ တာပဲ၊ ကျွန်မက ကြေကွဲနေတာမှတ်ဘူး၊ ခံပြင်းနေတာ၊ ခံကြင်းနေတာ. . . သိပြီလား၊ ရှင်ပဲ ချီးစားကြည့်စမ်းပါ၊ ကိုယ်မလိုချင်လို့ခေါက်ထားခဲ့တဲ့အကောင်က ကိုယ့်ထက်အရင် မင်္ဂလာဆောင်တော့မယ်၊ ဒါကို ဒင်းကအကြောကြီးနဲ့ . . . အေ့. . . လာပြောသွားတာလေ၊ အဲဒီတော့ ကျွန်မနေရာကနေပဲ ရှင်ချီးစားကြည့်၊ ကျွန်မစိတ်ထဲမှာဘယ်လောက်တောင်ခံကြင်းလိုက်မလဲလို့၊ ဘယ်လောက်စိတ်ညစ်လိုက်မလဲဆိုတာ ရှင်ပဲသေချာချီးစားကြည့်လိုက်စမ်းပါ။ အဲဒါကြောင့် ကျွန်မဒီမှာ အရက်လာသောက်တာလေ၊ ရှင်တို့ပဲ ချိတ်ညစ်တာပျောက်ချင်ရင် အရက်သောက်ရတယ်ဆိုတဲ့စကားကို လက်ကိုင်ထားကြပြီးတော့၊ ကျွန်မက အဲဒီစကားကို ဘယ်လောက်မှန်သလဲဆိုတာ လက်တွေ့စမ်းကြည့်တာ. . . အေ့"

ချီးပဲဇွတ်စားခိုင်းနေတဲ့ သူမကြောင့် ကျွန်တော် တော်တော်လေး စိတ်ညစ်လာတယ်။

"အေး. . . အေးပါကွာ၊ မင်းခံစားချက်ကို ကိုယ်နားလည်ပါပြီ၊ အခုတော့ ပြန်ရအောင်နော်၊ မင်းမိဘတွေလည်း နောက်ကနေ တော်တော်စိတ်ပူနေလောက်ပြီ"

"ဟာ. . . မပြန်ချင်သေးပါဘူး၊ ချိတ်ညစ်တာမှ မပျောက်သေးတာ၊ အေ့. . . နောက်ထပ် ထပ်သောက်မယ်လေ၊ ချင်လည်းရောက်လာပြီချိုတော့ ကျွန်မအဖော်ရအောင် ရှင်ပါသောက်ရမယ်. . . အေ့"

"အေး. . . အေးပါကွာ၊ သောက်မယ်ဆိုရင်လည်း နောက်နေ့မှသောက်ရအောင်ပါ၊ ဒီနေ့တော့ အရမ်းကိုနောက်ကျနေပြီဆိုတော့ ပြန်ရအောင်နော်၊ နောက်နေ့မှ စောစောလာ ပြီးသောက်ကြတာပေါ့"

"ဂယ်ပြောတာနော်"

"အင်း. . . ဂယ်ပြောတာ"

"လိမ်ရဘူးနော်"

"အင်း. . . မလိမ်ပါဘူး"

"မိုးကြိုးပစ်"

"အေး. . . ပစ်ကွာ၊ ပစ်. . . ပစ်"

"ဒါဆိုရင်လည်း ဖြီးရော၊ တွားမယ်"

ပြောပြောဆိုဆို သူမက ထရပ်လိုက်တယ်။ ဒါပေမယ့် ဘယ်လောက်တောင် သောက်ထားမှန်းမသိတဲ့ဒင်းက ထိုင်ခုံပေါ်ကို





ပြန်ထိုင်ကျသွားတယ်။

"ချွန်း(ကျွန်း). . . ကျမထလို့မရဘူး၊ တစ်ယောက်ယောက်က အောက်ကနေပြန်ဆွဲချလိုက်သလိုပဲ၊ ဒီနေရာမှာပဲအိပ်လိုက်တော့မယ်နော်. . . နော်"

ဆိုပြီး သူမက ခုံပေါ်မှာ မှောက်ကာအိပ်ဖို့ပြင်တယ်။ ဒီတော့ ကျွန်တော်က သူမခေါင်းကို ပြန်ဆွဲထောင်ထားလိုက်ရင်း . . .

"ဟာ့. . . ဟာ့. . . ဒီမှာတော့ အိပ်လို့မရဘူးလေကွာ၊ မင်းနဲ့တော့ ခက်တာပဲ"

ဆိုပြီး စားပွဲထိုးလေးကိုလှမ်းခေါ်ကာ ဘေလ်တောင်းရတယ်။ ပြီးမှ သူမကိုဆွဲထူတော့ သူမကလုံးဝမဟန်တော့ဘူး။ ခြေထောက်တွေတောင် ကောင်းကောင်းမထောက်နိုင်တော့ဘူး။ ဒါနဲ့ဆိုင်ကတာဝန်ရှိသူတစ်ယောက်ကိုခေါ်ပြီး သူမကားကိုအပ်ခဲ့လိုက်ကာ သူမရဲ့ဘေးလွယ်အိတ်အကြီးကြီးကို ခေါင်းမှာစွပ်လိုက်ရင်း သူမကိုပွေ့လိုက်ရတယ်။ သိပ်တော့မလေးပါဘူး။ သူမခန္ဓာကိုယ်က ပိန်ပိန်ပါးပါးဆိုတော့ လက်ထဲမှာအသာလေးပဲ ပါလာတယ်။ ပြီးတော့ စားပွဲထိုးရဲ့အကူအညီနဲ့ပဲ သူမကို ကားပေါ်ရောက်အောင်တင်ရတယ်။

သူမရော ကိုယ်ပါ ကားပေါ်ကိုရောက်ပြီဆိုတော့မှ ပြဿနာက တက်ပြန်တယ်။ သူမကို ဘယ်ပြန်ပို့ရမှန်းမသိဘူး။ ဒါနဲ့သူမရဲ့ ဘေးလွယ်အိတ်ကြီးထဲကို လိပ်စာကတ်တစ်ခုတလေ

များတွေလိုတွေ့ပြောမွေ့ရမြန်တယ်။ ကံကောင်းထောက်မစွာနဲ့ပဲ သူမရဲ့ လိပ်စာကတ်တစ်ခုကိုတွေ့တော့ အဲဒီအထဲက လိပ်စာအတိုင်းပဲမောင်းလာခဲ့လိုက်တယ်။

သူမတို့ခြံရှေ့ရောက်တော့ ကားကိုဟွန်းနှစ်ချက်လောက်ဆင့်တီးလိုက်ပြီး ခဏအကြာမှာပဲ အထဲကနေ ခြံစောင့်ဖြစ်ဟန်တူတဲ့ ကောင်လေးတစ်ယောက်ထွက်လာတယ်။ ကျွန်တော်က အကျိုးအကြောင်းပြောပြလိုက်တော့မှ ကောင်လေးက ခြံတံခါးကို ပျာပျာသလဲဟန်နဲ့ ဖွင့်ပေးလာတယ်။

ပေါ်တီကိုအောက်မှာ ကားကိုရပ်လိုက်စဉ်မှာပဲ အထဲကနေအသက်လေးဆယ်ကျော်ခန့်ရှိတဲ့ ဦးလေးကြီးတစ်ယောက်ထွက်လာတယ်။ နောက်တော့ အဲဒီဦးလေးကြီးကပဲ သူမကို ပွေ့ယူခေါ်သွားကာ အပေါ်ထပ်ကိုတက်သွားတယ်။ ကျွန်တော်ကတော့ အောက်ထပ်ကဧည့်ခန်းမှာပဲ ထိုင်ကျန်နေခဲ့ရတယ်။ သိပ်မကြာပါဘူး၊ စောစောက ဦးလေးကြီး အောက်ကိုပြန်ဆင်းလာတယ်။

"မောင်ရင်က သမီးသူငယ်ချင်းနဲ့တူတယ်. . . ဟုတ်လား"

"ဟုတ်ကဲ့ခင်ဗျာ"

"ကျေးဇူးပါပဲ မောင်ရင်ရာ၊ အန်ကယ့်သမီးက အဲဒီလိုပဲ အတော်ဆိုးတာ၊ မိတာဆိုးသမီးလေးဆိုပြီး အလိုလိုက်ထားမိတာလည်းပါတာပေါ့ကွယ်၊ အန်ကယ့်ကို ပြောတော့ သူ့သူငယ်ချင်းတွေနဲ့ ရုပ်ရှင်သွားကြည့်မှာ၊ အပြန်ကို





လည်း သူ့သူငယ်ချင်းတွေပါ ဒီကို လိုက်အိပ်ကြမှာမို့လို့ စိတ်မပူပါနဲ့ဆိုပြီးထွက်သွားတာ၊ အခုတော့. . . အင်း. . . တယ်ခက်တယ်ကွာ၊ ဒီသမီးတစ်ယောက်နဲ့လဲ၊ မောင်ရင်လည်း တော်တော်စိတ်ညစ်သွားမှာပေါ့၊ အခုလို ပြန်ပို့ပေးတာကိုလည်း ကျေးဇူးတင်ပါတယ်ကွယ်၊ တကယ်ပါ၊ မတော်တရော် လူရမ်းကားတွေနဲ့များတွေ့သွားရင် ဒုက္ခ"

"ဟုတ်. . . အန်ကယ်၊ ကျွန်တော်လည်း အဲဒီလိုတွေးမိတာနဲ့ ဆိုင်ဝန်ထမ်းလေး ဖုန်းဆက်ဆက်ချင်း လိုက်သွားလိုက်တာပါ၊ သူ့ကားကိုတော့ ကျွန်တော်အဲဒီဆိုင်က မန်နေဂျာဆီမှာပဲ အပ်ထားခဲ့လိုက်တယ်ခင်ဗျာ၊ မနက်မှ ကျွန်တော်သွားယူပြီးလာပို့ပေးပါ့မယ်၊ အခုတော့ညဉ့်နက်နေမှာစိုးလို့ ကျွန်တော့်ကိုပြန်ခွင့်ပြုပါဦးခင်ဗျာ၊ ကျွန်တော့်မိဘတွေကိုလည်း ခဏလို့ပြောပြီးထွက်လာတာမို့ပါ"

"အေးကွာ၊ တကယ်ပါ၊ မောင်ရင့်ကို ဘယ်လိုပြောပြီး ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး၊ ဒီလိုလုပ်ပါလား၊ မနက်ဖြန်ကျရင် အန်ကယ်လည်းအလုပ်အားရက်ဆိုတော့ အိမ်မှာပဲရှိနေမှာလေ၊ အဲဒီတော့ နေ့လည်စာထမင်းကိုဒီမှာပဲလာစားဖို့ဖိတ်ပါတယ်၊ အေးအေးဆေးဆေးလည်း စကားပြောရတာပေါ့၊ အန်ကယ့်နာမည်

လည်းမှတ်ထားဦး၊ ဦးကျော်ဇောတဲ့"

"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော့်နာမည်ကတော့ ကျွန်းပါ၊ တစ်လုံးတည်းပါပဲ၊ ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျာ"

"အေးကွယ်. . . အေးအေး. . . ကားကိုလည်း သတိနဲ့ ဖြည်းဖြည်းမောင်းဦးနော်၊ ဘေးမဖြစ်စေနဲ့"

"ဟုတ်ကဲ့ခင်ဗျာ"

"အိုခေ အိုခေ. . see you tomorrow"

နောက်တော့ ကျွန်တော်လည်း ကားကိုဖြည်းဖြည်းမောင်းကာ ပြန်လာခဲ့လိုက်တယ်။ အိမ်ပြန်ရောက်လို့ အိပ်ရာထဲရောက်စဉ်မှာတော့ ကျွန်တော့်အတွေးတွေအားလုံးကို မိတဆိုးလေးဆိုတဲ့ အလန်းဇယားမလေးကသာ စိုးမိုးထားပါတော့တယ်။





ထမင်းစားဖိတ်ထားလို့ တကယ့်တကယ်တမ်းလည်းသွားရောအန်ကယ်ကျော်ဇောကမရှိဘူး။ အရေးကြီးကိစ္စတစ်ခုပေါ်လာလို့ သန်လျင်ဘက်ထွက်သွားတယ်တဲ့။ သူမကပဲ ပေါ်တီကိုအောက်အထိ ထွက်လာကြိုတယ်။ ကျွန်တော်ရောက်သွားတဲ့အချိန်ကလည်း နေ့လည်ဆယ့်တစ်နာရီခွဲတော့မှာဆိုတော့ သူမနဲ့နှစ်ယောက်တည်း ထမင်းအရင်စားလိုက်ကြတယ်။ ပြီးမှခြံထဲမှာ စကားထိုင်ပြောဖြစ်ကြတယ်။

"ညက တော်တော်စိတ်ညစ်သွားမှာပေါ့၊ ဆောရီးနော်၊ ကျွန်မ မနေ့ညက ဘယ်လိုအိမ်ပြန်ရောက်လာမှန်းတောင် မသိဘူး၊ ဖေဖေကဆို မနက်လင်းတော့ဆူလိုက်တာမပြောပါနဲ့၊ ကျွန်းမို့လို့ တော်သေးတာပေါ့တဲ့၊ တခြားမသမာသူတွေနဲ့သာတိုးရင် ဘယ်လိုလုပ်မလဲဆိုပြီးတော့လေ"

"ချစ်ချစ်က အဲဒီလိုပဲ ခဏခဏအရက်သောက်တတ်လား. . . ဟုတ်လား"

သူမက ပြုံးတယ်။ ပြီးမှ. . .

"အရင်နေ့တွေတုန်းကတော့ အိမ်မှာပဲဝယ်သောက်ဖြစ်တာပါ။မနေ့ကတော့ တော်တော်လေးကိုစိတ်ညစ်တာနဲ့ ဆိုင်မှာထွက်သောက်လိုက်တာ"

"တကယ်!"

ကျွန်တော့်ရဲ့ တအံ့တသြရေရွတ်သံလည်းဆုံးရော သူမက ခေါင်းမော့ကာ တဟားဟားအော်ရယ်တော့တယ်။ ရယ်လို့အားရတော့ မှ. . .

"ကျွန်းကလေ. . . တော်တော်ရယ်ရတာပဲ၊ နောက်လို့ နောက်မှန်းလည်းမသိဘူး၊ ဟင်းဟင်း. . . ဘာလဲ. . . ကျွန်မရုပ်က အရက်သမားရုပ်ပေါက်နေလို့လား. . . ဟုတ်လား"

"မတူပါဘူး၊ ဆင်ရုံလေးဆင်တာပါ"

ကျွန်တော်က အရွန်းဖောက်တော့ နှစ်ယောက်သားရယ်လိုက်မိကြတယ်။

"ဒါနဲ့ တစ်ခုလောက်မေးလို့ရမလား"

"မေးပါရှင်၊ စကားပလ္လင်ခံနေစရာမလိုပါဘူး"

"ဟိုဟာ. . . ချစ်ချစ်က ရည်းစားတွေ အများကြီးထားခဲ့ဖူးတာလားဟင်၊ ရှစ်တန်းလောက်ကတည်းကတောင် ရည်းစားထားခဲ့တာဆိုတော့"





"နေဦး. . . ကျွန်မလည်း သေချာတော့မမှတ်မိတော့ဘူး၊ ခဏလေး. . . တွက်ကြည့်လိုက်ဦးမယ်"

ပြောပြီး သူမက လက်တွေချိုးကာ ကလေးလေးတွေသင်္ချာတွက်သလို ထားခဲ့ဖူးတဲ့ရည်းစားတွေကို ရေတွက်ကြည့်နေတော့တယ်။ ခဏကြာမှ. . .

"များတော့များတယ်၊ နှစ်ဆယ့်တစ်ယောက်လား၊ နှစ်ဆယ့် နှစ်ယောက်လား၊ အဲ့နှစ်ခုထဲက တစ်ခုခုပဲ"

"ဟမ်. . . တကယ်!"

ကျွန်တော်ဖြစ်သွားပုံကိုကြည့်ပြီး သူမက ရယ်ပြန်တော့တယ်။ ပြီးမှ. . .

"နောက်တာပါကျွန်းရယ်. . . ရှင်ကလည်း ပြောသမျှကိုယုံနေတော့တာပဲ"

တဲ့။ သူမက အခုထိ စကားကို အတည်တကျမပြောသေး။ ဒီကကောင်ကတော့ သူမနဲ့ပတ်သက်ပြီး အတည်ခံစားနေရပြီဆိုတာကို သူမ သိပါရဲ့လား။ ဟူး. . . ရင်မောရပါဘိ။ တကယ်လို့ သူမအချစ်ကို ရပြီပဲထားဦး။ ကိုယ်ဟာ သူမရဲ့ သက်စေ့မြောက်ရည်းစားတစ်ယောက်များ ဖြစ်နေလေမလားနော်။

ကျွန်တော့်နှလုံးသားကိုလည်း ကျွန်တော်ကိုယ်တိုင်တောင် နားမလည်ချင်တော့ဘူး။ ဘာလို့များ မိန်းကလေးတွေတစ်ယောက်ပြီးတစ်ယောက်ကို ဆက်တိုက်ရင်ခုန်နေရတာလဲမသိ။ အချစ်နဲ့

# ရာစဝတီကဗို

ဒင်းနဲ့လည်း ဘယ်တုန်းကမှ အကျိုးပေးခဲ့ဖူးတာမဟုတ်ဘဲနဲ့။ ဒါ တောင်သူက အခုထိ အမှတ်သည်းခြေမရှိဘဲ ချစ်ချင်နေတုန်း။ ဒါမှမဟုတ် မြှားနတ်မောင်ကပဲ ကျွန်တော့်အပေါ် ကို အမှားလုပ်ခဲ့လေသလား။ ကျွန်တော့်နှလုံးသားက ပုံမှန်မဟုတ်တာတော့သေချာနေပါပြီ။





ပျင်းပျင်းနဲ့ Ocean မှာ ဈေးလျှောက်ဝယ်နေတုန်းမှာပဲ သူမနဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တယ်။ သူမကလည်း တစ်ယောက်တည်းပါပဲ။ အပေါ်က အဖတ်ဖတ်တွေအများကြီးနဲ့ ရှုပ်ယှက်ခတ်နေတဲ့ အနီရောင်အင်္ကျီတစ်ထည်ကို အပေါ်ကျယ်သီး တစ်လုံးဖြုတ်ဝတ်ထားပြီး အောက်ကတော့ သူမရဲ့ထုံးစံအတိုင်း ပေါင်လယ်လောက်သာရှိတဲ့ အနက်ရောင် စကတ်အကျပ်အတိုလေးနဲ့။ ပခုံးပေါ်မှာက သူမရဲ့ဘေးလွယ်အိတ်အကြီးကြီးကို လွယ်ထားကာ ရေဘင်မျက်မှန် မဟော်ဂနီရောင်ကို နဖူးပေါ်ပင့်တင်ထားပုံက လုံးဝအလွှင့်ဒီဇိုင်း။

"တစ်ယောက်တည်းထွက်လာတာလား"

"အင်း. . . တစ်ယောက်တည်းပဲပေါ့"

"ဒီလိုမှန်းသိရင် လှမ်းခေါ်ပါတယ်၊ ဒီကလည်း ထွက်သာ

ထွက်လာတာ တစ်ယောက်တည်းဆိုတော့ ပျင်းနေတာ" နှစ်ယောက်သားက ညှိစရာမလိုပါဘဲ အတူတူတွဲကာ လျှောက်လာဖြစ်ကြတယ်။

"ဖေဖေကတောင် ပြောနေသေးတယ်၊ မနေ့က အလုပ်ကိစ္စပေါ်လာလို့ ထွက်သွားရတာ တောင်းပန်ပါတယ်တဲ့၊ သူက ဖိတ်ထားပြီးမှ အိမ်မှာမရှိတော့ ကျွန်းကိုအားနာနေတာ"

"ရပါတယ်ကွာ၊ ချစ်ချစ်က ညေ့်ဝတ်ကျေတာပဲဟာ"

"ဟုတ်လား၊ အဲဒါဆို ညေ့်ဝတ်ကျေခ အဒေါ်တိုက်"

"ဟား. . . ရတာပေါ့၊ ချစ်ချစ်သာဆန္ဒရှိရင် အဒေါ်ဆိုင်ကြီးကိုတောင် ဝယ်ပေးလိုက်ဦးမယ်"

"အံမယ်၊ အပြောကောင်း"

သူမစကားမဆုံးလိုက်သေးဘူး။ သူမရဲ့လက်ကိုင်ဖုန်းက ကြမ်းပြင်ပေါ်ကို ပြုတ်ကျသွားတယ်။ ဒီမှာတင်ပဲ သူမက ပြန်ကုန်းကောက်လိုက်တယ်။ ဒါပေမယ့် အဲဒီလိုကုန်းကောက်လိုက်တော့ ပေါင်လည်သာသာလောက်ပဲရှိတဲ့ စကတ်တိုတိုလေးက အပေါ်ကို လိပ်တက်သွားတယ်။ ပတ်ဝန်းကျင်မှာရှိတဲ့ ကြီးလတ်ငယ်မရွေး လူတွေအားလုံးရဲ့အကြည့်က သူမဆီကိုရောက်လာကြတယ်။ အဆိုးဆုံးက ပုရိသတွေရဲ့မျက်လုံးတွေပဲ။ ကျွန်တော်ဘယ်လိုမှမခံစားနိုင်ဘူး။ ဒါနဲ့ ဖုန်းဆီကိုလက်လှမ်းကာ ကုန်းလိုက်တဲ့သူမကို ကျန်





လက်တစ်ဖက်ကနေ ပြန်ဆွဲမတ်လိုက်တယ်။ ဟုတ်တယ်လေ။ တစ်ဝက်လောက်ပဲ ခါးကုန်းရသေးတယ်။ စကတ်က အပေါ်ကို တော်တော်လေးလိပ်တက်နေပြီ။ ဖုန်းကိုကောက်လို့ ရတဲ့အထိသာ ခါးကုန်းကောက်လိုက်ရင်တော့ နောက်ကကြည့်နေတဲ့သူတွေ အဖို့. . . အား. . . မတွေးဝံ့စရာပါ။

"ကိုယ်ကောက်ပေးမယ်"

ဆိုတော့မှ သူမက သူမအဖြစ်ကိုသူမ သတိထားမိသွားဟန်နဲ့ ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ဝဲကြည့်တယ်။ နောက်တော့နှစ်ယောက်သား အဒေါ်ဆိုင်ရှိရာဘက်ကို လျှောက်လာဖြစ်ကြတယ်။ အဒေါ်ဆိုင်မှာ မှာစရာရှိတာမှာပြီးတော့မှ သူမက. . .

"ကျွန်မ စကတ်အတိုဝတ်လာမိတာကို မေ့သွားတာ၊ ကျေးဇူးပါပဲကျွန်းရယ်"

တဲ့။

ကျွန်တော်က သူမကို ခပ်တည်တည်နဲ့ တစ်ချက်ကြည့်လိုက်ရင်း. . .

"နောက်ဆို တအားတိုတဲ့စကတ်တွေ မဝတ်ပါနဲ့လား"

"ဘာလို့လဲ. . . ချစ်ချစ်နဲ့ မလိုက်လို့လား"

"မဟုတ်ပါဘူး၊ ချစ်ချစ်က ဘာပဲဝတ်ဝတ်လိုက်ပါတယ်၊ လှပြီးသားပဲဟာ"

"ဒါဆို ဘာလို့လဲ"

"ချစ်ချစ်ကို တခြားယောကျ်ားတွေ ကြည့်မှာကို ကိုယ်ဘယ်လိုမှ ခံစားမပေးနိုင်လို့"

"ဘယ်လို!"

"ဟုတ်တယ် . . . ချစ်ချစ်ကို ကျွန်တော်ချစ်နေမိပြီ"

သူမနဲ့ကျွန်တော် အကြည့်ချင်းဆုံသွားကြတယ်။ သူမရဲ့မျက်ဝန်းတွေထဲမှာ ကျွန်တော့်အတွက် အရိပ်တစ်ခုခုကို ရှာဖွေမိတယ်။ ဒါပေမယ့် ကျွန်တော်ကပဲ ညံ့လွန်းတာလား၊ ရှစ်တန်းကတည်းက ရည်းစားထားခဲ့တာပါဆိုတဲ့ သူမကပဲ ဆရာကျလွန်းတာတော့မသိ။ သူမရဲ့မျက်ဝန်းတွေကို ကျွန်တော်မဖတ်တတ်ဘူး။





"သားရေ . . . ဖေဖေပိုက်ဆံအိတ်မေ့ကျန်ခဲ့လို့ (. . . .) ဘားကိုလာပို့ပေးပါဦး"

ဆိုလို့ ကျွန်တော်က ဖေဖေ့ပိုက်ဆံအိတ်ကိုယူပြီး ဖေဖေပြောတဲ့ဆိုင်ကို ထွက်လာခဲ့လိုက်တယ်။ အဲဒီဆိုင်က အရင်တစ်ခါ ချစ်ချစ်မွေးတုန်းက ကျွန်တော်သွားခေါ်ပေးခဲ့ရတဲ့ဆိုင်လေ။ တိုက်တိုက်ဆိုင်ဆိုင် ဖေဖေကလည်း အဲဒီဆိုင်မှာမှ လုပ်ဖော်ကိုင်ဖက်တွေကို ပြုစုနေရသတဲ့။

ဆိုင်ထဲရောက်သွားတာနဲ့ ကျွန်တော်က ဝိတ်တာလေးတစ်ဦးကို မေးလိုက်တယ်ဆိုရင်ပဲ ဝိတ်တာလေးက သီးသန့်ခန်းတစ်ခုအထဲကို ခေါ်သွားပေးတယ်။ အခုဝိတ်တာလေးက ဟိုတစ်နေ့က သူမအရစ်ကိုခံရပြီး အလုပ်ထွက်ဖို့တောင် စဉ်းစားနေတာ

ဆိုတဲ့ ဝိတ်တာလေးတော့မဟုတ်ပါ။ အခုဟာက အခြားတစ်ယောက်။ ဖေဖေတို့က သီးသန့်ခန်းထဲမှာ။ ဖေဖေတို့အသက်အရွယ်လောက်လူကြီးတွေ အများကြီးပါပဲ။ လူလတ်ပိုင်းတွေလည်းပါတယ်။

ကျွန်တော်က ဖေဖေ့ကို ပိုက်ဆံအိတ်ပေးပြီး တန်းပြန်ထွက်လာခဲ့လိုက်တယ်။ သီးသန့်ခန်းထဲက အထွက်မှာပဲ ဆိုင်ထဲကိုလျှောက်ဝင်သွားတဲ့ သူမကိုတွေ့လိုက်ရတာကြောင့် ကျွန်တော့်မှာလန့်သွားရတယ်။ သူမ ဒီဆိုင်ကို ထပ်လာပြန်ပြီလား။

အတွေးနဲ့အတူ သူမကိုတားဖို့အတွက် ကျွန်တော်က သူမနောက်ကို လိုက်သွားလိုက်တယ်။ ဒါပေမယ့် သူမက အရက်သောက်ဖို့ လာတာဟုတ်ဟန်မတူ။ ကောင်တာက တစ်ယောက်နဲ့ ရယ်ကာ မောကာစကားတွေ ပြောနေကြတာ တကယ့်ကိုလူရင်းတွေအတိုင်းပဲ။ ဒါနဲ့ကျွန်တော်က အနားကိုရောက်လာတဲ့ စောစောက ဝိတ်တာလေးကိုခေါ်ကာ မေးမိတယ်။

“ဩော်. . . မချစ်ကို မေးတာလား၊ မချစ်က ဒီဆိုင်ပိုင်ရှင် အန်ကယ်ကျော်ဇောရဲ့ တစ်ဦးတည်းသောသမီးလေ”

တဲ့။

ဆိုင်အပြင်ကိုသာ ထွက်လာရတယ်။ နားထဲမှာ ဝိတ်တာလေး ပြောလိုက်တဲ့စကားတွေက ဝဲလှည့်နေတုန်း။ သူမက ဒီဆိုင်ပိုင်ရှင်တဲ့။ ဒါဆို သူမက ဘာလို့ ကျွန်တော့်ကိုလိမ်ရတာလဲ။ အန်ကယ်





ဦးကျော်ဇောကရော ဘာလို့ သူမနဲ့ ရောပြီး ကျွန်တော့်ကို လိမ်ရတာလဲ။ ဘာတွေလဲ။ ဘာတွေလဲကွာ။ သူတို့မှာ ဘာအကြံအစည်တွေရှိနေတာလဲ။

ကျွန်တော်စဉ်းစားလို့ကိုမရ။ တော်သေးတာပေါ့။ ဟိုတစ်နေ့ကဝိတ်တာလေးနဲ့ ဒီနေ့မတိုးတာ။ နို့မို့ဆို ကျွန်တော် ဒီဆိုင်ကိုလာတာ သူမသိသွားမှာ။ ဟာ. . . မဟုတ်သေးပါဘူး။ တိုးတော့ရောဘာဖြစ်လဲ။ ဒီကိစ္စက ဒီအတိုင်းထားလို့မှမရတာ။ သူမနဲ့ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းရမှာပဲဟာ။

လူကသာ အိမ်ပြန်ရောက်လာတယ်။ အဖြေက ပျောက်နေတုန်းပဲ။

"မင်း. . . ဘာကြောင့် ကိုယ့်ကိုလိမ်ရတာလဲ"

သူမကို မနေ့က ဘားမှာတွေ့ခဲ့ရာကနေစပြီး သူမလုပ်ခဲ့တဲ့ အလိမ်ဇာတ်ကြီးကို ကျွန်တော်သိသွားပြီဆိုတာတွေကအဆုံး တသီတတန်းကြီးဖွင့်ချပြလိုက်ပြီးတော့မှ ကျွန်တော်က အထက်ပါစကားကို မေးလိုက်မိတာပါ။ ကျွန်တော့်အထင်က ကျွန်တော်အဲဒီလိုမေးလိုက်ရင် သူမ အတော်အံ့ဩကာ အီးအီးအဲအဲတွေဖြစ်သွားမယ်ပေါ့။ ဒါပေမယ့် သူမ ပုံစံက ကျွန်တော်ကြိုတင်တွေးထားကဲ ပုံစံနဲ့လုံးဝတခြားစီ။ ကျွန်တော့်စကားကို သူမက ဘာမှမထူးဆန်းသလိုပုံစံမျိုးနဲ့ နားထောင်နေပြီးမှ. . .

"ကျွန်း. . . သိသွားတာကလည်း မြန်လိုက်တာ"

တဲ့။ အဲဒီတော့ တကယ်တမ်းအံ့ဩသွားရသူက ကိုယ်သာလျှင် ဖြစ်နေရတော့တာပေါ့။ ကိုယ်က နားမလည်နိုင်သလို





ဘာစကားကိုဆက် ပြောရမှန်းမသိဖြစ်နေပေမယ့် သူမကတော့ အင်ယားကန်ရေပြင်ကို ဖြတ်တိုက်လာတဲ့လေကို အားရပါးရ ခေါင်းမော့ရှူလိုက်ရင်းမှ. . .

"ကျွန်မက ကျွန်းရဲ့စာရိတ္တကို စမ်းသပ်လိုက်တာပါ"

"ဘယ်လို!!"

"ဟုတ်တယ်. . . ကျွန်မ. . . ကျွန်းရဲ့စာရိတ္တကိုသိချင်လို့ စမ်းသပ်လိုက်တာ"

"ကိုယ်နားမလည်ဘူး"

"ကျွန်မနဲ့ ဖေဖေက အဖေတစ်ခု သမီးတစ်ခုဆိုတော့ သူငယ်ချင်းလိုပဲပေါင်းတာ၊ ကျွန်မနဲ့ဖေဖေ့ကြားမှာ တစ်ယောက်နဲ့တစ်ယောက် ထိမ်ချန်ထားတာဘာမှမရှိဘူး၊ ကျွန်မရဲ့ နှလုံးသားရေးရာ ကိစ္စတွေ အပါအဝင်ပေါ့နော်၊ ကျွန်မချစ်သူရည်းစား ဘယ်နှစ်ယောက်ထားခဲ့တယ် ဆိုတာကအစ ဖေဖေသိတယ်"

သူမစကားကြောင့် ကျွန်တော့်မျက်ခုံးတွေ ပြန်ကျမလာနိုင်တော့လောက်အောင် မြင့်တက်သွားရတယ်။

"တစ်နေ့တော့ ရှင်နဲ့ဆုံတယ်လေ၊ ဒါပေမယ့် ရှင်နဲ့စဆုံတဲ့ပထမဆုံးနှစ်ကြိမ်စလုံးက ရှင်သိတဲ့အတိုင်း အချိုးမှ မပြေခဲ့တာ၊ အဲဒါကိုရှင်သိတယ်နော်"

သိတာပေါ့။ ဒင်းက အထင်လွဲပြီးတော့တောင် ကိုယ့်ကိုနှစ်

ကြိမ်စလုံး အီသွားအောင် ဆော်ပလော်တီးခဲ့သေးတာပဲ။ ဘာ့ကြောင့် မမှတ်မိနိုင်ရမှာလဲ။

"အဲဒီအကြောင်းတွေကို ကျွန်မက ဖေဖေ့ကိုပြောပြမိတယ်၊ အဲဒီမှာတင်ပဲ ဖေဖေကိုယ်တိုင်က ရှင့်ကိုစမ်းသပ်ကြည့်ဖို့ အကြံကို စဉ်းစားပေးခဲ့တာ"

"အင်းလေ၊ ကိုယ်သိချင်တာကလည်း အဲဒါပဲ၊ ဘာဖြစ်လို့ အန်ကယ်က ကိုယ့်ကိုစမ်းသပ်ချင်ရတာလဲလို့"

"အဲဒါကတော့ ကျွန်မက ဖေဖေ့ကိုပြောပြလိုက်မိတာကိုး"

"ဘာကိုလဲ"

သူမက ကျွန်တော့်ကို မချိုမချဉ်ကြည့်လာတယ်။ ပြီးမှ. . .

"ကျွန်မက ရှင့်နဲ့ဆုံမိတဲ့အကြောင်းတွေကို ဖေဖေ့ကိုပြောပြရင်းနဲ့ ဖေဖေ့ဆီမှာ ကီစ္စတစ်ခုကိုပါ ဖွင့်ထုတ်ဝန်ခံလိုက်တယ်လေ၊ အဲဒါကြောင့် ဖေဖေက ရှင့်ရဲ့စာရိတ္တကို စမ်းသပ်ကြည့်ခိုင်းခဲ့တာပါ"

ကျွန်တော်မျက်မှောင်ကြုတ်မိပြန်တယ်။ အခုထိ သူမစကားတွေက လိုရာကိုမရောက်သေးဘဲ ဝေ့နေတော့တာ။ သူမ ဘာကိုဆိုလိုချင်မှန်းကို ကျွန်တော်မသိ။

"မင်းက ဘာကိုဝန်ခံလိုက်တာမို့လို့လဲ၊ ကိုယ်နားလည်အောင်ရှင်းရှင်းပဲပြောစမ်းပါ"

သူမက မျက်စောင်းထိုးတယ်။ ပြီးမှ. . .





"ကျွန်မက ဖေဖေ့ကို ဒီလိုပြောလိုက်တယ်လေ၊ သမီး. . . သူ့ကို မြင်မြင်ချင်းချစ်မိသွားတယ်ဖေဖေ. . .လို့"

"ဟင်!"

သူမစကားအဆုံး ကျွန်တော့်ခန္ဓာကိုယ်က လေထဲမှာ မြောက်တက်သွားတယ်။ အချစ်က ကျွန်တော့်ကိုနောက်တစ်ဖန် လက်ဆွဲနှုတ်ဆက်လိုက်ပြန်ပါလေပြီ။





# အပိုင်း(၄)



## ကျွန်တော်နှင့်

### သူတို့... သူတို့ရွေ...







တကယ်တော့...

ကျွန်တော်က မျက်နှာမများတတ်ပါဘူး

မြားနတ်မောင်ကပဲ...

ကျွန်တော့်အပေါ်မှာ အမှားလုပ်ခဲ့တာ







ချစ်ချစ်နဲ့ကျွန်တော့်ရဲ့ ချစ်သူဘဝက ပျော်စရာအတိပါပဲ။ သူကခေတ်မီပညာတတ်တစ်ယောက်မို့ အရာရာမှာ နားလည်မှုရှိပါတယ်။ ဘာကိုမှ ထွေထွေထူးထူးညှိယူစရာမလိုခဲ့ပါဘူး။ ပြဿနာကတော့ သူမရဲ့ဝတ်စားဆင်ယင်မှုတစ်ခုတည်းပါပဲ။

"ချစ်ချစ်ကလည်း စကတ်ကိုအဲလောက်တိုတာကြီးတွေ မဝတ်ပါနဲ့ဆို၊ ဒူးလေးလောက်တော့ဖုံးတာ ဝတ်မှပေါ့"

ချစ်သူဖြစ်ခဲ့ပြီးနောက်ပိုင်းမှာ ကျွန်တော့်ရဲ့သဝန်တိုမှုက သူမကို စကတ်အတိုတွေမဝတ်စေချင်တာပါပဲ။ ကိုယ့်ချစ်သူကို တခြားသော ယောကျ်ားသားတွေက မျက်စိအရသာခံကာ ကြည့်ကြမှာမျိုးကို ကျွန်တော်ခံစားပေးလို့မရတာ အမှန်ပါ။

"ဟာ. . . ကျွန်းကလည်း၊ အစကတည်းက ချစ်ချစ်ကဒီလိုပဲဝတ်စားလာတာ၊ သူများတွေလည်းဝတ်နေတာပဲဟာကို"

"သူများတွေက သူများတွေလေ၊ ချစ်ချစ်ကကျတော့"

"ချစ်ချစ်ကကျတော့ ဘာဖြစ်လဲ"

"ချစ်ချစ်ကကျတော့ ကိုယ့်ချစ်သူလေကွာ၊ ကိုယ့်ချစ်သူကို သူများတွေကြည့်နေတာ မခံစားနိုင်ပါဘူး"

ဒီလိုအခါမျိုးဆိုရင် သူမက ကျွန်တော့်ပါးတွေကို လက်နှစ်ဖက်နဲ့ လာရောက်ဆွဲယူဖျစ်ညှစ်ကာ. . .

"ဟင်း. . . တော်တော်သဝန်တိုတတ်နေတယ်ပေါ့လေ"

"ဒါပေါ့. . . ကိုယ်က ချစ်တာကိုး"

"အံမယ်. . . ချစ်ချစ်ကလည်း ချစ်တာပါပဲနော်"

"ကိုယ်က ပိုချစ်တာပါ"

"ချစ်ချစ်က ပိုချစ်တာ"

"ဒါဆို အချစ်ပြိုင်မလား. . . ပြော"

"လုပ်လိုက်လေ. . . ကြာသလားလို့၊ ပြော. . . ဘယ်လိုပြိုင်မှာလဲ"

"ချစ်ရင်နမ်းရတယ်လေ၊ အဲဒီတော့ ချစ်ချစ်နဲ့ ကိုယ်နဲ့ ဘယ်သူက ပိုချစ်သလဲဆိုတာကို ပြိုင်နမ်းကြမလား"

"အံမယ်. . . တော်တော်နစ်နာနေဦးမယ်၊ ညဏ်ကြီးရှင်၊ ဖွန်း"

ကျွန်တော်က ကျီစားလို့ သူမစိတ်ထဲ ကလိကလိဖြစ်လာပြီဆိုရင်တော့ သူမက ကျွန်တော့်ကျောပြင်ကို လက်သီးဆုပ်တွေနဲ့ တဘုန်းဘုန်းထုတော့တာပဲ။





ဒါပေမယ့် နောက်နေ့တွေရောက်တော့ သူမက စကတ်ကိုဒူးဖုံးတဲ့အထိရှည်တာလေးတွေပဲ ရွေးဝတ်လာတတ်ပါတော့တယ်။

"ဟင်း. . . ချစ်လွန်းလို့ ပြင်တာနော်၊ မြင်တယ်မှုလား၊ ဘယ်သူက ပိုချစ်သလဲဆိုတာကို"

သူမနဲ့ကျွန်တော်က နေ့တိုင်းနီးပါးမဟုတ်တောင် တစ်ရက်ခြား တစ်ခါလောက်တော့ ဆုံဖြစ်ကြတယ်။ မဆုံဖြစ်တဲ့နေ့တွေဆိုရင်လည်း ဖုန်းလေးတော့ဆက်ဖြစ်အောင် ဆက်ကြတာပါပဲ။ အဲဒီလို ဖုန်းဆက်ကြရင်လည်း ဘယ်သူက ပိုချစ်လို့စဆက်တယ်ဆိုပြီး ဂုဏ်လုပ်တတ်ကြသေးတာ။

အဲဒီလိုအဲဒီလို အဖြစ်တွေသည်းကြရင်းနဲ့ ချစ်သူသက်တမ်းနှစ်ပတ်ခန့်အကြာမှာတော့ ဘယ်တုန်းကမှ ကျွန်တော့်အပေါ်မှာ မျက်နှာသာမပေးခဲ့တဲ့ မြားနတ်မောင်က သူ့ထုံးစံအတိုင်း ကျွန်တော့်အပေါ်မှာ စတင်နှိပ်ကွပ်ပါတော့တယ်။

အဲဒီနေ့က သူမနဲ့ကျွန်တော်နဲ့ ရွှေတိဂုံဘုရားကို ညနေဘက်တက်ဖြစ်ကြတယ်။ အသွားမှာတော့ ဘာမှမဖြစ်သေးဘူး။ အဲ. . . ဘုရားဖူးပြီးလို့ ပြန်ဆင်းလာတဲ့ လှေကားတွေပေါ်အရောက်မှာတော့. . .

"ဟင်!"

ကျွန်တော့်ရင်တစ်ခုလုံး ဒိန်းခနဲမြည်ဟီးကာ မျက်လုံးတွေပြာဝေသွားရတယ်။ ကျွန်တော်မြင်လိုက်ရတာက ဘုရားပေါ်တို

လှေကားတွေအတိုင်း တက်လာနေတဲ့ ကတုံးမတစ်ယောက်။ ရှင်းရှင်းပြောရရင်တော့ ကျွန်တော့်ရဲ့ရည်းစားဦး ဒေါ်ယဉ်ကျေးသူကြီး။ အစတော့ ကျွန်တော်က ဟုတ်မှဟုတ်ပါလေစဆိုပြီး အမြင်မှားများ သလားလို့ ကိုယ့်မျက်လုံးတွေကိုယ်တောင် ပွတ်သပ်ကြည့်မိနေသေးတာ။ ဒါပေမယ့်မမှား။ ယဉ်ကျေးမှ ယဉ်ကျေးအစစ်။ သူမ ဘယ်တုန်းကများ သီလရှင်ထွက်လာပါလိမ့်။ ကျွန်တော်ကတော့ သူမ ထွက်မလာလောက်တော့ဘူးထင်နေတာ။

"ကျွန်း. . . ဘာရပ်ကျန်နေတာလဲ၊ လာလေ"

ကျွန်တော့်ထက် လှေကားနှစ်ထစ်လောက် ပိုဆင်းပြီးသွားပြီဖြစ်တဲ့ ချစ်ချစ်က နောက်မှာရပ်ကျန်နေခဲ့တဲ့ ကျွန်တော့်ကို ပြန်လှည့်ခေါ်လိုက်တော့မှ ကျွန်တော်လည်း ကြောင်နေရာကနေ သတိဝင်လာတယ်။

မဖြစ်ဘူး။ လုံးဝမဖြစ်ဘူး။ ဒီလိုအချိန်မျိုးမှာ ယဉ်ကျေးနဲ့ ထိပ်တိုက်တိုးလို့ မဖြစ်သေးပါဘူး။ ပြဿနာတွေ အကြီးကြီးတက်သွားမှာ။

ဒါနဲ့ ကျွန်တော်က ချစ်ချစ်နဲ့ ကျွန်တော့်ကြားမှာ ကွာဝေးနေတဲ့ လှေကားနှစ်ထစ်လောက်ကို ဝုန်းခနဲခုန်ဆင်းချလိုက်ကာ ချစ်ချစ်လက်ကို ဖျတ်ခနဲဖမ်းဆွဲလိုက်ရင်း. . .

"လာလာ. . . ချစ်၊ ကိုယ်တို့ ဟိုဘက်မုခ်ကနေ ဆင်းရအောင်နော်"





ဆိုပြီး ပြောလည်းပြော ဆွဲလည်းဆွဲကာ ဘုရားပေါ်ကို ဒရောသောပါး ပြန်တက်ပြီး တစ်ဖက်လှေကားကနေ ပြန်ဆင်းရတယ်။ ချစ်ချစ်ခမျာလည်း ကျွန်တော်ဆွဲခေါ်ရာနောက်ကို "ဟာ. . . ဟင်. . . ဟယ်" နဲ့ အော်ဟစ်ကာ ဘုမသိဘမသိ မလဲကျရုံတမယ် ပါချလာတယ်။

"ကျွန်း. . . ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ"

"နောက်မှမေး. . . အောက်ရောက်မှပြောပြမယ်၊ လာလာ မြန်မြန်လာ"

သူမအမေးကိုလည်း ကောင်းကောင်းမဖြေအားသေး။ ယဉ်ကျေးနဲ့ ဝေးဝေးပြေးထားနိုင်ဖို့ကပဲ ကျွန်တော့်ခေါင်းထဲမှာ ရှိနေတာလေ။ ရင်တွေကလည်း တဒုန်းဒုန်းနဲ့ အခုန်လွန်ကာ ရင်တုန်တဲ့အဆင့်ထိတောင် ရောက်နေပြီ။

လှေကားတွေကို လွှားခနဲလွှားခနဲခုန် ဆင်းပြေးလာခဲ့ကာ ချစ်ချစ်လက်ကိုလည်း မလွှတ်တမ်းဆွဲခေါ်လာခဲ့တဲ့ ကျွန်တော်က အောက်က ကားရပ်ထားရာနေရာကို ရောက်တော့မှ နောက်မှ ချစ်ချစ်ကို ပြန်လှည့်ကြည့်မိတော့. . . ချစ်ချစ်ခမျာ ချွေးတွေရွှဲနစ်နေကာ နဖူးပေါ်မှာတင်ထားတဲ့ မျက်မှန်ကလည်း နားရွက်တစ်ဖက်ကပြုတ်ပြီး နားရွက်တစ်ဖက်တည်းမှာ ချိတ်နေပြီး တန်းလန်းကြီးကျလို့။ ကျွန်တော်က ညာဘက်လက်ကနေ ဆွဲခေါ်လာတာဖြစ်ပြီး သူမရဲ့ကျန်တဲ့ ဘယ်ဘက်လက်တစ်ဖက်ကကျတော့

တန်းဖုန်းကိုကိုင်ထားကာ ပခုံးပေါ်မှာလွယ်ထားတဲ့ ဘေးလွယ်အိတ်အကြီးကြီးကလည်း ပခုံးပေါ်ကနေလျှောကျကာ တံတောင်ဆစ်လောက်မှာရောက်လို့။ ပြီးတော့ ဘုရားတက်မှာဆိုပြီး သူမကထဘီဝတ်လာသေးတာ။ ဘုရား. . . ဘုရား. . . သူမဘယ်လိုပုံစံနဲ့များ ကျွန်တော့်နောက်မှာ ပါလာပါလိမ့်။ ကျွန်တော့်မှာ မောလည်းမော သူမကိုလည်း အားနာသနားသွားရတယ်။

သူမကလည်း တော်တော်နဲ့ ကျွန်တော့်ကို စကားမပြောနိုင်သေးဘူး။ ရပ်ထားတဲ့ကားကိုမှီပြီး ရင်အစုံက နိမ့်ချည်မြင့်ချည်နဲ့ ဟောဟဲဆိုက်နေတယ်။ အတော်ကြာအောင် အမောဖြေသွားပြီးတော့မှ. . .

"ဘယ်လိုဖြစ်ရတာလဲ ကျွန်းရယ်၊ မော. . . မောလိုက်တာ"

တဲ့။ ဒီတော့မှ ကျွန်တော်လည်း ခေါင်းကလေးကို ကုတ်ပြီးအမောဖြေရင်း စဉ်းစားထားတဲ့ အဖြေတစ်ခုကိုပေးရတယ်။

"ဟို. . . မိတ်ဆွေတစ်ယောက်ကိုတွေ့လိုက်လို့ပါချစ်ချစ်ရာ၊ သူက ကိုယ့်ဆီကနေ ပိုက်ဆံသိန်းနှစ်ဆယ်လောက်ကို ဇွတ်ချေးနေတာလေ၊ သူ့ဆီပါသွားရင် ဘယ်တော့မှ ပြန်ရတာမဟုတ်ဘူးချစ်ချစ်ရဲ့၊ မိတ်ဆွေတွေဆိုတော့ မချေးဘူးပြောလို့ကလည်း မကောင်းဘူးမဟုတ်လား၊ အဲဒါကြောင့်မတွေ့အောင်ပတ်ပြီးတော့ရှောင်နေတာ၊ အခုထိပ်တိုက်လာတိုးနေလို့"





ပြောပြီးတော့ သူမကိုမျက်လုံးစွေပြီး အသာကြည့်ရသေးတယ်။ယုံတယ်မယုံတယ်တော့မသိဘူး။ ကားထဲက ရေသန့်ဘူးတစ်ဘူးထုတ်ပြီး တဂွပ်ဂွပ်မော့သောက်နေတာများ အငြိုးတကြီးပါပဲ။

Mr.Guitar ဆိုင်ထဲကိုဝင်ဖို့အတွက် ကျွန်တော့်ခြေထောက်တွေက လေးကန်လွန်းနေကာ ချီတုံချတုံဖြစ်နေရတယ်။

"ကျွန်းရေ. . . ယဉ်ကျေးသီလရှင် ထွက်လာပြီ၊ မနက်ဖြန်နေ့လည် တစ်နာရီလောက် Mr.Guitar မှာဆုံရအောင်၊ ယဉ်ကျေးစောင့်နေမယ်နော်"

ဆိုတဲ့ မက်ဆေ့တစ်စောင် မနေ့ညက ရောက်လာတဲ့အတွက် ကျွန်တော်ထွက်လာခဲ့လိုက်တာပါ။ ဒါပေမယ့် သူမနဲ့မျက်နှာချင်းဆိုင်ဆုံရမှာ စိတ်ထဲမှာ တစ်မျိုးတော့တစ်မျိုးပါပဲ။ ဆိုပေမယ့်လို့ မတွေ့လို့ကလည်းမရ။ သူမနဲ့ကျွန်တော်က အခုထိ တရားဝင်ချစ်သူတွေလို့ ပြောလို့ရနေသေးတဲ့အနေအထား မဟုတ်လား။

နောက်တော့ ဖြစ်ချင်ရာဖြစ်ကွာ စိတ်နဲ့ ဝင်လာခဲ့လိုက်တယ်။ သူမက ကျွန်တော့်အတွက် ဖရဲသီးဖျော်ရည်တစ်ခွက်တောင် ကြိုမှာပေးထားပါတယ်။





သူမရှေ့မှာဝင်ထိုင်လိုက်တော့ သူမရဲ့မူပိုင်အေးချမ်းတဲ့အပြုံးလေးနဲ့ ကျွန်တော့်ကို ဆီးကြိုတယ်။

"နည်းနည်းပိန်သွားသလိုပဲနော် ကျွန်း"

ကျွန်တော်က ခေါင်းညိတ်ပြဖြစ်တယ်။ သူမပုံစံက ရယ်တော့ရယ်ချင်စရာ။ ရင်ဖုံးအကျႌနဲ့ ချိုးဘူးခေါင်းက ဘယ်လိုမှကို မလိုက်ဖက်။ ဒါပေမယ့် အဲဒီကို့ရို့ကားယားနိုင်မှုက လှတာကိုတော့ ဖုံးလွှမ်းမသွားစေပါဘူး။

"ဘယ်တုန်းက ထွက်လာတာလဲဟင်"

ကျွန်တော်က ဘယ်စကားကို ဘယ်ကစပြီးပြောရမှန်း မသိတာနဲ့ ပါးစပ်ထဲရှိရာ စကားတစ်ခွန်းကိုပဲ ကောက်မေးလိုက်တယ်။

"လေးရက်လောက်ရှိပြီ"

"ဪ. . . ကျွန်တော်က ထွက်မလာတော့ဘူးလို့တောင် ထင်နေတာ"

ဆိုတော့ သူမက ရယ်ဟဟပုံစံနဲ့ ပြုံးတယ်။ ပြီးမှ မျက်စောင်းတစ်ချက်ထိုးလာရင်း. . .

"ဘာလဲ. . . အဲဒီစကားက၊ အကြာကြီးစောင့်လိုက်ရလို့ စိတ်ကောက်တာလား၊ ဟုတ်လား"

မဟုတ်ပါဘူး။ မဟုတ်ရပါဘူး။ ကျွန်တော့်စိတ်ထဲမှာ ရှိတာ၊ ထင်နေတာကိုပဲ ထင်နေတဲ့အတိုင်း ရှိတဲ့အတိုင်းထုတ်

ပြောလိုက်တာပါ။ ကျွန်တော်က တစ်ခုခုပြောမယ်ပြင်လိုက်စဉ်မှာပဲ. . .

"ဆောရီးပါကျွန်းရယ်၊ ကျွန်မ သာသနာ့ဘောင်မှာ ပျော်သွားလို့ပါ။ ကျွန်းရော ဘုရားကိုရောက်ဖြစ်သေးလား"

"အင်း. . . ရောက်ဖြစ်ပါတယ်"

တစ်ယောက်တည်းတော့ မဟုတ်ဘူးပေါ့ ဆိုတာကိုတော့ စိတ်ထဲကနေပဲ ပြောဖြစ်လိုက်တယ်။ နောက်တော့ ကျွန်တော်တို့ ဆယ့်ငါးမိနစ်လောက် စကားပြောဖြစ်ကြပြီး. . .

"ကျွန်မ ဒီနေ့အချိန်သိပ်မရဘူးကျွန်းရဲ့၊ နယ်က အလှူလုပ်မယ့်လူတွေနဲ့ ဆိုင်မှာချိန်းထားလို့၊ သူတို့က ရှင်အပါး(၁၀၀)တိတိ သင်္ကန်းစည်းပေးမှာလေ၊ အဲဒါသင်္ကန်းပရိက္ခရာတွေလာကြည့်ကြမှာ၊ နောက်နေ့မှ အေးအေးဆေးဆေးတွေ့မယ်လေ၊ ဒီနေ့တော့ ပြန်ကြရအောင်နော်၊ ပြီးတော့ ကျွန်မကားမပါဘူး၊ ကျွန်းပဲလိုက်ပို့ပေးနော်"

ကျွန်တော်ခေါင်းပဲ ညိတ်ပြဖြစ်တယ်။ ကိုယ့်ကိုကိုယ်လည်း ဘာလုပ်မိနေမှန်း ဘာဆက်လုပ်ရမှန်းကို မသိတော့ပါ။ စိတ်နဲ့လူနဲ့ မကပ်ပဲ သူမနဲ့ယှဉ်ကာလျှောက်လာရင်း ဆိုင်အပြင်ကိုရောက်လာခဲ့တယ်။ ပြီးတော့ ကားရပ်ထားရာဆီကို သွားမယ်အလုပ်မှာတင်ပဲ တစ်ဖက်ကနေဒီဘက်ကို ကားလမ်းကူးလာနေတဲ့ မြသွေးကို တွေ့လိုက်ရတယ်။ နဖူးဆီကလည်း ဆစ်ခနဲ။ ဘုရားဘုရား. . .





သူမ တွေ့သွားလို့မဖြစ်ပါဘူး။

ဒါနဲ့ယဉ်ကျေးလက်ကို ကမန်းကတန်းဆွဲလိုက်တာ. . .

"လာလာ. . . ယဉ်ကျေး၊ မြန်မြန်လာ"

ဆိုပြီး မြသွေးမမြင်ခင် ကားဆီကိုခပ်မြန်မြန်သွားတာ ယဉ်ကျေးကိုလည်း ကားထဲအင့်ခနဲ ဖွတ်အတင်းတွန်းပို့လိုက်တယ်။ ပြီးတော့ ကားကိုအလျင်အမြန်ပဲ မောင်းထွက်လာခဲ့လိုက်တယ်။ လမ်းပေါ်ရောက်လာမှ ယဉ်ကျေးဘက်ကိုလှည့်ကြည့်မိတော့ သူမက နားမလည်နိုင်သလို မျက်ဝန်းတွေနဲ့ ကျွန်တော့်ကို ကြည့်နေတာကို တွေ့လိုက်ရတယ်။

"ဟို. . . ကိုယ်လည်းမေ့နေတာ၊ ဒီနေ့ အရေးကြီးကိစ္စတစ်ခုချိန်းထားတာကို အခုမှသတိရလာလို့ပါ"

လိမ်သာလိမ်လိုက်ရတယ်။ ရင်ထဲမှာတော့ ဘင်ခရာတီးဝိုင်းဆယ်ခုလောက် လှည့်ပတ်နေသလိုပါပဲ။ ဘယ်လိုများလုပ်ရပါ့။

# ရေခဲဝင်အကြို

မေမေက ဈေးကိုဇွတ်အတင်းလိုက်ပို့ခိုင်းနေတာနဲ့ ရှောင်လွှဲမရတဲ့အဆုံး လိုက်ပို့ရတယ်။ ဒါပေမယ့် အိမ်ကမထွက်ခင်ကတည်းက "ဈေးရောက်ရင် ကားပေါ်က လုံးဝမဆင်းနိုင်ဘူးနော် မေမေ၊ ဈေးခြင်းတောင်းလည်း လိုက်ဆွဲမပေးနိုင်ဘူး၊ လိုက်ပို့ရုံပဲ ပို့ပေးမှာ" လို့ ကြိုတင်ကျားကန်ကာလိုက်လာခဲ့တဲ့ ကျွန်တော်က ဈေးနဲ့ခပ်လှမ်းလှမ်းတစ်နေရာမှာပဲ ကားကိုရပ်ကာ ကားထဲမှာပဲ မှန်တွေကို အလုံပိတ်ပြီး နားမှာနားကြပ်တပ်ကာ သီချင်းနားထောင်ရင်း ကျန်နေခဲ့လိုက်တယ်။

အဲဒီလို သီချင်းနားထောင်နေရင်းနဲ့ သီချင်းလေးငါးပုဒ်လောက်အပြီးမှာတော့ ကားမှန်ကိုတစ်စုံတစ်ယောက်က လာခေါက်တာကြောင့် မေမေတို့ပြန်လာပြီလို့ပဲ အောက်မေ့လိုက်တဲ့ ကျွန်တော်က ကားတံခါးလော့ကိုဖြုတ်လိုက်ကာ ဖွင့်ပေးလိုက်ရင်း. . .

"ဈေးဝယ်တာကလည်း မြန်. . . အမလေး"

ကျွန်တော် စကားဆုံးအောင်တောင် မပြောလိုက်ရ။ ရုတ်တရက်တွေ့လိုက်ရတဲ့ လူကြောင့် တစ်ကိုယ်လုံးမှာရှိတဲ့ သွေးကြော





တွေ ဖျင်းခနဲဖြစ်သွားကာ ကြက်သီးတွေပါ တဖြန်းဖြန်းထရင်းလန့်သွားရတယ်။

"မြ. . . မြသွေး"

သူမက ကျွန်တော့်ကို ခပ်ဆွေးဆွေးလေးကြည့်နေရှာတယ်။ ပြီးတော့မှ. . .

"ကိုကို. . . ဘာလို့ မြသွေးကို အဆက်အသွယ်မလုပ်တော့တာလဲဟင်၊ ကိုကို မြသွေးကို မုန်းလိုက်ပြီလား. . . ဟုတ်လားဟင်၊ မြသွေးကို ပွင့်ပွင့်လင်းလင်းတော့ ပြောပါကိုကိုရယ်၊ မြသွေးမှာတော့ တစ်နေ့တစ်နေ့ ကိုကိုရောက်လာနိုးနဲ့ စောင့်နေမိတာ၊ ကိုကို မြသွေးကို စိတ်ပျက်သွားပြီလားဟင်"

ဘယ်လိုပြောရပါ့မလဲ။ ကျွန်တော်စကားလုံးရှာပေမယ့် ဘာစကားမှ ရုတ်တရက်ခေါင်းထဲက ထွက်မလာခဲ့။ ပြီးတော့ သူမရဲ့ခပ်ညှိုးညှိုးမျက်နှာလေးကို မြင်လိုက်ရတဲ့အခါမှာတော့. . .

"ကိုယ်. . . ခရီးလွန်နေလို့ပါမြသွေးရယ်"

ကဲ. . . ဘယ်လိုစိတ်ကူးနဲ့မှား အဲဒီစကားက ပါးစပ်ထဲက ခုန်ထွက်သွားရတာပါလိမ့်။ တကယ်ဆို ပြတ်ပြတ်သားသားစကားတစ်ခွန်းကို ပြောလိုက်သင့်တာမဟုတ်ဘူးလား။ ဒါပေမယ့်. . . ဒါပေမယ့် ကျွန်တော့်နှလုံးသားက သူမကို မစိမ်းကားနိုင်သေးတာ အံ့ဩစရာ။ ပြီးတော့ သူမနဲ့ကျွန်တော့်ကြားက ပြဿနာဆိုတာ

တလည်း ဘာမှဟုတ်တာမဟုတ်ခဲ့။ ကျွန်တော့်ဘက်ကသာ သူမလက်ချက်ကိုလန့်တာရော၊ သူမစရိုက်ကိုလန့်သွားတာရော ပေါင်းပြီး သူမကိုရှောင်နေခဲ့မိတာ။ ဒီအကြောင်းပြချက်က တကယ်ရော ပြတ်တောက်သင့်တဲ့ အကြောင်းပြချက်တစ်ခု ဟုတ်ပါရဲ့လား။

ကျွန်တော့်စကားဆုံးတော့ သူမမျက်နှာလေးက ဝင်းပသွားတာများ. . .

"တကယ်"

"အင်း. . . အင်း. . . တကယ်ပါ"

"ဒါဆို ကိုကိုက မြသွေးကို မမုန်းသေးဘူးပေါ့နော်၊ ဟုတ်လားဟင်. . . ကိုကို"

"ဒါ. . . ဒါပေါ့မြသွေးရဲ့၊ ကိုကိုက ဒီမနက်မှ ရန်ကုန်ပြန်ရောက်တာလေ၊ ဒီညနေပဲ မြသွေးကိုလာတွေ့တော့မလို့၊ ကြားထဲမှာ မဆက်သွယ်တာကလည်း မြသွေးကို ဘယ်ဖုန်းနဲ့ဆက်သွယ်ရမလဲမှ မသိတာ၊ ကိုယ့်ဖုန်းကိုကျတော့လည်း မြသွေးက မဆက်ဘူးလေ"

"ဩော်. . . ကိုကိုကလည်း၊ မြသွေးမှ ကိုကို့ဖုန်းနံပါတ်ကို မေးမထားမိတာလို့၊ ပြီးတော့ ကိုကိုဘယ်မှာနေတာလဲဆိုတာလည်း မြသွေးမသိဘူးလေ"

ဟုတ်သားပဲ။ သူမနဲ့ကျွန်တော် ဆုံကြလေတိုင်း သူမက ကျွန်တော့်အကြောင်းကို စိတ်ဝင်တစားစပ်စုဖို့ထက် သူမပတ်ဝန်း





ကျင်မှာရှိတဲ့ လူတွေရဲ့အတင်းတွေကိုပဲ အားကြိုးမာန်တက် တုပ်နေခဲ့တာမဟုတ်ပါလား။

"မြသွေးက ကြက်သားရောင်းရင်းကနေ ဓါးကမပြတ်လို့ ဒီနားက ကြက်သားသည် အသိတစ်ယောက်ဆီကို ဓါးသွားငှားလာတာကိုကိုရဲ့၊ ဒီမှာလေကြည့်ပါ့လား"

သူမက ဘယ်လောက်တောင်သွေးထားတယ်မသိတဲ့ အရောင်တလက်လက်ဓါးကြီးကို ထောင်ပြတော့ ကျွန်တော်တွန့်ခနဲဖြစ်သွားတယ်။ ဘုရားဘုရား. . . ကိုယ်က သူမလက်ထဲက ဓါးကိုအစကမမြင်မိဘူး။ တော်သေးလို့သာပေါ့။ စကားပြောမမှားလို့။ စကားပြောများ မှားသွားလို့ကတော့ မတွေးရဲစရာ။

"အဲဒါ ကိုကို့ကားကို မြင်လိုက်လို့၊ ကိုကိုများလားဆိုပြီး လာကြည့်တာ၊ မြသွေးသွားတော့မယ်နော်၊ မြသွေးကို ကိုကို့ဖုန်းနံပါတ်ပေး၊ မြသွေးဆက်လိုက်မယ်၊ ကိုကိုလည်း မြသွေးဆီကိုလာခဲ့ဦးနော်၊ မြသွေးမျှော်နေမှာ"

ပြောရင်းလက်ဖဝါးလေးဖြန့်လာတော့ ကျွန်တော်က အဲဒီ လက်ဖဝါးလေးပေါ်မှာ ကျွန်တော့်ရဲ့ဖုန်းနံပါတ်ကို ဆော့ပင်တစ်ချောင်းနဲ့ ရေးပေးလိုက်တယ်။ သူမမျက်နှာလေးကပြုံးလို့. . .။ ကျွန်တော်ကရော. . . ပြုံးလိုက်မိသလား. . . မသေချာပါ။

မြသွေးနဲ့အတူ "valentine"ဆိုတဲ့ ကော်ဖီဆိုင်လေးမှာ ကော်ဖီသောက်နေတုန်းမှာပဲ ဆိုင်ထဲကိုဝင်လာတဲ့ ချီးဘူးကေနဲ့ ယဉ်ကျေးသူကို ဆိုင်ထဲဝင်လာတာတွေ့လိုက်ရတာကြောင့် ပျာသွားရတယ်။ ဟား. . . တွေ့လိုက်လို့ကတော့ သေပြီဆရာပဲ။ ဒါနဲ့. . .

"မြသွေး. . . ခဏ. . . ခဏလေးနော်၊ ကိုယ် သန့်စင်ခန်း ခဏသွားလိုက်ဦးမယ်"

ဆိုပြီး သန့်စင်ခန်းထဲကို ခပ်မြန်မြန်ပြေးဝင်လာခဲ့လိုက်ရတယ်။ပြီးမှအထဲက ဘေစင်နားမှာ အကြံအိုက်စွာ ရပ်နေမိတယ်။ နောက် ဟိုလျှောက်ဒီလျှောက်နဲ့ အချိန်ခဏသောက်ဖြုန်းလိုက်တယ်။ ဆယ်မိနစ်လောက်ကြာတော့မှ သန့်စင်ခန်းထဲကနေ ထွက်လာကာ အကွယ်တစ်ခုကနေ ဆိုင်ထဲကို တစ်ချက်ချောင်းမြောင်းလိုက်မိတယ်။

"အား. . . သေတော့မှာပဲ"





ယဉ်ကျေးက မြသွေးနဲ့ တစ်ဝိုင်းကျော်မှာပဲ ထိုင်နေတာ။ မြသွေးကလည်း နာရီကိုကြည့်လိုက် ဆိုင်ထဲကိုဝေ့ဝဲကြည့်လိုက်နဲ့ ကျွန်တော့်ကိုရှာနေတဲ့ပုံပါပဲ။ ယဉ်ကျေးကလည်း အေးအေးလူလူပဲ ထိုင်နေတာဆိုတော့ တော်တော်နဲ့ထပြန်ဦးမယ့်ပုံမပေါ်ပါ။ အကွယ်မှာမှီရပ်ရင်းကနေ ထွက်ပေါက်ကိုရှာနေမိတယ်။

ထွက်ပေါက်. . . ထွက်ပေါက်ဆိုမှ ဒီဆိုင်ရဲ့နောက်ဖေးပေါက်ကို ကျွန်တော်သွားပြီးသတိရတယ်။ ဟုတ်သားပဲ၊ ဘာလို့များ အဲဒါကိုမေ့နေရတာပါလိမ့်။ နောက်ဖေးပေါက်က ကောင်တာရဲ့ ဟိုဘက်ထိပ်မှာ။ ကျွန်တော်ရှိနေတာက ကောင်တာရဲ့ ဒီဘက်ထိပ်. . .။ ကောင်တာကိုတော့ ဖြတ်ရမှာပဲ။ ခပ်တည်တည်နဲ့ ဟိုနှစ်ယောက် အလစ်မှာ မြန်မြန်ပြေးရမယ်။

ဒါနဲ့ နောက်ဖေးပေါက်ကနေလစ်ပြေးဖို့ နောက်ဖေးပေါက်ရှိရာကိုသွားဖို့အလုပ်မှာတင်ပဲ . . .

"အောင်မငိုး. . ."

သွားမယ့်ခြေလှမ်းတွေတုန့်ပြီး တကယ်လုံးတုန်တက်သွားကာ ခန္ဓာကိုယ်မှာရှိတဲ့ အကျောတွေအကုန်လုံး တဖျင်းဖျင်းမြည်သွားကာ ကြက်သီးတွေပါထသွားရတယ်။

ကောင်တာရဲ့ ဟိုဘက်ထိပ်နားက စားပွဲမှာထိုင်ကာ ဘေးလွယ် အိတ်အကြီးကြီးထဲကနေ ဘာကိုမှန်းမသိမွှေနှောက်ရှာနေတာက ကျွန်တော့်ရဲ့ အလန်းဇယားမလေး ချစ်ချစ်ကျော်ဇော

ရယ်ပေါ့။ ဒုက္ခပါပဲ။ အဝင်ရော အထွက်ရောက ပိတ်နေပြီ။ ဘယ်လို လုပ်ရပါ့မလဲ။ ဒီနေ့မှ ဒီဆိုင်ကိုချည်းဘာလို့များ အားလုံးက တစ်ချိန်တည်းလာဆုံမိနေကြပါလိမ့်။ ချိန်းထားရင်တောင် လွဲဦးမယ်။

အကွယ်မှာရပ်ကာ တစ်ယောက်တည်းချွေးပြန်နေတုန်း မှာပဲ. .

"ဘာကူညီပေးရမလဲ အစ်ကို"

ကြည့်လိုက်တော့ စားပွဲထိုးကောင်လေးတစ်ယောက်။ ကျွန်တော့်အကြည့်က ကောင်ကလေးရဲ့ ဝတ်စုံဆီကိုရောက်သွား ရတယ်။ ပြီးတော့ဒီဆိုင်က ဝန်ထမ်းတွေအားလုံးက စားဖိုမှူးတွေ ဆောင်းတဲ့ ဦးထုပ်ပုံစံမျိုး ဦးထုပ်လုံးလုံးလေးတွေကို အားလုံး ဆောင်းထားကြတာလေ။ ခေါင်းထဲမှာလင်းခနဲ။

ဒါနဲ့ စားပွဲထိုးကောင်လေးကို နောက်ထဲဘက်အသာလက် တို့ခေါ်သွားကာ အကျိုးအကြောင်းပြောပြပြီး အကူအညီတောင်းရ တယ်။ မျက်နှာတော့ ပူတာပေါ့။ ဒါပေမယ့် ယောကျ်ားချင်းဆိုတော့ စည်းလုံးပါတယ်။

"ဒါဆို. . . ခဏလေးနော်အစ်ကို၊ ကျွန်တော့်မှာ စားပွဲထိုး ဝတ်စုံအပိုတစ်စုံရှိတယ်၊ ကျွန်တော်သွားယူလိုက်ဦးမယ်"

ပြောပြီး ကောင်လေးက လှစ်ခနဲထွက်သွားတယ်။ သိပ်မ ကြာပါဘူး။ ဝတ်စုံတစ်စုံကိုယူပြီး ပြန်ရောက်လာတယ်။





"ရော့. . . အစ်ကို၊ အဲဒါဝတ်လိုက်"

"ကျေးဇူးညီ"

ဒီလိုနဲ့ ကောင်လေးယူလာပေးတဲ့ ဝတ်စုံကိုလဲဝတ်လိုက် ကာ ဦးထုပ်ကိုခပ်ငိုက်ငိုက်ဆောင်းလိုက်တယ်။ ပြီးတော့ ခပ်တည် တည်ပဲ လင်ပန်းလေးတစ်ချပ်ကိုကိုင်ကာ ထွက်လာခဲ့လိုက်တယ်။ လူမြင်ကွင်းရောက်တော့ သူမတို့ရှိတဲ့ဘက်ကို လင်ဗန်းလေးနဲ့ ကာကာ အသာလေးကျော်ဖြတ်လိုက်တယ်။ အဲဒီအထိတော့ အဆင် ပြေပြေပါပဲ။ ဒါပေမယ့် သူမတို့ကို ကျော်လာပြီးတော့မှ ဘယ်လို ကနေဘယ်လို ကိုယ့်ရှေ့မှာရောက်နေမှန်းမသိတဲ့ ခပ်ဝဝလူကြီး တစ်ယောက်ကို သွားတိုက်မိတော့တယ်။

"ဂွမ်. . လမ်. . . လမ်"

လက်ထဲမှာ မျက်နှာကို ကာပြီးကိုင်ထားတဲ့ လင်ပန်းကြီးက ကြမ်းပြင်ပေါ်ကို ပြုတ်ကျသွားတယ်။ ဒီအချိန်မှာပဲ ထွက်ပေါ်လာ တဲ့ အသံသုံးခုက. . .

"ကျွန်း"

"ကျွန်း"

"ကိုကို"

# ရာဇဝင်ခင်

ကျွန်တော့်စကားတွေအဆုံးမှာ သူမတို့သုံးယောက်က တိတ်ဆိတ်သွားကြတယ်။ ဘာစကားမှတော့ မပြောကြဘူး။ ကျွန်တော်ကတော့ ပြစ်မှုကျူးလွန်ထားတဲ့ တရားခံတစ်ယောက်က တရားသူကြီးတစ်ယောက်ရဲ့ စီရင်ချက်ကို စောင့်ဆိုင်းနေရသလိုပုံမျိုးနဲ့ သူမတို့ဆီက ထွက်လာမယ့်စကားသံကိုစောင့်နေမိတယ်။ ပထမဆုံးအသံထွက်လာတာက မြသွေးဆီက. . .။ ဒါပေမယ့် စကားသံတော့မဟုတ်။ သက်ပြင်းချသံခပ်ပြင်းပြင်းတစ်ခုပါ။ ပြီးတော့ ကျွန်တော့်ကိုတစ်ချက်ကြည့်ပြီး အကြည့်ကိုလွှဲသွားတယ်။

အဲဒီအချိန်မှာပဲ 'ချစ်ချစ်ဆီက "ကျွတ်" ခနဲရေရွတ်သံတစ်ခုက ထွက်လာပြန်တယ်။ သူမကလည်း ဘာစကားမှမပြော အဲဒီအသံတစ်သံပဲထွက်လာကာ သူမအတွေးနဲ့သူမ ပြန်ငြိမ်သွားပြန်တယ်။





ကျွန်တော့်အကြည့်က တရားမှတ်သလို တုပ်တုပ်မလှုပ်ငြိမ်သက်နေတဲ့ ယဉ်ကျေးဆီကို ရောက်သွားရတယ်။ သူမကလည်း တစ်ခုခုကို အသည်းအသန်စဉ်းစားနေဟန်ပါပဲ။

အဲဒီလိုနဲ့ လူလေးယောက်ရှိတဲ့ စကားဝိုင်းက အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်နေပြီး သက်ပြင်းချသံတွေကသာ ကြီးစိုးနေတော့တယ်။

ငါးမိနစ်. . . တိတ်ဆိတ်မြဲတိတ်ဆိတ်လျက်။

ဆယ်မိနစ်. . . ဘာသံမှထွက်မလာသေး။

ဆယ့်ငါးမိနစ်. . . ထိုနည်းလည်းကောင်း။

နာရီဝက်ကြာတဲ့အထိ သက်ပြင်းတဟင်းဟင်းကပဲ နေရာယူနေတုန်း။

ကြာတော့ ကျွန်တော် ထိုင်မနေချင်တော့ဘူး။ ဒါနဲ့ စားပွဲဝိုင်းကနေ ထလာခဲ့လိုက်တယ်။ ဘယ်သူကမှ မတား။ ကျွန်တော်ကလည်း ဘယ်သူ့ကိုမှ ဘာမှမပြောခဲ့။

နောက်ဘက်မှာတော့ သက်ပြင်းချတွေ ကျွတ်သပ်သံတွေက ပင်လယ်လှိုင်းလုံးတွေလို တဝုန်းဝုန်းရိုက်ခတ်ပြီး ကျန်ခဲ့တော့တယ်။ ကျွန်တော့်ရင်ထဲမှာကလည်း လေးလံလို့။

အိမ်ပြန်ရောက်ခါရှိသေးတယ်။ ကျွန်တော့်ဖုန်းက မြည်လာတာနဲ့ ကြည့်လိုက်တော့ ချစ်ချစ်ရဲ့ဖုန်း။

"ဟယ်လို"

ကျွန်တော်က ထူးလိုက်ပေမယ့် သူမဘက်က ထူးသံကတန်းထွက်မလာ။ အတော်ကြာတော့မှ. . .

"ကျွန်း. . . သေချာနားထောင်နော်၊ အခုဖုန်းဆက်တာက ကျွန်မရဲ့ဖုန်းနဲ့ဆိုပေမယ့် ကျွန်မရဲ့ဆန္ဒ တစ်ခုငါည်းနဲ့ ဆက်တာမဟုတ်ဘူး၊ ကျွန်မရယ်. . . မယဉ်ကျေးရယ်. . . မြသွေးရယ်၊ သုံးယောက်စလုံးရဲ့ စိတ်နဲ့ဆက်တာပါ"

သူမစကားကြောင့် ကျွန်တော့်ရင်တွေ တဒိန်းဒိန်းအခုန်မြန်လာပြန်တယ်။ ကျွန်တော်က ဘာမှမပြောတော့ သူမတဲစကားကိုဆက်ပြောတယ်။





"အခု ကျွန်မက ဖုန်းကိုစပီကာဖွင့်ပြောနေတာပါ၊ ကျွန်မတို့သုံးယောက်စလုံး ဒီဖုန်းဘေးမှာရှိတယ်၊ ကျွန်မပြောတာကို ကျွန်း သေချာနားထောင်နော်၊ ကျွန်မတို့သုံးယောက်စလုံး ပြဿနာကို အကျေအလည်ဆွေးနွေးပြီးသွားပြီ၊ ကျွန်းက ကျွန်မတို့သုံးယောက်စလုံးနဲ့ ချစ်သူတွေအဆင့်မှာ ရှိနေပေမယ့်လို့ ကျွန်မတို့သုံးယောက်စလုံးကို တစ်ပြိုင်တည်းထားခဲ့တာ မဟုတ်တဲ့အတွက် ကျွန်မတို့ သုံးယောက်စလုံးက ကျွန်းကိုခွင့်လွှတ်ပေးနိုင်ကြပါတယ်. . ."

ဘုရားသခင်. . . ကယ်တော်မူပါ။ သုံးယောက်စလုံးက ခွင့်လွှတ်တယ်ဆိုပဲလား။

"ဒါပေမယ့် သုံးယောက်စလုံးကိုတော့ တွဲနေလို့မရဘူးကျွန်း၊ ကျွန်းဘက်က တစ်ယောက်ယောက်ကိုပဲ ပြတ်ပြတ်သားသားရွေးချယ်ရလိမ့်မယ်၊အဲဒီတော့ ကျွန်းဘက်က ကျွန်းအချစ်ဆုံးလူတစ်ယောက်ကို ပြတ်ပြတ်သားသား ရွေးပါ၊ ကျန်နေခဲ့တဲ့သူနှစ်ယောက်ကလည်း ကျေကျေနပ်နပ် နောက်ဆုတ်ပေးမှာပါကျွန်း"

ကျွန်တော် သူမစကားတွေကို နားထောင်ရင်း မတ်တပ်ရပ်နေရာကနေ ဒူးတွေမခိုင်တော့တဲ့အတွက် ခုတင်ပေါ်ကို ထိုင်ချလိုက်ရတယ်။

"မနက်ဖြန်မနက် ဆယ်နာရီတိတိအချိန်မှာ ကျွန်မတို့သုံး

ယောက်က နေရာသုံးခုမှာ အသီးသီး ရှင့်ကိုစောင့်နေကြမယ်ကျွန်း၊ ကျွန်းက ကျွန်းရွေးချယ်လိုက်တဲ့ သူဆီကိုပဲရောက်လာခဲ့ပေးပါ၊ ကျွန်မတို့က ရှင့်ကို ဆယ်နာရီခွဲတဲ့အထိ နာရီဝက်တိတိပဲစောင့်ပေးမှာနော်၊ ဆယ်နာရီခွဲလို့မှ ကျွန်းရောက်မလာရင် ကျွန်မတို့ပြန်မှာ၊ ရှင် . . . ဒီညသေချာစဉ်းစားပြီးရွေးထားပေါ့"

တစ်ဖက်က အသံတိတ်သွားတယ်။ ကျွန်တော်ကိုယ်တိုင်လည်း သူမတို့လုပ်ရပ်အတွက် ရင်ခုန်တိတ်ဆိတ်ကာ ကိုယ့်အသက်ရှူသံကို ကိုယ်ပြန်ကြားနေရတယ်။

ပထမဆုံးထွက်လာတာက ချစ်ချစ်အသံ။

"ကျွန်မက စိမ်းလန်းစိုပြည်က Zephyr မှာစောင့်နေမယ်ကျွန်း"

တစ်ဖက်က အသံက ခဏတိတ်သွားပြန်တယ်။ ပြီးမှ သက်ပြင်းချသံသဲ့သဲ့နဲ့အတူ . . .

"ယဉ်ကျေးကတော့ ရွှေတိဂုံဘုရား တောင်ဘက်မုခ် လှေကားအခြေမှာ စောင့်နေမယ်ကျွန်း"

တစ်ဖက်က တိတ်သွားပြန်တယ်။ နောက်ဆုံးကျန်နေတဲ့ တစ်ယောက်က မြသွေး။

"မြသွေးကတော့ . . . အခုထိုင်နေတဲ့ valentine ဆိုင်မှာပဲ လာစောင့်နေမယ်နော် ကိုကို"





တဲ့။ မြသွေးအသံလည်းဆုံးရော ဖုန်းက ချသွားတော့တယ်။ ကျွန်တော် ခုတင်ပေါ်ကို ပက်လက်လှန်ချလိုက်မိတယ်။ ခေါင်းထဲမှာကလည်း သူမတို့သုံးယောက်ရဲ့ အသံတွေနဲ့ ချာချာလည်တာမူးနောက်လာတယ်။

ကျွန်တော် ဘယ်သူ့ကိုရွေးရပါ့မလဲ။ ဘယ်သူ့ကို ပိုချစ်ခဲ့ပါသလဲ။ ယဉ်ကျေးသူကိုလား၊ မြသွေးချိုကိုလား၊ ချစ်ချစ်ကျော်ဇောကိုလား။ ကျွန်တော့်နှလုံးသားက ဘယ်သူ့ဘက်ကိုများပိုပြီး အလေးသာနေခဲ့တာပါလဲ။

ကျွန်တော်မသိဘူး။ မဆုံးဖြတ်တတ်ဘူး။ သေချာတာတော့ ကျွန်တော် သုံးယောက်စလုံးကို စစ်မှန်သောချစ်ခြင်းနဲ့ ချစ်ခဲ့တာပင်။ မြားနတ်မောင်ရဲ့ ကျီစားအနှောက်သန်မှုကြောင့်သာ အခုလိုတွေ ရှုပ်ကုန်ရတာ။

သုံးယောက်စလုံးကို ကျွန်တော်ချစ်တယ် . . . သုံးယောက်စလုံးကလည်း ကျွန်တော့်ကို ချစ်တယ် . . . သုံးယောက်စလုံးကို ယူလို့မရဘူးလားလောကကြီးရယ် . . . လို့ပဲ အော်ဟစ်လိုက်ချင်ပါတော့တယ်။

လက်ကနာရီကို ကြည့်လိုက်တော့ မနက်ရှစ်နာရီ။ ညက လည်း တစ်ညလုံး အိပ်မပျော်ဘဲ လူးလှိမ့်နေခဲ့မိတာဆိုတော့ ခေါင်းက သိပ်မကြည်ချင်။ ဒါတောင်အခုထိ ကျွန်တော် ဘယ်သူ့ကို ရွေးချယ်ရမှန်းမသိသေး။ သေချာတာကတော့ ကျွန်တော့် ဘယ်သူ့ကိုမှ ကျွန်တော့်ရဲ့ ရွေးချယ်လိုက်မှုကြောင့် မနာကျင်စေချင်တာ အမှန်။

ဒီတော့ ကျွန်တော်က ကိုယ်တိုင်ဆုံးဖြတ်ချက်မချဘဲ ကံကြမ္မာကိုပဲ ဆုံးဖြတ်ခိုင်းဖို့ ဆုံးဖြတ်လိုက်တယ်။ အဲဒီကံကြမ္မာဆိုရာမှာလည်း ကျွန်တော်ကိုယ်တိုင် ရွေးချယ်ဖန်တီးလိုက်တဲ့ ကံကြမ္မာမဖြစ်စေရ။

ဒါနဲ့ကျွန်တော်က မဲလိပ်သုံးလိပ်မှာ သူမတို့ရဲ့နာမည်သုံးခုကို ချရေးလိုက်ကာ ပြန်လိပ်ပြီး ကျွန်တော်ဆောင်းမယ့် ဦးထုပ်ထဲမှာ ထည့်ကာမွှေနှောက်လိုက်တယ်။ ပြီးတော့မှ မီးဖိုချောင်ထဲမှာ အလုပ်ရှုပ်နေတဲ့ မေမေ့ဆီသွားပြီး မဲလိပ်တစ်လိပ်ကို ရွေးခိုင်းလိုက်တယ်။

"ဘာမဲလိပ်တွေတုန်းသားရဲ့"

"သားဘဝသုံးခုပါမေမေ"

ကျွန်တော့်စကားအဆုံး မေမေက ပျက်မှောင်ကုပ်ကြည့်





တယ်။ ဒါပေပယ့် ဘာမှထပ်မပြောတော့ဘဲ အလုပ်လည်းရှုပ်နေတာဆိုတော့ ပြီးပြီးရောဆိုတဲ့သဘောနဲ့ မဲလိပ်တစ်လိပ်ကို နှိုက်ပေးတယ်။

ကျွန်တော်က မေမေနှိုက်ပေးတဲ့ မဲလိပ်ကိုယူလိုက်ပြီး ကျန်မဲလိပ်နှစ်လိပ်ကို အမှိုက်ပုံးထဲ ပစ်ထည့်လိုက်တယ်။ နောက်တော့အိမ်ရှေ့ထွက်လာခဲ့ကာ ကားပေါ်တက်ပြီး ကားစက်ကိုနှိုးလိုက်တယ်။

ပြီးမှ ကံတရားရဲ့အလိုအရ ကျွန်တော်ဘယ်ကိုသွားရမလဲဆိုတာကို သိဖို့အတွက် လက်ထဲမှာဆုပ်ကိုင်ထားတဲ့ မဲလိပ်လေးကို အသာဖွင့်ကြည့်လိုက်စဉ်မှာတော့. . . ။

ကျွန်တော့် နှလုံးသားက အပြင်းထန်ဆုံးသောအရှိန်နှုန်းနဲ့ ဒိန်းခနဲ တစ်ချက်ဆောင့်ခုန်သွားတော့တယ်။

ဘဝအမောများ ပြေပျောက်နိုင်ကြပါစေ...

ကြိုးစားလျက်...



ရာဇဝင်ကို
2:30 (pm)
7-7-2013
Sunday

yarzawinko@gmail.com




## "ပိုချစ်မိတဲ့ ငါ"

ဘာကိုမှ ငါမမက်မောပါဘူး
နင့်အပြုံးတွေပဲ အပိုင်လိုချင်ခဲ့တာပါ။

ဘာကိုမှ ငါအစွဲမကြီးပါဘူး
နင့်အသံလေးပဲ ကြားချင်ခဲ့တာပါ။

ဘာကိုမှ ငါလောဘမကြီးပါဘူး
နင့်အချစ်တွေပဲ အလိုကြီးခဲ့တာပါ။

ဟိုအရင်အတိတ်ကိုပြန်တွေးပြီးလည်း. . .
ယောကျ်ားတန်မဲ့ မငိုညည်းချင်တော့ပါဘူး။

ငါတို့နှစ်ဦးကြားပြောင်းလဲမှုကိုလည်း

နင့်အပြစ်လို့ မဆိုချင်တော့ပါဘူး။

ရှုံးနိမ့်ခဲ့ခြင်းဟာလည်း
ပိုချစ်မိတဲ့ ငါ့အမှားပဲထားလိုက်ပါတော့။

နင်ပျော်တယ်ဆိုတဲ့အတွက်. . .
ပြန်လာဖို့လည်း ခေါ်မထွက်တော့ပါဘူး
ခံစားချက်တွေ နင့်သီးလာတိုင်း
ဝါကျင့်ကျင့်ဒိုင်ယာရီစာအုပ်လေးကိုပဲ. . .
ငါပြန်လှန်ဖွင့်ဖတ်နေပါ့မယ်။ ။

**ရာဇဝင်ကို**



## လူငယ်စာရေးဆရာ ရာဇဝင်ကို၏
## ရေးသားထုတ်ဝေပြီး လုံးချင်းဝတ္ထုများ

၁။ ဒေင်ဥယျာဉ်ထဲက ပြဇာတ်(ဗီဒီယို)
၂။ ဗန်ဂိုးရဲ့နေကြာခင်းထဲမှာ ပျောက်ဆုံးသွားသောခန္ဓာကိုယ်တစ်ခြမ်း(ဗီဒီယို)
၃။ ရည်းစားတစ်ခုလပ်များ
၄။ ငါ့အသည်းပေါ်မှာခြေစုံရပ်ပြီး ရည်းစားလာဂါထာရွတ်နေတဲ့
ကောင်မလေး(ဗီဒီယို)
၅။ အရှေ့တောင်အာရှရဲ့ အချစ်တတ်ဆုံးယောက်ျား(ဗီဒီယို)
၆။ အနမ်းတွေပူဆာမလို့(ဗီဒီယို)
၇။ ယခုနှစ်တွင်ရာသီဥတုကောင်းမွန်သောကြောင့်
အချစ်များထွက်နှုန်းတိုး၏(ဗီဒီယို)
၈။ အချစ်ရှိရာအရပ်သို့ မျက်နှာမူ၍စပ်သောကဗျာ(ဗီဒီယို)
၉။ ဂန်းနမ်းစတိုင်လ်(ဗီဒီယို)
၁၀။ နင်ရယ် ငါရယ် လူကြမ်းတွေရယ်(ဗီဒီယို)

**ယခုလ. . .**

၁၁။ ကျွန်တော်နှင့် နှစ်ဆယ့်တစ်ရာစုမိန်းမပျိုများ

**ဆက်လက်၍. . .**

၁၂။ ဝေလာ်လီပေါ်





တံခွန်တိုင်စာပေ

လူငယ်စာရေးဆရာ

# ရာဇဝင်ကို

မိတ်ဆက်





တံခွန်တိုင်စာပေ





# ရာဇဝင်ကို

# လော်လီပေါ့





အချစ်ဟာ

လော်လီပေါ့ပ်လေး တစ်ခုပမာ

မက်မက်မောမော စားသုံးနေတုန်းမှာ

လုံးပါးပါးပြီး ကုန်သွားတဲ့အရာ ................

ဖခင်ရဲ့ရာထူးတိုးအပြောင်းအရွှေ့ကြောင့် ရန်ကုန်မှ မိတ္ထီလာမြို့သို့ မိသားစုလိုက်ပြောင်းရွှေ့လာသော ကောင်မလေးတစ်ယောက်။ သူမက ရန်ကုန်မှာသာ ကျောင်းတက်ချင်သူဖြစ်ပြီး မိတ္ထီလာမြို့မှာ ကျောင်းတက်ရတာကို စိတ်ပျက်နေတဲ့သူ။ လော်လီပေါ့ကို ပါးစပ်ထဲမှာ မပြတ်ငုံထားပြီး ဆတ်ဆတ်ထိမခံတဲ့ ခပ်သွက်သွက် ကောင်မလေးတစ်ယောက်. . .

. . . . . . . နာမည်ကလား. . . . . . .

--- [illegible] ---



သူကတော့ မိတ္ထီလာသားပါ။ ဒါပေမယ့် သူရင်ခုန်နေမိတဲ့ကောင်မလေးက မလှိုင်မြို့က ကောင်မလေးတစ်ယောက်။ ဒါပေမယ့် အဲဒီကောင်မလေးက သူ့ဆိုရင် လုံးဝကြည့်လို့မရ ။ သူက ဒီတီကြီး တကားကားနဲ့ ကျောင်းထဲမှာ ပေါ်ပြူလာလည်းဖြစ်သေးရဲ့. . . . . . . . . .

. . . . . . . . သူလား. . . . . .

--- [illegible] ---

ဒီကောင်မလေးကတော့ မလှိုင်မြို့ကနေ မိတ္ထီလာ တက္ကသိုလ်မှာ ကျောင်းလာတက်နေတာပါ။ သူမ မှာက တိတ်တိတ်ကလေး တစ်ဖက်သတ်ရင်ခုန် နေတဲ့ တစ်မြို့သား "လက်ရုံးကျော်"ဆိုတဲ့ကောင် လေးတစ်ယောက်ရှိတယ်။ ဒါပေမယ့် သူမ မျှော် လင့်နေရသူက သူမရဲ့ခံစားချက်တွေကို မသိကျိုး ကျွန်ပြုနေပြီး သူမ လုံးဝကိုကြည့်မရတဲ့ မိတ္ထီ လာသား "ရွှေနန်းတင်" ကပဲ သူမကို တောက်တဲ့ တစ်ကောင်လို လိုက်ကပ်နေတဲ့အခါ. . .

တဖန်

သူမသဘောကျနေတဲ့ လက်ရုံးကျော်က ရန်ကုန်သူ ဘရဏီသာအေးဆိုတဲ့ တစ်ယောက်ကို မှ ရင်ခုန်နေတယ်ဆိုတာကို သိလိုက်ရတဲ့အခါ. . .

သူမက မိတ္ထီလာတက္ကသိုလ်ကြီးတစ်ခုလုံး ပွက်လောရိုက်သွားစေမယ့် ကိစ္စတစ်ခုခုကို ဖန်တီး လိုက်ပါတယ်။

. . . . . . . . သူမနာမည်တော့. . . . . .



— မိုးသားပြာ —

အဲဒီလို လှုလေးယောက်ရယ်...

မိတ္ထီလာတက္ကသိုလ်ကြီးရယ်...

မိတ္ထီလာမြို့ရဲ့ အထင်ကရနေရာတွေရယ်...

Plate 1





တံခွန်တိုင်စာပေ၏ အမှတ်တရအစီအစဉ်



# ရာဇဝင်ကြို

နှင့်

အွန်လိုင်းပေါ်မှ သူ၏ ပရိသတ်များ...





ဟိုင်းအစ်ကို။ အစ်ကို့စာအုပ်တွေ ကျွန်တော်တို့ဆီမှာ အတုန်မထွက်ဘူး။ နောက်စာအုပ်တွေကျတော့ထွက်ပြီး "ဗန်ဂိုးရဲ့နေကြာခင်းထဲမှာ ပျောက်ဆုံးသွားတဲ့ ခန္ဓာကိုယ်တစ်ခြမ်း"တို့၊ "ငါ့အသည်းပေါ်မှာခြေစုံရပ်ပြီး ရည်းစားလာဂါထာရွတ်နေတဲ့ကောင်မလေး"တို့ဆို ဖတ်ချင်တာမရှိဘူးအစ်ကို။ "အရှေ့တောင်အာရှရဲ့အချစ်တတ်ဆုံးယောကျ်ား"ကတော့ ကြိုက်လွန်းလို့ အပိုင်တောင်ဝယ်သိမ်းထားတယ်။ အစ်ကို့ကိုတစ်ခုလောက်အကြံပေးချင်တယ်။ စာအုပ်တွေကို ထစ်လတစ်အုပ်ထုတ်ပါလား။ အစ်ကို့စာအုပ်တွေကို ငှားချင်တဲ့ ပရိသတ်တွေမှ အများကြီးပဲအစ်ကို၊ ကျွန်တော်လည်း အမြဲတမ်းအားပေးနေမှာပါ။ "ဂန်းနမ်းစတိုင်လ်"လည်း ဒီနေ့ဖတ်ပြီးပြီ၊ အရမ်းကောင်းပါတယ်။ နောက်ထွက်မယ့် "နင်ရယ် . . . ငါရယ် . . . လူကြမ်းတွေရယ်" ကလည်း အမြည်းနဲ့တင် အရမ်းဖတ်ချင်နေပြီ။ အမြန်ဆုံးထွက်အောင် ပြောပေးပါ စာအုပ်တိုက်ကို။ အရမ်းဖတ်ချင်လို့။ မြန်မြန်ထွက်ပါတော့ . . . ။

အောင်မြင်ပါစေနော်အစ်ကို။ ညီဆုတောင်းပေးပါတယ်။

fighterking525@gmail.com



ဟိုင်း . . .

နွေးက ဆရာ့ပရိသတ်ပါ။ "ဂန်းနမ်းစတိုင်လ်"ဖတ်ပြီးသွားပြီ။ အရေးအသားက အရမ်းမိုက်ပါတယ်။ ကိုရီးယားစကားလုံးလေးတွေပါ သုံးထားတယ်နော်။ နွေးတောင် ကိုရီးယားလို ကော်ဖီတစ်ခွက်ဘယ်လိုမှာရမလဲဆိုတာ သိသွားပြီ။ ဆရာ့ကျေးဇူးနဲ့ပေါ့လေ။ "ယခုနှစ်တွင်ရာသီဥတုကောင်းမွန်သောကြောင့် အချစ်များထွက်နှုန်းတိုး၏"ကိုလည်း ဖတ်ပြီးသွားပြီ။ အဲဒီစာအုပ်လည်း အရမ်းရယ်ရပါတယ်။ ဆရာ့စာအုပ်တွေက ဖတ်တော့ဖတ်ဖူးတယ်။ ဒါပေမယ့် ခေါင်းစဉ်တွေက အရမ်းရှည်တော့ မေ့မေ့သွားတယ်။ ဟို . . . ဗန်ဂိုးရဲ့ဘာဆိုလားပဲ။ အဲဒီစာအုပ်ကို အရင်စဖတ်ဖူးတာ။ အရမ်းကောင်းတာနဲ့ ကျန်တာတွေပါ ပြန်ရှာပြီးဖတ်ဖြစ်သွားတာပါ။ ဆရာ့အချစ်ဒဿနလေးတွေက လည်းမိုက်တယ်နော်။ ဂန်းနမ်းစတိုင်လ်ထဲက ဒဿနတွေဆို အရမ်းသဘောကျလို့ကူးထားမိတယ်။ ကြိုးစားနော်ဆရာ . . . အများပါသွားရင် လည်းတောင်းပန်ပါတယ်။ စာကရေးချင်လို့သာရေးလိုက်တာ။ ဖတ်ရအဆင်မပြေရင် ခွင့်လွှတ်ပါနော်။ ဆရာ ဒီထက်အောင်မြင်ပါစေ . . .

nwaynway503@gmail.com





မင်္ဂလာပါနော်ညီ . . .

ညီလို့ခေါ်လို့ စိတ်တော့မဆိုးဘူးမဟုတ်လား။ အစ်ကိုက ညီ့ထက် ငါးနှစ် ကြီးပါတယ်။ အစ်ကိုက ရှမ်း/တောင်မှာတာဝန်ကျနေတဲ့ ကျောင်းဆရာ တစ်ယောက်ပါ။ ညီစာအုပ်တွေကို ငါးအုပ်ဖတ်ဖူးတယ်။ "ယခုနှစ်တွင်ရာသီဥတု ကောင်းမွန်သောကြောင့် အချစ်များထွက်နှုန်းတိုး၏" ကိုစဖတ်ဖူးတာ။ အသက် နှစ်ဆယ့်သုံးနှစ်နဲ့ စာအရေးအသားက အရမ်းကောင်းတာပဲနော်။ အစကညီလေးစာအုပ်ကိုဖတ်ရင်း အသက်ခပ်ကြီးကြီး စာရေးဆရာတစ်ယောက် ဖြစ်လိမ့်မယ်ထင်တာ။ နောက်ဘက်က ချက်တင်ထိုင်တာလေးတွေကို ဖတ်မိမှ ငယ်ငယ်လေးမှန်းသိပြီး အံ့ဩသွားရတာ။ အကြိုက်ဆုံးကတော့ "အချစ်ရှိရာ အရပ်သို့မျက်နှာမူ၍စပ်သောကဗျာ"ပါ။ ဂျူနီယာကျော်ကြီးဆိုတဲ့ ယောက်ျား ဆန်ဆန်နာမည်နဲ့ သတင်းထောက်မလေးရဲ့ ကာရိုက်တာကို အရမ်းသဘောကျ မိတယ်။ ဇာတ်ကို လှည့်ကွက်လေးတွေ၊ ဟာသလေးတွေနဲ့ ခပ်သွက်သွက်သယ် သွားတာကလည်း လုံးဝဟာကွက်မရှိအောင် ကောင်းလွန်းပါတယ်ညီ။ ညီလေးဝတ္ထုတွေက စာဖတ်သူကို ဆွဲခေါ်သွားနိုင်တယ်။ မပျင်းရဘူး။ ခုနောက် ဆုံးထွက်တဲ့ "ဂန်းနမ်းစတိုင်လ်" ကတော့ ဟာသနည်းတယ်နော်။ ဒါပေမယ့် အချစ်ကိုဖွဲ့ပြသွားတာ မိုက်တယ်။ စကားလုံးတွေကလည်းမိုက်တယ်။ မန္တလေးကိုတောင် ပြေးသွားချင်စိတ်ပေါက်မိတယ်ညီရေ။ အစ်ကိုတို့ ကျောင်း ဆရာတွေရဲ့အကြောင်းကိုလည်း တစ်အုပ်လောက်ရေးပေးပါဦး။ ဒီထက်မက အောင်မြင်ပါစေနော်ညီ။

phonekhant222@gmail.com



ဟိုင်းဆရာ. . .

"ဂန်းနမ်းစတိုင်လ်" မိုက်တယ်ရှင့်။ နတ်ကတော်ကတဲ့အခန်းတွေနဲ့ 78 မှာအခြောက်နဲ့ ရန်ဖြစ်တဲ့အခန်းတွေ အရမ်းရယ်ရတယ်။ ဆိုင်ကယ်စီးတဲ့အခန်းတွေလည်း ရယ်ရတာပဲ။ ရန်ကုန်သားတွေက ဆိုင်ကယ်မစီးတတ်တာ တကယ်လားဟင် ဆရာ။ ဆရာရော ဆိုင်ကယ်စီးတတ်လား။ မစီးတတ်ရင် ချိုမီသင်ပေးမယ်နော်။ ပြည်ကိုလာခဲ့။ နောက်တာနော်ဆရာ။

နောက်ထွက်မယ့်စာအုပ်နာမည်ကလည်း အလန်းနော်။ "နှင်ရယ်. . . ငါရယ်. . . လူကြမ်းတွေရယ်" တဲ့။ နာမည်နဲ့တင် ဖျားသွားပြီဆရာရေ။ ဆရာက ဝတ္ထုနာမည်ပေးလည်း အရမ်းတော်တယ်နော်။ ဘယ်သူနဲ့မှ မတူအောင်ပေးတတ်တယ်။ ဒါပေမယ့် ဆရာ့စာအုပ်တွေက ဘာလို့ တစ်လတစ်အုပ်မထွက်တာလဲနော်။ ဖြစ်နိုင်ရင် တစ်လနှစ်အုပ်လောက်ဖတ်ချင်တာ. . . ဟီးဟီး။ လာတုန်းကတော့ ဆရာနဲ့ချက်တင်မှာ စကားတွေပြောမလို့ပဲ။ ဆရာက လိုင်းပေါ်မှာမရှိပော့ မေးလ်ပဲပို့ခဲ့လိုက်ပါတယ်။

ဘတ်ဆဲလ်လားတစ်ယောက်ဖြစ်ပါစေနော်ဆရာ။

ချိုမီမီ

chome380@gmail.com



မင်္ဂလာပါဆရာ. . .

"ယခုနှစ်တွင်ရာသီဥတုကောင်းမွန်သောကြောင့် အချစ်များထွက်နှုန်းတိုး၏" ဆိုတဲ့ စာအုပ်ကိုစပြောချင်လို့ပါ။ ဖတ်တုန်းကတော့ ကြွက်ညိုနဲ့ ကြွက်ဖြူနေရာမှာ ကျော်ရဲအောင်နဲ့ ခန့်စည်သူကိုမြင်ယောင်ပြီး ဖတ်ခဲ့မိတာ။ နှစ်ယောက်စလုံးက အရမ်းလည်း ဗရုတ်ကျတာကိုး။ ဒါပေမယ့် တကယ်တမ်းရိုက်တော့ လူမင်းနဲ့ ရာဇာနေဝင်းတို့ သရုပ်ဆောင်ထားတယ်လို့ ဂျာနယ်တွေမှာ ဖတ်လိုက်ရပါတယ်။ မင်းသမီးကတော့ ဘာမှမထူးခြားတော့ မပြောလိုတော့ပါဘူး။ ကျွန်တော်စိုးရိမ်မိတာက လူမင်းပါဆရာ။ သူက ရုပ်တည်ကြီးနဲ့ ဆိုတော့ ဆရာ့ဇာတ်ကောင်နေရာမှာ ထပ်တူကျအောင် သရုပ်ဆောင်နိုင်ပါ့မလားဆရာ။ ကျွန်တော်ကတော့ သိပ်မထင်ဘူး။ သူ့နေရာက ကိုကျော်ရဲအောင်နဲ့မှ လိုက်တာ။ ရာဇာနေဝင်းကတော့ အစထဲက ပေါတောတောဆိုတော့ လုပ်နိုင်မှာပါ။ နောက်ဆို ဆရာ့စာအုပ်တွေကို မလိုက်တဲ့မင်းသားတွေနဲ့ မရိုက်ပါစေနဲ့လား။ ကျွန်တော် ဆရာလုပ်တာမဟုတ်ဘူးနော်ဆရာ။ ဆရာဝတ္ထုတွေ ပျက်စီးသွားမှာ နှမြောလို့ပါ။ ပြီးတော့ ဆရာ့စာအုပ်တွေက စာအုပ်တိုင်းလိုလို ဗီဒီယိုရိုက်ရပြီးတော့ တစ်ကားမှလည်း ထွက်မလာသေးဘူးနော်။ အဲဒါဘာလို့ပါလဲဆရာ။ ဆရာအားရင် စာပြန်ပေးထားပါနော်။

"ဂန်းနမ်းစတိုင်လ်"လည်း မိုက်ပါတယ်။ ဟာသနည်းပေမယ့် စကားလုံးတွေအဆန်းတွေကြောင့် အရမ်းကြိုက်ပါတယ်ဆရာ။ ဆယ်အုပ်မြောက်စာအုပ်ကို စောင့်မျှော်လျက်. . .